မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၁၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၆ရက်၊ သောကြာနေ့။

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃၅/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)ပါ ပြဋ္ဌာန်းချက်အရ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်အား လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်းကြောင့် တာဝန်မှရပ်စဲလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ထစ်ချုန်းမိုး

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း လွှတ်တော်ကအတည်ပြု

နေပြည်တော် ဩဂုတ် ၁၅

ယနေ့ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို အစီအစဉ် (၁၀)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး သဝဏ်လွှာများနှင့် ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်း၊ သံတမန်ဆက်သွယ်မှုထူထောင်ရေးအတည်ပြုခြင်း၊ အဆိုများရုပ်သိမ်းခွင့်ပြုခြင်းနှင့် အစီရင်ခံစာ (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မှတ်တမ်းတင်ခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ်ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်းသည့် သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❁

မြန်မာ-တောင်ကိုရီးယား တက္ကသိုလ်များ နည်းပညာပူးပေါင်း

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ပညာရေးကဏ္ဍတွင်လည်း အပြန်အလှန် ပူးတွဲလုပ်ဆောင်မှုများ တဖြည်းဖြည်း တိုးမြှင့်ဆောင်ရွက်လာလျက်ရှိသည်။ ထိုသို့ ပညာရေးကဏ္ဍတွင် ပူးပေါင်းလုပ်ဆောင်လာမှုများအနက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့်တောင်ကိုရီးယားနိုင်ငံရှိတက္ကသိုလ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ဩဂုတ် ၁၅ ရက်က ဖိုရမ်တစ်ခု ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်ကို "Forum on Myanmar's Sustainable Development" ဟု အမည်ပေးထားပြီး ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ သိပ္ပံအဆောက်အအုံတွင် ဖွင့်လှစ်ထားသော International Center for Excellence (ICOE) ရှိ ကွန်ဖရင့်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ တက္ကသိုလ်မှာ သင်ကြားနေတဲ့ အတတ်ပညာ နည်းပညာတွေဟာ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေကို ဘယ်လိုပံ့ပိုးကူညီပေးနိုင်မလဲဆိုတာနဲ့ မြန်မာနိုင်ငံတက္ကသိုလ်တွေရဲ့ နည်းပညာတွေ ဘယ်လိုဆိုတာ ကျွန်တော်တို့ လေ့လာနိုင်မှာဖြစ်ပြီး ပူးတွဲဆောင်ရွက်ပြီးတော့ အကူအညီတွေပေးနိုင်ပါလိမ့်မယ်" ဟု တောင်ကိုရီးယားနိုင်ငံမှ Korea Aerospace University မှ ပါမောက္ခ ဂျွန်ဆူပက်က ဖိုရမ်၌ ပြောကြားသည်။

ယခုကျင်းပသည့် ဖိုရမ်ကို International Center for Excellence နှင့် *စာမျက်နှာ ၈ ကော်လံ ၁* ✻

မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်း ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင် တောင်သူလယ်သမား ၁၂၇၇၈ ဦး အကျိုးသက်ရောက်မှု ပိုမိုရရှိလာမည်

➤ ပြင်ဦးလွင်ချစ်ဆွေ ➤

လင်းဇင်းရေလွှဲဆည်သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်းကျေးရွာအနီး စလင်းချောင်းပေါ်တွင် တည်ရှိသည်။ လင်းဇင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်ကို ၁၉၂၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် ပြီးစီးသဖြင့် သက်တမ်းအားဖြင့် နှစ် ၈၀ ကျော် ကြာမြင့်ပြီဖြစ်သည်။ ရေလွှဲဆည် အလျား ပေ ၇၅၀နှင့် အမြင့် ခုနစ်ပေရှိကာ ကွန်ကရစ်/ ကျောက်ပန်းရန် ဆည်အမျိုးအစားဖြစ်သည်။ ထို့အပြင် ရေလွှဲဆည်တွင် (ပေ ၆၀× ၇ ဒသမ ၅ပေ)အရွယ်ရှိ သဲထုတ်တံခါး *စာမျက်နှာ ၈ ကော်လံ ၅* ✻

ရေကြီးရေလျှံ ရေဘေးဒဏ်ခံရသော်လည်း ဆုံးရှုံးမှုအနည်းဆုံး ရှုန်းထနိုင်ခဲ့သော ကရင်ပြည်နယ်

စာမျက်နှာ ➤ ၁၃

ယနေ့ မာတိကာ

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ကွမ်တုန်ပြည်နယ် အနောက်တောင်ပိုင်းသို့ဝင် — စာမျက်နှာ ➤ ၄

အများပြည်သူ ထိတ်လန့်စေရန် မိုင်းပုံစံတူပြုလုပ်ထောင်ထားသည်ကို တွေ့ရှိ — စာမျက်နှာ ➤ ၅

အလှူ့ဒါန ပြုကြသူငါ ဓမ္မမြေ မြတ်မဟာ — ဆောင်းပါး စာမျက်နှာ ➤ ၆

အင်ဒီမာရေး တတိယ အကျော့တက် — စာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရှေ့သို့ကြီးစွာ တက်လှမ်းပါ

လူ့ဘဝတွင် ''ဖြစ်ပြန် ပျက်ပြန် လောကဓံ''ဆိုသည့်အတိုင်း နိမ့်တစ်ခါမြင့်တစ်လှည့် ရှိတတ်ပါသည်။ လူ့ဘဝသည် အမြဲတမ်းနိမ့်ကျ မနေနိုင်သလို အမြဲတမ်းလည်း အထက်တန်းကျကျ မျက်နှာပန်းလှမနေနိုင်ပါ။ အဆင်းရှိသလို အတက်လည်းရှိနိုင်ပါသည်။ ကောင်းသည့်အခါရှိသလို ဆိုးသောအခါလည်း ရှိနိုင်ပါသည်။

လူတိုင်းလူတိုင်းသည် ရံဖန်ရံခါအခက်အခဲ အကျပ်အတည်းလေးများ ကြုံတွေ့ရတတ်ပါသည်။ ထိုအခါ စိတ်ပျက်ခြင်း၊ အားလျှော့ခြင်း၊ ကြောက်ရွံ့နောက်ဆုတ်ခြင်းများ ပြုလုပ်တတ်ပါသည်။ စိတ်ပျက်အားလျှော့ခြင်းသည် ဘဝကို ကျရှုံးခြင်း၏ လမ်းစပင်ဖြစ်ပါသည်။ ဘဝကိုအရှုံးမပေးသင့်ပါ။ ဘဝကို ကြံ့ကြံ့ခံရင်း လောကဓံကို တွန်းလှန်နိုင်ရပါမည်။

တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးက သူ၏တရုတ်နိုင်ငံ ကြီးပွားတိုးတက်အောင် ဆောင်ရွက်ရာတွင် ရှေ့သို့ကြီးစွာ တက်လှမ်းပါဟူသော ဆောင်ပုဒ်ဖြင့် စီမံကိန်းတစ်ရပ်ချမှတ်ဆောင်ရွက်ခဲ့ဖူးလေသည်။ လူတိုင်းလူတိုင်း နောက်မဆုတ်တမ်း အလုပ်ကိုပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းထားသော ဆောင်ပုဒ်ပင်ဖြစ်၏။ မည်သို့သောအခက်အခဲရှိစေကာမူ စိတ်ပျက်အားလျှော့မနေဘဲ ပြီးမြောက်အောင်မြင်သည်အထိ ကြိုးစားအားထုတ်ကြရန် အသိပေးလိုက်ခြင်းပင်ဖြစ်၏။

မှန်ပါသည်။ အခက်အခဲတစ်ခုကြုံတိုင်း နောက်ဆုတ်သွားမည်ဆိုပါက မည်သည့်လုပ်ငန်းမျှ အောင်မြင်မှုမရနိုင်ပါ။ အကောင်းဆုံးသော နည်းလမ်းကိုရှာပြီး တက်လှမ်းနိုင်ရပါမည်။ တစ်လမ်းက ပိတ်ဆို့ထားလျှင် တစ်လမ်းက ဖောက်ထွက်သွားနိုင်ရပါမည်။ ဤနည်းဖြင့်မရလျှင် နောက်တစ်နည်းဖြင့် ရှာကြံလုပ်ကိုင်ရပါမည်။ မည်သည့်အခက်အခဲ အကျပ်အတည်းမဆို၊ မည်သည့် လုပ်ငန်းမဆို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ အသုံးချ ဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှုအတွက် အထွတ်အထိပ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

သို့ပါသောကြောင့် လူတိုင်းလူတိုင်းသည် ရှေ့သို့ကြီးစွာ တက်လှမ်းကြပါ။ စိတ်ဓာတ်ကျနေဖို့မလိုပါ။ သေးငယ်သော ပုဆိန် ဖြစ်လင့်ကစား ကြီးမားလှသောသစ်ပင်ကြီးများကို ခုတ်လှဲနိုင်ပါသည်။ မည်သည့်အရာမဆို ကြိမ်ဖန်များစွာ အားထုတ်လျှင် အဆုံး၌ရရှိနိုင်ပါသည်။ ကြိုးစားမှုသာ ပဓာနဖြစ်ပါသည်။ အမြဲတမ်း ကြိုးစားနေရပါမည်။ များများကြိုးစားရပါမည်။ ပြင်းပြင်းထန်ထန် ကြိုးစားနေရပါမည်။ ရှေ့သို့သာ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၁၅

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ – ဥရောပ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာ-အီးယူ ပါလီမန်များ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဥရောပပါလီမန်အမတ် Mr. Nirji Deva တို့သည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံကြပြီး ဥရောပစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ဥပဒေများ၊ အခွင့်အလမ်းများ၊ အလားအလာရှိသည့် ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းများနှင့် ဥရောပနိုင်ငံများသို့ မြန်မာထွက်ကုန်များ တင်ပို့ရေးအတွက် အထူးအခွင့်အရေး (GSP)ရရှိမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အကျိုးရှိအောင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးပွိုင့်တွင် ယာဉ်လမ်းအမှတ်အသားများ ပြုလုပ်ပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

တောင်ကြီးမြို့တွင် ယာဉ်မျိုးစုံ၊ ဆိုင်ကယ်၊ ထော်လာဂျီအပါအဝင်နှင့် လူအများသွားလာမှုများသော လမ်းကြောင်းများဖြစ်သည့် အရှေ့မြို့ပတ်လမ်း၊ အနောက်မြို့ပတ်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းများပေါ်တွင် ယာဉ်မျိုးစုံပြွန်းနေမှုမှ ကင်းဝေးရေး၊ လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ယာဉ်ထိန်းတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့များက အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် စည်းကမ်းပိုင်းဆိုင်ရာများ ပို့ချသကဲ့သို့ အရှိန်ထိန်း၊ အချိန်ထိန်း မီးပွိုင့်များလည်း တပ်ဆင်ပေးထားလျက်ရှိသည်။

မြို့လယ်မီးပွိုင့်များဖြစ်သည့် မြို့မဈေးပွိုင့်၊ ဘဏ်ပွိုင့်၊ ပန်းခြံပွိုင့်နှင့် ယဉ်ကျေးမှုပွိုင့်တို့တွင် လမ်းအမှတ်အသားများ၊ လူကူးမျဉ်းကျား(သို့မဟုတ်) လူကူးရန်သတ်မှတ်မျဉ်းဝါများ ရေးဆွဲထားသဖြင့် အဆင်ပြေသည်ဟု ပြောနိုင်သည်။ ဘာကြောင့် အဆင်ပြေသည်ဟုပြောရသလဲဆိုရင် အချို့ယာဉ်များသည် ရပ်မျဉ်း၊ လူကူးမျဉ်းများကို ကျော်ရပ်ခြင်း၊ မိမိယာဉ်သွားလိုသည့် မြားအတိုင်း မရပ်ခြင်းများရှိသလို အချို့သော လမ်းအသုံးပြုသူများကလည်း သတ်မှတ်နေရာမှမကူးဘဲ လမ်းအားလုံး၏အလယ်မှ ကူးကြသူများ ရှိခြင်းကြောင့်ပင် ဖြစ်သည်။

တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်းတွင် ထပ်မံ၍မီးပွိုင့်အသစ် သုံးခု တိုးချဲ့တပ်ဆင်ခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုရာရောက်မည်ထင်ပါသည်။

အဆင်မပြေ

သို့သော် အသစ်တပ်ဆင်ပေးထားသည့် မီးပွိုင့်များတွင် ယာဉ်ရပ်မျဉ်း မျဉ်းဖြူ၊ လူကူးရန်မျဉ်း မျဉ်းဝါ၊ ယာဉ်ကြောအချက်ပြ ဘယ်/ ညာ/ ရှေ့စသည်ဖြင့် မရှိရာ ယာဉ်များ၊ လူများ ကြုံသလိုသွားနေရသည့် အခြေအနေရှိပါသည်။ ဝါးပြားပွိုင့်တွင် ပိုဆိုးသည်က မီးပွိုင့်ယာဉ်ရပ်ရမည့်နေရာတွင် ယခုအချိန်ထိ မြို့ပတ်ဘတ်စ်ကားလိုင်း မှတ်တိုင်ရှိပြီး လူအတင်အချပြုလုပ်နေသဖြင့် အဆင်မပြေကြောင်း သိရပါသည်။

ဂင်းအပြင် ရံဖန်ရံခါ ပွိုင့်တာဝန်ကျ ရဲသားကြီးများက ယာဉ်ထိန်းအိမ်အတွင်း ဖုန်းပွတ်နေသဖြင့် ပြင်ပမှ ယာဉ်/လူအချို့၏ စည်းကမ်းဖောက်ဖျက်မှုများကို မမြင်တွေ့နိုင်တော့ပါသဖြင့် တပ်ဆင်ပေးထားသည့် CCTV ကို အားမကိုးဘဲ ပြင်ပသို့လည်း လေ့လာသင့်ပါသည်။

ဂင်းအပြင် မီးပွိုင့်အချို့တွင် အကုန်အကျခံ တပ်ဆင်ပေးထားသည့် အချိန်ပြ စနစ်များကို ပြန်လည်အကောင်အထည်ဖော်ပေးနိုင်ပါရန် တင်ပြလိုက်ရပါကြောင်း။

မောင်ကိုယ်ပွား(တောင်ကြီး)

အလွတ်သတင်းထောက်များ လျှောက်ထားနိုင်

မြန်မာ့အလင်းသတင်းစာတိုက်သို့ အမြို့မြို့အနယ်နယ်မှ ပေးပို့လျက်ရှိသော အချို့သတင်းများသည် အချက်အလက်များပြည့်စုံသကဲ့သို့ တင်ပြပုံလည်း ကောင်းမွန်ပါသည်။ သို့ရာတွင် သတင်းမှန်ကန်ခိုင်မာမှု ရှိ မရှိ အတည်ပြုနိုင်ရေး၊ သတင်းတာဝန်ယူမှုရှိရေးစသည်တို့အတွက် သတင်းထောက်များအဖြစ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သတင်းကောင်းများ စာမျက်နှာပေါ်တွင် ဖော်ပြနိုင်ရေးအတွက် မြန်မာ့အလင်းသတင်းစာ၏ အလွတ်သတင်းထောက်များအဖြစ် ဆက်သွယ်လျှောက်ထားပြီး သတင်းပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စာတည်းအဖွဲ့

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

ပြင်သစ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်မှ French Research Assistant Professor အားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဟောင်ကောင်တက္ကသိုလ်မှ French Research Assistant Professor Dr. Renaud Egreteau အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်အပြည်ပြည်ဆိုင်ရာလွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုအတွက် အာဆီယံနိုင်ငံများမှ အကူအညီများအပေါ် ကျေးဇူးတင်

ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၅

ထိုင်းနိုင်ငံ ဟွာဟင်းမြို့တွင် ဩဂုတ် ၁၃ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် အာဆီယံ-တရုတ်မဟာဗျူဟာမြောက် ဆက်ဆံရေး (၁၀)နှစ်မြောက် အထိမ်းအမှတ်ကို အနှစ်သာရရှိစွာ အကောင်အထည်ဖော်ရေး၊ အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက် အသစ်တစ်ရပ် ချမှတ်နိုင်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆူရာပုံ တိုဗီချက်ချိုင်းကူက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့်တရုတ်ဆက်ဆံရေးတိုးတက်ရေးအတွက် တရုတ်နိုင်ငံနှင့် ပိုမိုထိတွေ့ဆောင်ရွက်သွားရန်၊ တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ပေါ်ထွက်ရေးအတွက် အပြုသဘောတိုးတက်မှုရရှိသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ပြီး ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ ထမ်းဆောင်ရာတွင် ထားရှိမည့်ဦးတည်ချက်၊ ဦးစားပေးမှုများကို ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုအတွက် အာဆီယံနိုင်ငံများမှ စွမ်းရည်ထူထောင်မှုအတွက် အကူအညီများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုတွင် အာဆီယံနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုးလ်မြို့၌ ASEAN Food & Beverage Exhibition 2013 ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၅

အာဆီယံ-ကိုရီးယားစင်တာက ကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX အဆောက်အအုံ၌ နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ ASEAN Food & Beverage Exhibition 2013 ကို ကျင်းပမည်ဖြစ်ရာ အာဆီယံနိုင်ငံများမှ တစ်နိုင်ငံလျှင် ကုမ္ပဏီလုပ်ငန်းလေးခုစီကို ပါဝင်တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနသို့ ဖိတ်ကြားလာကြောင်း သိရှိရသည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကိုရီးယားသမ္မတနိုင်ငံဈေးကွက်တွင် အာဆီယံနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုရရှိနိုင်ရန်နှင့်ရရှိပြီးသားဈေးကွက်ကို ပိုမိုမြှင့်တင်နိုင်ရန်အပြင် အာဆီယံနိုင်ငံများမှ လုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းအသစ်များကို ဖော်ထုတ်နိုင်စေရန်ရည်ရွယ်ပြီး ပါဝင်ပြသနိုင်သည့် ပစ္စည်းများမှာ ဟင်းသီးဟင်းရွက်ခြောက်၊ သစ်သီးခြောက်များ၊ သစ်သီးအရည်၊ ကော်ဖီနှင့်လက်ဖက်၊ ဘီယာဝိုင်၊ အခွံမာသီး၊ တန်ဖိုးမြှင့်အအေးခဲထားသည့် ရေထွက်ပစ္စည်းများ ဖြစ်သည်။

စိတ်ဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း-၀၆၇-၄၀၈၂၉၈နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြပွဲဌာန ဖုန်း-၀၁-၂၁၄၃၄၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ပူးတွဲသံအမတ်ကြီးခန့်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် ဦးမောင်ဝေအား ပူးတွဲသံအမတ်ကြီးခန့်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာ ရိုဒရီဂို ကွီရူဘင် လွန်ဒိုနိုအားခန့်အပ်ရန် ကိုလံဘီယာနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ ရိုဒရီဂို ကွီရူဘင် လွန်ဒိုနိုသည် ၁၉၆၅ခုနှစ်တွင် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်ဖြင့် မဟာသိပ္ပံဘွဲ့ရရှိခဲ့ပြီး ကိုလံဘီယာနိုင်ငံ အင်ဒီးစ်တက္ကသိုလ်၌ ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ယနေ့အထိ မလေးရှားနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဒေါက်တာ ရိုဒရီဂို ကွီရူဘင် လွန်ဒိုနိုသည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တပေမြင့်မှ လူမျိုးတင့်မည်

၁၆-၈-၂၀၁၃ ရက်မှ စတင်၍ ... ပြသနေသော ဇာတ်ကားများ

သမ္မတ ဖုန်း-246962, 246963	အမိုက်စား	
ဖုန်း-372594, 09732339560	အမိုက်စား	
ဖုန်း-243857, 243858	အမိုက်စား	
TOP ROYAL	အမိုက်စား	
နေပြည်တော် ဖုန်း-251277, 251280	RED 2	Bruce Willis, John Malkovich, Helen Mirren, Anthony Hopkins, Catherine Zeta-Jones, Mary-Louise Parker, Byung-hun Lee 3D
ဖုန်း-262113, 388024	THE WOLVERINE 3D	Hugh Jackman, Tao Okamoto, Rila Fukushima, Hiroyuki Sanada 3D
	THE WOLVERINE 3D	Hugh Jackman, Tao Okamoto, Rila Fukushima, Hiroyuki Sanada 3D

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-10:00-12:00am 12,26 Aug
MontoThurs-1:00-3:00pm 12,26 Aug
Sat & Sun -9:00-12:00am 17Aug,7Sep
Mon to Thurs-5:00-7:00pm 19Aug,9Sep
Sat & Sun -12:30-3:30pm 24 Aug

Pre-Intermediate English
Mon to Thurs-1:00-3:00pm 19 Aug
Mon to Thurs-10:30-12:30am 26 Aug

Grammar Foundation Course
Mon to Thurs- 1:00-2:30pm 19 Aug
Sat & Sun -9:00-12:00am 24 Aug
Sat & Sun -4:00-7:00pm 31 Aug

Structure & Written Expression
Sat & Sun - 9:00-12:00am 17 Aug
Sat & Sun - 12:30-3:30pm 17 Aug
Mon to Thurs- 5:00-6:30pm 26 Aug

Basic Writing Course
Mon to Thurs- 3:00-5:00pm 5 Aug

Integrated Skills Level 1 (4 - Skills)
Mon to Thurs- 1:00-3:00pm 26 Aug

IELTS, IELTS (Speaking), SAT
API, AWC, IE, VEC

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. ☎ 243950

နိုင်ငံတကာသတင်း

ဂျပန်အနောက်ပိုင်း အပူလှိုင်းကျရောက်

အိုဆာကာ ဩဂုတ် ၁၅

ဂျပန်နိုင်ငံအနောက်ပိုင်း ကိုဘေးမြို့၌ လွန်ခဲ့သောနှစ်ရက်က အပူလှိုင်းကျရောက်ခဲ့ရာ အမျိုးသမီးနှစ်ဦး အပူလျှပ်ပြီးဖျားနာကာ သေဆုံးသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။ အသက် ၅၃ နှစ်အရွယ်ရှိ ညီမဖြစ်သူနှင့် အသက် ၅၆ နှစ်အရွယ် အစ်မဖြစ်သူတို့သည် နေအိမ်တစ်အိမ်အတွင်းအတူရှိနေစဉ် အပူလှိုင်းကျရောက်ပြီး သေဆုံးခဲ့ရသည်ဟု ဒေသဆိုင်ရာကယ်ဆယ်ရေးသမားများက ပြောသည်။ ဂျပန်နိုင်ငံအနောက်ပိုင်းဒေသများတွင် ဩဂုတ် ၁၃ ရက်အစောပိုင်းက အပူချိန် ၃၅ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်တက်ခဲ့သည်။ အချို့သော နေရာများတွင် အပူချိန် ၄၀ နှင့် ၄၁ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်တက်ခဲ့သည်။ **(ဆင်ဟွာ)**

ပါကစ္စတန်၌ ရေကြီး၍ ၉၃ ဦး သေဆုံး

ကရာချိ ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သေဆုံးသူ ၉၃ ဦးရှိပြီး အခြားထိခိုက်ဒဏ်ရာရရှိသူ ၉၄ ဦးရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပါကစ္စတန်အရှေ့ပိုင်း လာဟိုးမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးခဲ့သဖြင့် နေအိမ်ရာနှင့်ချီ၍ ပျက်စီးခဲ့သည်ဟုဆိုသည်။ လွန်ခဲ့သော နှစ်ပတ်အတွင်း ပါကစ္စတန်အရှေ့ပိုင်းဒေသများ မိုးသည်းထန်စွာရွာသွန်းမှုများအတွင်း ထိခိုက်ဒဏ်ရာရမှုအများအပြားရှိခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဩဂုတ် ၁၄ ရက်က ကွမ်တုန်ပြည်နယ် ယန်းဂျီယန်မြို့အတွင်း လေပြင်းဒဏ်ကြောင့် အမြစ်ကျွတ်လဲနေသော သစ်ပင်များကို တွေ့ရစဉ်။

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ကွမ်တုန်ပြည်နယ် အနောက်တောင်ပိုင်းသို့ဝင်

ပေကျင်း ဩဂုတ် ၁၅

နှစ်ပေါင်း ၆၀ အတွင်း အပြင်းထန်ဆုံး မုန်တိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်သော ယူတော်တိုင်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံကွမ်တုန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ရှီတို့မြို့သို့ ယမန်နေ့ နေ့လယ်ပိုင်းတွင် ဝင်ရောက်ခဲ့ရာ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လှိုင်းလုံးကြီးများ ရိုက်ခတ်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်းကျရောက်စဉ် မုန်တိုင်းဗဟိုချက်လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၄၂ မီတာနှင့်အထက် သို့မဟုတ် တစ်နာရီလျှင် ၁၅၁ ဒသမ ၂ ကီလိုမီတာနှုန်းအထိရှိကြောင်း ကွမ်တုန်ပြည်နယ် မိုးလေဝသတိုင်းတာရေးဌာနမှ ပြောကြားသည်။

ယမန်နေ့ နံနက်ပိုင်း လေထန်နေချိန်အတွင်း ပုလဲမြစ်ဝရှိ ဝမ်ရှန်ကျွန်းများအနီးတွင် ဟောင်ကောင်မှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသား ၂၀ ဦးစလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ကွမ်တုန်ရေကြောင်းရှာဖွေကယ်ဆယ်ရေးဗဟိုဌာနက ထုတ်ပြန်သည်။

(ဆင်ဟွာ)

အိန္ဒိယရေငုပ်သမားများက ပျက်စီးနစ်မြုပ်နေသော ရေငုပ်သင်္ဘော၏ ဝင်ပေါက်တစ်ခုကို ဖွင့်နေစဉ်။

(ဓာတ်ပုံ-ရိုက်တာ)

အိန္ဒိယရေငုပ်သင်္ဘောပေါ်ရှိ သင်္ဘောသား ၁၈ ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၁၅

ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားကာ မီးအကြီးအကျယ်လောင်ကျွမ်းခဲ့သည့် အိန္ဒိယရေငုပ်သင်္ဘောပေါ်ရှိသင်္ဘောသား ၁၈ ဦးစလုံး သေဆုံးသွားပြီဟု ယူဆကြောင်း ရေတပ်တာဝန်ရှိသူတစ်ဦးကပြောကြားလိုက်သည်။

အဆိုပါရေငုပ်သင်္ဘောမှာ ၂၀၁၀ ခုနှစ်ကလည်း အသက်ဆုံးရှုံးမှုရှိသော ပေါက်ကွဲပျက်စီးမှု တစ်ခုဖြစ်ပွားခဲ့ဖူးပြီး မကြာသေးမီကမှ ပြန်လည်၍ တပ်တော်ဝင်ခဲ့သော ရေယာဉ်ဖြစ်သည်။

မွမ်ဘိုင်းရေတပ်အခြေစိုက်စခန်းတွင် ဆိုက်ကပ်ထားသည့် ဒီဇယ်စွမ်းအင်သုံးရေငုပ်သင်္ဘော ယမန်နေ့နံနက်စောစောပိုင်းက ပြင်းထန်စွာ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာတွင် တစ်ဦးတစ်ယောက်မျှအသက်ရှင်ကျန်နိုင်ဖွယ်မရှိကြောင်း၊ ရေငုပ်သမားများ၏ရှာဖွေမှုတွင်လည်း အလောင်းတစ်လောင်းမျှရှာဖွေမတွေ့ရှိသေးကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

ရေတပ်စခန်း၏ အထက်ကောင်းကင်တစ်ခွင် လင်းထိန်နေအောင် ပေါက်ကွဲမှု ဖြစ်ပွားပြီးသည့်နောက် သင်္ဘောသားများနှင့် ဆက်သွယ်မှုမရတော့ကြောင်း တာဝန်ရှိသူများက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

ရေတပ် ရေငုပ်သမားများက ရေငုပ်သင်္ဘောသို့ ဝင်ပေါက်တစ်ခုကို ဖွင့်နိုင်ခဲ့သော်လည်းအတွင်း၌ ရွှံ့ရေများဖြင့် ပြည့်နှက်ကာ မည်းမှောင်နေခြင်းကြောင့် ဝင်၍မရသေးကြောင်းဖြင့်လည်း ၎င်းတို့ကပြောကြားသည်။

ယမန်နေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အိုင်အင်န်အက်စ် ဆင်းဟုရက်ရှက်ခ်မှာ ရုရှားနိုင်ငံလုပ် ၁၆ နှစ်သက်တမ်းရှိ ကီလိုအမျိုးအစားရေငုပ်သင်္ဘောဖြစ်ပြီး သင်္ဘော၏ ဘက်ထရီခန်းအတွင်း လျှပ်စစ်မီးပွားနှင့် ဟိုက်ဒရိုဂျင်ယိုစိမ့်မှု တို့ကြောင့် ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရခဲ့သော ဖြစ်စဉ်တစ်ခု ၂၀၁၀ ခုနှစ်အတွင်းကလည်း ဖြစ်ပွားခဲ့ဖူးသည်။ **(အေပီ)**

အီဂျစ်ပဋိပက္ခသေဆုံးသူ ၅၂၅ ဦး အထိရှိ

ကိုင်ရို ဩဂုတ် ၁၅

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဩဂုတ် ၁၄ ရက်က သပိတ်စခန်းနှစ်ခုကို ရဲတပ်ဖွဲ့က ဖြိုခွင်းစဉ် ရဲတပ်ဖွဲ့ဝင် ၄၃ ဦးအပါအဝင် အနည်းဆုံး ၅၂၅ ဦး သေဆုံးပြီး လူ ၂၀၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ယင်းသပိတ်စခန်းနှစ်ခု ရှင်းလင်းစဉ် လူပေါင်း ၂၀၀၀ ပစ်ခတ်ခံရပြီး ၁၀၀၀၀ ဒဏ်ရာရခဲ့ကြောင်း မွတ်စလင်ညီနောင်များ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ကိုင်ရိုမြို့ နာဆာစီးတီးအရပ် ရာဘားအယ်လ် အဒါဝီယာရင်ပြင်နှင့် ဂီဇာရှိ အယ်လ်နာဒါရင်ပြင်တို့၌ မော်စီထောက်ခံသူများက သပိတ်စခန်းများဖွင့်လှစ်၍ ဆန္ဒပြခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်နေ့အစောပိုင်းတွင် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘူဒိုဇာများဖြင့် အဆိုပါ သပိတ်စခန်းနှစ်ခုကို ဖယ်ရှားရှင်းလင်းခဲ့သည်။ ဇူလိုင် ၃ ရက်မှစပြီး သမ္မတမော်စီအား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် မော်စီထောက်ခံသူများက သပိတ်စခန်းများ ဖွင့်လှစ်ကာ ၄၅ ရက်မြောက်နေ့အထိ ဆန္ဒပြခဲ့ကြသည်။ စစ်တပ်က မျက်ရည်ယိုဗုံးများအသုံးပြု ဖြိုခွင်းတိုက်ခိုက်ခဲ့သည်။ နှစ်နာရီကြာ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်များက အယ်လ်နာဒါရင်ပြင်ကို ထိန်းချုပ်နိုင်ခဲ့သည်။

(ပရက်စ်တီဗွီ)

ဗင်နီဇွဲလားတွင် ဆံပင်သူခိုးဓားပြများ သောင်းကျန်းနေ

မာရာစီရာဘို ဩဂုတ် ၁၅

ဗင်နီဇွဲလားနိုင်ငံအတွင်း အမျိုးသမီးများ၏ ကေသာဆံပင်များကို ဖြတ်ညှပ်ခိုးယူခြင်းနှင့် ဓားပြတိုက်ဖြတ်ယူသွားခြင်းများ ကျူးလွန်ကြသော ဆံပင်ခိုးဂိုဏ်းကို ဖြိုခွင်းရန် သမ္မတနီကိုလပ်မာဒူရိုက ပြည်ထဲရေးဌာနသို့ အရေးတကြီးပန်ကြားလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဩဂုတ် ၁၅ ရက်က ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံတွင် ဆံပင်ဆက်ခြင်း၊ ဆံပင်တုပြုလုပ်ခြင်းများအတွက် ဖြူတီဆလွန်းများသို့ အမျိုးသမီးဆံကေသာများကို ခိုးဖြတ်ကာ ရောင်းစားကြသော ဆံပင်ခိုးသူများ သောင်းကျန်းနေပြီး ရံဖန်ရံခါ သေနတ်ပြ ဖြတ်ယူသွားခြင်းမျိုးပင် ဖြစ်ပွားနေသည်။

ထိုဆံကေသာသူခိုးဂိုဏ်းလှုပ်ရှားမှုများသည် တိုးသထက်တိုးလာဖွယ်ရှိကြောင်း၊ အထူးသဖြင့် ဒုတိယအကြီးဆုံးမြို့ မာရာစီရာဘိုတွင် ပိုမိုသောင်းကျန်းလျက်ရှိကြောင်း ဌာနေမီဒီယာတွင် သတင်းဖော်ပြသည်။

သမ္မတမာဒူရိုက စကားလုံးပြောင်ပြောင်သုံးကာ မိန်းကလေးများ၏ ဆံကေသာကို ဖြတ်ညှပ်ခြင်းမှာ မာဖီးယား (လူဆိုးလူမိုက်)များသာ ဖြစ်ကြောင်း ရှုတ်ချပြောဆိုသည်။

အစိုးရက ဆံကေသာသူခိုးဂိုဏ်းကို ဖမ်းနိုင်လိမ့်မည်ဟု သမ္မတမာဒူရိုက မြို့တော်ကာရာကပ်စ်တွင် ပြုလုပ်သော ဘူတာရုံဖွင့်ပွဲ၌ အာမခံပြောကြားသွားသည်။ သို့သော်လည်း ဗင်နီဇွဲလား အခြေစိုက် ဘီဘီစီသတင်းထောက် ပြောကြားချက်အရ အာဏာပိုင်များဆီသို့ တရားဝင်တိုင်ကြားခြင်းများ မရှိသေးဟု သိရသည်။

ဆံပင်ခိုးဖြတ် ခံလိုက်ရသော တစ်ဦးသော အမျိုးသမီးက ကျီစယ်စနောက်ခြင်းများကို မငံ့မရဲရှိသဖြင့် တိုင်ခြင်းတောခြင်းများ မလုပ်ခြင်းဖြစ်ကြောင်း ဘီဘီစီသို့ ပြောကြားသည်။

(ဘီဘီစီ)

အမျိုးသမီးဆံပင်များ ခိုးယူဓားပြတိုက် ဖြတ်တောက်ရောင်းစားသော ဂိုဏ်းကို နှိမ်နင်းရန် ပြည်ထဲရေးသို့ အရေးတကြီးပန်ကြားခဲ့သော ဗင်နီဇွဲလားသမ္မတ မာဒူရို။

(ဓာတ်ပုံ-ဘီဘီစီ)

တောင်ပြုံးမှာ စေတွဲသတင်းစာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်အောင်သူ(ရွှေမန်းမြေ)

နှစ်ပေါင်းရာကျော် ရိုးရာနတ်ကိုးကွယ်ယဉ်ကျေးမှုကိုဖော်ညွှန်းနေသည့် တောင်ပြုံးပွဲတော်မှာ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိပေသည်။ ဝါခေါင်လဆန်း ၁၁ ရက် တောင်ပြုံးမင်းနှစ်ပါး၏ ချိုးရေတော်မသုံးမီအချိန်ထိ မင်းနှစ်ပါးနန်းဆောင်မှ ဆိုင်းသံဗုံသံများ မကြားရမချင်း အခြားမည်သည့်နန်းများမှ ဆိုင်းသံဗုံသံမထွက်ရဟု အမှတ်အယူထားကြသည့်အတိုင်း ပွဲတော်ကြီးဖြစ်သော်လည်း ဆိုင်းသံဗုံသံတစ်ချက်မှမကြားရသည်က အလေးဂရုပြုစရာပင်ဖြစ်သည်။

ယနေ့ ဝါခေါင်လဆန်း၉ ရက်ထိ ရှစ်ခွင်ပတ်လည် တောင်ပြုံးတစ်ခွင်နှင့် ပွဲတော်ဈေးဆိုင်တန်းများတွင် တိတ်ဆိတ်ငြိမ်သက်နေသော်လည်း ပူဇော်သမှု ပြုကြမည့်သူများ၊ လာရောက်လေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိပေသည်။

အဆိုပါပွဲတော်လာ ပြည်သူများအား နေ့စဉ်ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်များ မပြတ်သိရှိနိုင်စေရန်နှင့် စာဖတ်ရှိန်တိုးတက်စေရန် ရည်ရွယ်၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အခမဲ့လက်ဝယ်အရောက် ဖြန့်ဝေပေးနေသည်ကို တွေ့မြင်ရပေသည်။ **(အပေါ်ပုံ)**

ဖြန့်ဝေပေးသည့် သတင်းစာများကို ဒေသခံပြည်သူများသာမက ကမ္ဘာလှည့်ခရီးသွားများကပါ ဝမ်းသာအားရဖတ်ရှုလေ့လာကြသည်ကို တွေ့မြင်ရသည်မှာ စာပေချစ်မြတ်နိုးမှုကို မှန်းဆနိုင်ပေသည်။ ပွဲတော်ကာလအတွင်း နေ့စဉ်ရက်ဆက်လာရောက်ဖြန့်ဝေပေးနိုင်ပါက ပိုကောင်းမည်ဟုလည်း အကြံပြု ပြောကြားသည်ကိုလည်း ကြားသိခဲ့ရသည်။

၎င်းတို့အနက် မာဃလုလင်(ပုသိမ်)ဘုရားဖူးအဖွဲ့မှ ဘုရားဖူးတစ်ဦးကလည်း "မြန်မာ့အလင်းသတင်းစာကို အိမ်မှာက လပေးမှာယူပြီး ဖတ်ပါတယ်။ အခုလိုဘုရားဖူးလာတဲ့အတွက် သတင်းစာနဲ့ လေးငါးရက်ကွဲကွာနေလို့ အခုလိုနေ့စဉ်ထုတ်သတင်းစာကို လာဝေတော့ ရေငတ်တုန်းရေတွင်းထဲကျ ဆိုသလို အများကြီးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မင်းနှစ်ပါး နန်းထိန်းသည့် ဒေါ်အောင်ကြည်ကလည်း "ပွဲတော်အကြောင်းကို သတင်းပါတဲ့ သတင်းစာဆိုရင်ပွဲတော်လာပရိသတ်တွေ အတွက်ပိုစိတ်ဝင်စားမှာ၊ မှန်မှန်ကန်ကန်တိတိကျကျ ဖြစ်ဖို့လည်း လိုပါတယ်" ဟု ၎င်းအမြင်ကိုပြောကြားသည်။

ပွဲတော်ဈေးတန်းမှာ အုန်း၊ ငှက်ပျောဆိုင်ခန်းဖွင့် ရောင်းချနေသည့် ဒေါ်မလေးကလည်း "တောင်ပြုံးမင်းနှစ်ပါး ပွဲတော်ကျင်းပခဲ့တဲ့ ကာလတစ်လျှောက်မှာ အခုလိုနေ့ချင်းထွက်တဲ့ သတင်းစာမဖတ်ရတာအတော်ကြာပါပြီ။ အခုလိုဖတ်ရတော့လည်း ဝမ်းသာပါတယ်။ ပွဲတော်တစ်လျှောက်လုံးဖတ်ရရင်တော့ ပိုကောင်းပါတယ်။ ပွဲကြီးပြီးလို့ ရွာပြန်ရောက်ရင် ဒီအကြောင်းကိုပြောရင်း ရွာကကလေးတွေ အပိုဝင်ငွေရအောင်လုပ်နိုင်တဲ့ ကြော်ငြာကိုလည်း ပြရဦးမယ်" ဟု သူ့အတွေး သူ့အမြင်ကို ရယ်ရယ်မောမောရှင်းပြသည်။

"သတင်းစာကို ဖတ်လေ့မရှိပါဘူး။အခုလာဝေလို့ ဖတ်ရတော့လည်း အကြောင်းအရာစုံလင်တာ တွေ့ရပါတယ်။ မုန့်ရောင်းပျက်မှာစိုးလို့ ဆိုင်သိမ်းချိန်မှ အသေအချာဖတ်ပါတော့မယ်။ အဓိကဖတ်ဖြစ်တာကတော့ အလုပ်အကိုင်တွေအကြောင်းပါ။ ဒါတွေအပြင် တခြားဗဟုသုတရမယ့် အကြောင်းတွေကိုလည်းဖတ်ပါတယ်" ဟု ကရေကရာ၊ အနှုဆုပ်နှင့် စလူမုန့်အရောင်းဆိုင်မှ မဝင်းမာက ပြောကြားသည်။

ပွဲတော်ဈေးတန်းတစ်လျှောက် နတ်ကရာ ကျီးမောဆိုသလို လှည့်လည် ကြည့်ရှုလေ့လာလိုက်တော့ ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုဖြင့် ခေါင်းချင်းဆိုင်သတင်းစာဖတ်နေကြသည်မှာလည်း မျက်နှာမလွှဲပင် တွေ့မြင်ရသည်။

ပြည်တွင်းသတင်း

ပြည်သူသို့ အသိပေးတင်ပြခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Thaicom 5 ဂြိုဟ်တုကို အသုံးပြု၍ တစ်နိုင်ငံလုံးရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများသို့ ရုပ်မြင်သံကြားအစီအစဉ်များ ပေးပို့ထုတ်လွှင့်ခဲ့ပါသည်။ Thaicom 5 ဂြိုဟ်တုသည် မကြာမီကာလတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ၎င်းနေရာတွင် Thaicom 6 ဂြိုဟ်တုအသစ်ကို လွှတ်တင်ထားပါသည်။ ယခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Digital Multichannel ဖြင့် ရုပ်သံလိုင်းငါးလိုင်းကို မကြာမီ ထုတ်လွှင့်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ Thaicom 5 ဂြိုဟ်တုအစား Thaicom 6 ဂြိုဟ်တုဖြင့် ပြောင်းလဲထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။Thaicom 6 ဂြိုဟ်တုကို ပြောင်းလဲအသုံးပြုခြင်းကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်နှင့် ဆက်စပ်ရုပ်သံလိုင်းများအတွက် လိုအပ်သော Satellite Bandwidth ကို တစ်ဆက်တည်းအသုံးပြုနိုင်မည်ဖြစ်ပါသည်။ ပြောင်းလဲအသုံးပြုသည့် Thaicom 6 ဂြိုဟ်တု၏ ဖမ်းယူရမည့် Parameter များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေပြည်တော် MRTV ရုပ်သံလိုင်းများအား ဖမ်းယူရမည့်Technical Parameter များမှာ-

Satellite Name	-	Thaicom-6A
Location	-	78.5°E
Down Link Frequency	-	3708 MHz
Symbol Rate	-	10,000 Ksps
FEC	-	2/3
Polarization	-	Horizontal

(ခ) ရန်ကုန် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ဖမ်းယူရမည့် Technical Parameter များမှာ-

Satellite Name	-	Thaicom-6A
Location	-	78.5°E
Down Link Frequency	-	3730.5 MHz
Symbol Rate	-	12,500 Ksps
FEC	-	7/8
Polarization	-	Horizontal

၂။ ယင်းသို့ ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Multichannel ထုတ်လွှင့်မှုကို တစ်နိုင်ငံလုံးသို့ အဆင့်လိုက် ထုတ်လွှင့်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ယခုအခါ တစ်နိုင်ငံလုံးရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများသည် Thaicom 6 ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူ၍ ရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်နေပြီဖြစ်ပြီး အများပြည်သူများအနေဖြင့် UHF/VHF Antenna များကို အသုံးပြု၍ မူလအတိုင်း ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

အများပြည်သူထိတ်လန့်စေရန် မိုင်းပုံစံတုပြုလုပ်ထောင်ထားသည်ကိုတွေ့ရှိ

ပြင်ဦးလွင် ဩဂုတ် ၁၅

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈)၊ သိင်္ဂီလမ်း၊ စစ်ကိုင်းလမ်းနှင့် ဟံသာဝတီလမ်းကြား (၈/၂၃) အိမ်ရှေ့မြက်ခင်းကြားတွင် လမ်းလျှောက်လာသူတစ်ဦးသည် မိုင်းဟုယူဆရသော အရာတစ်ခုကို တွေ့ရှိ၍ **(အောက်ပုံ)** ယနေ့နံနက် ၁၁ နာရီတွင် ရပ်ကွက်ကြီး(၈)ရုံးသို့ လာရောက်အကြောင်းကြားရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သွားရောက်ကြည့်ရှုပြီး သက်ဆိုင်ရာ အဖွဲ့သို့ ချက်ချင်းအကြောင်းကြားခဲ့သည်။

အဆိုပါနေရာသို့ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး သန်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတင်မြင့်၊ စခန်းမှူးကံလှိုင်နှင့်အဖွဲ့ ရောက်ရှိလာပြီး မိုင်းထောင်ထားသည်ဟုယူဆရသည့် နေရာကို သဲအိတ်၊ကားတာယာဟောင်းများနှင့် ပတ်လည်ချထားပြီး ပြည်သူများ၎င်းနေရာသို့ ဝင်ရောက်မလာနိုင်ရေး လမ်းများပိတ်ဆို့တားဆီးလျက် တပ်မတော်မိုင်းရှင်းလင်းရေးတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

အဆိုပါ နေရာကို တပ်မတော်မိုင်းရှင်းလင်းရေးတပ်ဖွဲ့က ကြည့်ရှုစစ်ဆေးရာ ရှစ်လက်မအရှည်၊ အချင်းတစ်လက်မ၊ လုံးပတ် သုံးလက်မရှိပြီး သစ်သားချောင်းသုံးချောင်းကို တိပ်အနက်ပလတ်စတာပတ်လျက် ဆော့ကဒ်နှစ်ခု၊ ဝိုင်ယာကြိုးသေးဖြူနှစ်ပင်၊ အဝါနှစ်ပင်၊ အပြာတစ်ပင်ပါရှိပြီး တကယ့်မိုင်းအစစ်အတိုင်း အတုပြုလုပ်၍ထားသည်ကို စစ်ဆေးတွေ့ရှိရပြီး အများပြည်သူအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းကို စစ်ဆေးရေးအဖွဲ့က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။ **(ဝ၃၂)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အလှူဒါန ပြုကြသူငါ ဓမ္မမြေမြတ်မဟာ

လှိုင်ဘွား(ပါရမီ)

ယမန်နေ့မှအဆက်

ထိုမျှမကသေး။ နိုင်ငံတော်သမ္မတကြီးက ဘုရားဖူးများ ဘုရားဖူးရုံသာမက တရားထူးကိုပါ ပွားများအားထုတ်နိုင်ရန် ပွင့်တော်မူရာ သတ္တဌာနမြင့်မြတ်မြေနှင့် လမ်းတစ်ဖက်ခြားတွင် တရားစခန်းတစ်ခုတည်ဆောက်ရန် လမ်းညွှန်ခဲ့ပြန်ရာ ယင်းနေရာရှိ မြေဧရိယာ ၁၂ ဒသမ ၃၅ဧကပေါ်တွင် တည်ထားခဲ့ပြီးဖြစ်သော သတ္တဌာနတရားစခန်းကို မြင်တွေ့ရပြန်သည်။ သေသပ်လှပသော အဆောက်အအုံများက အစီအရီနှင့် စနစ်ကျနလွန်းလှသည်။ ဤသတ္တဌာနတရားစခန်းတွင် လေးမျက်နှာဘုရားလေးဆူ၊ ကမ္မဋ္ဌာန်းကျောင်းဆောင် ၂၄ ခု၊ သာသနာ့ဗိမာန်၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်၊ ဆရာတော်ကျောင်းဆောင်၊ ဧည့်ရိပ်သာ၊ အမျိုးသားယောဂီဆောင်နှင့် အမျိုးသမီးယောဂီဆောင်တို့ကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံများနှင့် လိုက်ဖက်ညီစွာပင် အမိုးပါစကြ်ံလမ်းများ၊ လေအေးပေးစက်များ၊ ရေပူရေအေးစက်များ၊ ရေသန့်စက်များ၊ သန့်စင်ခန်းများ စီစဉ်ပေးထားသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကြို/ပို့အစီအစဉ်ကိုလည်း ဖြည့်ဆည်းပေးထားရာ ပြီးပြည့်စုံသော ဗိမာန်တစ်ခုအလား ထင်မှတ်မှားရတော့သည်။ ဤတရားစခန်းတွင် ယောဂီ ၄၀၀ ကျော် တရားအားထုတ်ကျင့်ကြံနိုင်ကြပြီး ဆိတ်ငြိမ်အေးချမ်းလှသော ပတ်ဝန်းကျင်တွင် နက်ရှိုင်းပြင်းပြသောအားထုတ်မှုကို ဆောင်ရွက်နိုင်ကြသည့်အတွက် မွေးပျံ့သောသတင်းကောင်းများလည်း အသိအမှတ်ပြု ပေါ်ထွန်းလျက်ရှိကြောင်း ကြားသိရပေသည်။

(၁၈ ဖွား) ဘုရားလောင်းတော် ဖွားမြင်တော်မူရာ နေရာ (နေပြည်တော်)

တိုင်းတာဆောင်ရွက်စေခဲ့သည်။ ယင်းဗိသုကာပညာရှင်များအဖွဲ့သည်လည်း ဘုရားရှင်၏မေတ္တာတော်ဖြင့်ပင် တိုင်းတာခြင်း၊ မြေပုံရေးဆွဲခြင်း၊ ဓာတ်ပုံမှတ်တမ်းရယူခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မူလသံဝေဇနိယလေးဌာနရှိ မြေပြင်အနေအထားနှင့် ဗိသုကာပုံစံတို့ကို ထပ်တူညီ ကူးယူခြင်းမဟုတ်ဘဲ အခြေခံလက္ခဏာများနှင့် အရပ်မျက်နှာညွှန်းရပ်တို့ကို အဓိကထားကာ မြန်မာ့မူဟန်ဖြင့်ဆောင်ရွက်ရန် စီမံခဲ့ကြရသည်။ အချို့ဗိသုကာလက်ရာများမှာ ခေတ်ကာလရွေ့လျောမှုအရ အခြားယဉ်ကျေးမှုတို့ ရောယှက်လာခဲ့သည်ကိုတွေ့ရပေရာ ဘုရားရှင်လက်ထက်တော်က ရှိနိုင်မည့်အနေအထားတို့ကို စာပေကျမ်းဂန်တို့မှ လေ့လာလျက်ဖြစ်တန်စွမ်းကို ဖော်ထုတ်ပြီး မြန်မာ့မူ မြန်မာ့ဟန်ဖြစ်စေရေး စီမံခဲ့ရပေသည်။

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာနေရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာတွင် မကြာမီကျင်းပမည့်အခမ်းအနားအတွက် တာဝန်ရှိသူတို့က အားကြိုးမာန်တက် ပြင်ဆင်ဆောင်ရွက်နေကြသည်ကို အားရဖွယ်ရာမြင်တွေ့ရသည်။ အတွေးထဲတွင်ပေါ်လာသည်ကတော့ "ဤနေရာတွင် သကျမုနိဗုဒ္ဓအလောင်းအလျာသည် မရေမတွက်နိုင်သော ဘဝပေါင်းများစွာကို မွေးဖွားလွန်မြောက်ခဲ့ပြီး နောက်ဆုံးဘဝအနေဖြင့် သကျသာကီဝင်တို့၏ဘုရင်၊ သုဒ္ဓေါဒနမင်းကြီး၏သားတော်အဖြစ် မယ်တော်မဟာမာယာ၏ဝမ်းကြာတိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော် မူခဲ့ပေသည်တကား" ဟူ၍ဖြစ်သည်။ စီမံဆောင်ရွက်သူများကလည်း ဤနေရာတွင် မယ်တော်မာယာအုတ်ကျောင်း၊ ဤနေရာကား မယ်တော်မာယာ ရေသန့်စင်ရာရေကန်၊ ဤနေရာ၌ အသောကကျောက်တိုင်၊ ဤနေရာတွင် ညောင်ပင် စသည်ဖြင့် အသီးသီး အသက အသက လျှာထားပေရာ ဤနေရာကွင်းပြင်၌ တည်ရှိလာမည့် မြင့်မြတ်သော အဆောက်အအုံတို့ကို အတွေးစိတ်ကူးဖြင့် မြင်ယောင်မိပြီး ကြည်နူးပီတိဖြစ်ရတော့သည်။

ထိုနည်းတူ ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာတွင်လည်း ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပြီး ယင်းနေရာတွင်မူ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူရာ ဓမ္မရာဇိကစေတီတော်၊ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်တရားတော် ဟောကြားတော်မူရာ ဓမ္မေခစေတီတော်၊ မြတ်စွာဘုရား၏ တရားဟောပလ္လင်တော်၊ မြတ်စွာဘုရားရှင်ဘုရားအဖြစ်ကိုရရှိတော်မူပြီးနောက် ပထမဦးဆုံး ဝါကပ်တော်မူသည့် နန္ဒိယကျောင်းတော်နှင့် အသောကကျောက်တိုင်တို့ကို တည်ထားပူဇော်မည်ဖြစ်သည်။ ဤမည်သော မိဂဒါဝုန်သဏ္ဌာန်တူအရပ်သည်ကား မူလမိဂဒါဝုန်ကဲ့သို့ပင် မြင့်မြတ်သော အရပ်ဌာနဖြစ်လာပေလိမ့်မည်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့သည် မိဂဒါဝုန်တွင် ဓမ္မစကြာတရားဦးကို ဟောကြားလေ့ရှိသည့်နည်းတူ ဂေါတမဘုရားရှင်သည်လည်း မိဂဒါဝုန်တွင် ဓမ္မစကြာတရားဦးဟောကာ ပဉ္စဝဂ္ဂီငါးဦးကို တရားထူးရစေပြီး ဗုဒ္ဓသာသနာကို စတင်ပေါက်ဖွားစေခဲ့ပေသည်။

ဤနေရာတို့သည်ကား တောရိပ်တောင်ရိပ်တို့ဖြင့် ဆိတ်ငြိမ်အေးချမ်းလွန်းလှသည်။ ဖွားတော်မူရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာဌာနများကို မော်တော်ယာဉ်ဖြင့် တစ်ဆက်တည်း လှည့်လည်ဖူးမြော်နိုင်ရန် လမ်းကြောင်းကို တည်ဆောက်ထားသည်။ ဤလမ်းသည်ပင် သဘာဝတောတောင်အရိပ်အာဝါသ၏ငြိမ်းချမ်းမှုသဘာဝကို မပျက်မယွင်းစေဘဲ အတက်အဆင်း၊ အနိမ့်အမြင့်၊ အကွေ့အကောက်လေးများဖြင့် ဖြစ်တည်နေပေရာ တည်ထားပြီးစီးတော့မည့်ကာလကို တွေးမြင်ကြည့်ကာ ကြည်နူးပီတိဖြစ်ရတော့သည်။

မိမိရောက်ခဲ့ချိန်ကာလသည်ကား တရားစခန်းတစ်ခုပြီးဆုံးပြီး နောက်တစ်ခုမစတင်မီဖြစ်ရကား ယောဂီတို့ကိုမူ မြင်တွေ့စနည်းနာခွင့်မရခဲ့။ သို့သော် သန့်ရှင်းသပ်ရပ်ပြီး သီးသန့်ဆန်စွာ ငြိမ်းချမ်းလှသော ကမ္မဋ္ဌာန်းကျောင်းဆောင်ငယ်များတွင် တရားရှုမှတ်အားထုတ်နေကြမည့် ယောဂီတို့ကို စိတ်အာရုံမြင်ကွင်းတွင် မြင်ယောင်ရင်း တရားဓမ္မရိပ်တို့ ဖုံးလွှမ်းနေမည့် ဤပရိဝုဏ်မြင်ကွင်းကို ကြည်နူးမိသည်။

ထိုမှတစ်ဖန် သံဝေဇနိယလေးဌာနအနက်မှ တည်ဆောက်ရန် ရည်မှန်းထားခဲ့ပြီးဖြစ်သော ကျန်ရှိနေသည့် ဖွားတော်မူရာ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာဌာနများကို ဆက်လက်ဆောက်လုပ်တည်ထားရန် စီမံဆောင်ရွက်နေသည့်နေရာများသို့ ခရီးဆက်ဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း ယင်းဖွားတော်မူရာနှင့် ဓမ္မစကြာတရားဦးဟောတော်မူရာတို့၌ အန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင်မဟာမင်္ဂလာနှင့် တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားတို့ကို ကျင်းပတော့မည်ဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများ မဆောင်ရွက်မီ ဗိသုကာပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့အား အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိ သံဝေဇနိယလေးဌာနသို့စေလွှတ်၍ သမိုင်းဝင် သံဝေဇနိယလေးဌာန၏ တည်နေရာ၊ အကွာအဝေးတို့ကို နီးစပ်စွာတည်ဆောက်နိုင်စေရန်အလို့ငှာ

ဤသော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မြေပြုပြင်ခြင်းလုပ်ငန်းကို ယခုနှစ် ဇူလိုင်လဆန်းပိုင်းကပင် စတင်ဆောင်ရွက်ခဲ့ပေသည်။ တောရိုင်းမြေပြင်ကို မူလသတ္တဌာနအဆောက်အအုံတို့၏ အရပ်မျက်နှာအညွှန်းများအတိုင်း ရွေးချယ်ကာ အဆောက်အအုံတို့ ဆောက်လုပ်နိုင်မည့် မြေအကျယ်အဝန်းရသည်အထိ ဆောင်ရွက်ရပေသည်။ ဖို့တန်ဖို့၊ ဖြည့်တန်ဖြည့်ဖြင့် မည်ရွေ့ မည်မျှ ဆောင်ရွက်ခဲ့ရသည်မသိ၊ ယနေ့အခါ ပြန့်ပြူးကွင်းပြင်ကြီးက ဖြစ်တည်လာမည့် အဆောက်အအုံတို့အတွက် အဆင်သင့်ဖြစ်နေပေပြီ။

ထပ်မံတည်ဆောက်မည့် သံဝေဇနိယသုံးဌာနတွင် ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြရန် တည်ဆောက်ရေးကော်မတီကနှိုးဆော်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်တို့က သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလျက်ရှိကြကြောင်း သိရသည်။ ထို့အတူ သတ္တသတ္တာဟ စေတီတော် တည်ဆောက်ရေးလုပ်ငန်းအတွက်လည်း အလှူငွေများလိုအပ်နေဆဲဖြစ်ရာ တည်ဆောက်ရေးကော်မတီအနေဖြင့် အလှူရှင်တို့၏သဒ္ဓါအားကို ဖိတ်ခေါ်နှိုးဆော်လျက်ရှိကြောင်း သိလိုက်ရသည်။ အလှူရှင်များအနေနှင့် အောက်ပါပုဂ္ဂိုလ်များနှင့် ယှဉ်တွဲပါလိပ်စာများ၊ ဖုန်းနံပါတ်များသို့ ပေးပို့လှူဒါန်းနိုင်ကြောင်းလည်း သိရသည်-

(က) ဦးကံချွန်၊ နေပြည်တော်ကောင်စီဝင် (၀၆၇-၄၁၄၂၀၅)
(ခ) ဦးသန်းကျော်ထူး၊ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ (၀၆၇-၄၃၂၁၁၆)
(ဂ) ဦးဝင်းဌေး၊ အတွင်းရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(၀၆၇-၄၃၂၁၀၇)
(ဃ) ဦးမျိုးအောင်၊ တွဲဖက်အတွင်းရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(၀၆၇-၄၃၂၁၁၄)
(င) ဦးသိန်းဆင့်၊ ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(၀၆၇-၄၁၄၆၁၀)
(စ) အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ အောင်မြေနန္ဒဝန်လမ်း၊ ကံ့ကော်အိမ်ရာ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ နေပြည်တော် (၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄)
(ဆ) သတ္တသတ္တာဟမဟာဗောဓိစေတီတော်ရှိအလှူခံဌာန (၀၉-၃၁၄၉၆၃၃၁၊ ၀၉-၂၅၀၀၈၉၆၄၁)

ဖွား၊ ပွင့်၊ ဟော၊ စံ ဟူသည့် ဘုရားရှင်၏ သံဝေဇနိယလေးဌာနကား မကြာမီ အကောင်အထည်ပေါ်လာပေတော့မည်။ မိမိတို့မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်သူတော်စင်အများစုမှာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ မဆိုထားဘိ။ အချိန်ကြောင့်သော်လည်းကောင်း၊ ငွေကြေးကြောင့် သော်လည်းကောင်း၊ အခြားသော လူမှုရေးအခက်အခဲတို့ကြောင့် သော်လည်းကောင်း မိမိနိုင်ငံအတွင်းအရပ်ဒေသအစုံမှ တန်ခိုးကြီးဘုရားများကိုပင် စုံလင်အောင် ဖူးမြော်ရန် ခက်ခဲတတ်ကြသည်။ သို့သော် **နေပြည်တော်တွင် ဤသို့သော သံဝေဇနိယလေးဌာန ပေါ်ထွန်းလာပြီဆိုသည်နှင့် ဝမ်းသာအားရ ဖူးမြော်ကြရန် လာရောက်ကြပေမည်။ မူလဘူတသံဝေဇနိယဌာနတို့ကို ရည်မှန်းကာ ဤမြန်မာနိုင်ငံ သံဝေဇနိယဌာနများတွင် ကြည်ညိုသဒ္ဓါဓာတ်တို့ကို ပွားများနိုင်ကြပေမည်။ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို အားထုတ်နိုင်ကြပေမည်။ သို့ဖြစ်ရာ ထိုသူတို့ကြည်ညိုသဒ္ဓါပွားနိုင်ရန်၊ နိဗ္ဗာန်ရောက်ကြောင်းတရား အားထုတ်နိုင်ရန်အလို့ငှာ သံဝေဇနိယလေးဌာန တည်ထားမှုတွင် အလှူပါဝင်ခွင့်ကို လက်မလွှတ်သင့်။ အလှူတကာ့ အလှူတွင် ဘုရားရှင်ကို ဖူးမြော်နိုင်ရန် ဖြည့်ဆည်းပေးရသောအလှူနှင့် တရားအလှူတို့သည်ကား နှစ်ဦးနှစ်ဖက်စလုံး အရှုံးမရှိ အကျိုးအမြတ်ကြီးလှပါပေသည်။**

သို့ဖြစ်ရာ တိုတောင်းလှသည့်လူ့ဘဝရလာခိုက်တွင် ဆင်တတ်မှလှ၊ ယူတတ်မှရဆိုသကဲ့သို့ သံဝေဂဉာဏ်ရရှိရန်နှင့် မြတ်ဗုဒ္ဓအားပူဇော်နိုင်ရန်အတွက် သံဝေဇနိယလေးဌာန ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ရည်သန်စိတ်မှန်းကြိုးပမ်းလှူဒါန်းကြခြင်းအားဖြင့် နိဗ္ဗာန်သို့ အချိန်တိုအတွင်း တက်လှမ်းနိုင်ကြမည် ဖြစ်ပေသည်။

လေ့လာရင်း မေးမြန်းစပ်စုရင်းဖြင့် အချိန်တို့က ကုန်မှန်းမသိကုန်ခဲ့ပေပြီ။ ဘာဏုရာဇာနေမင်းကြီးက အနောက်ဘက်တောင်စောင်းတွင် မေးတင်လျက်နှုတ်ဆက်နေပေပြီ။ တောင်ကြားအရပ်မှာမို့ အအေးဓာတ်ကလေးက တိုးဝင်လာပြီဖြစ်ရာ အပြန်လမ်းကို စတင်မိလိုက်သည်။ ပန္နက်မတင်ရသေးမီ မြေပြန့်ပြင်မှ အပြန်လမ်းပင်လျှင် ကြည်နူးပီတိဖြစ်ရပေရာ ပြီးပြည့်စုံသော သံဝေဇနိယအရပ်ဌာနများသာဖြစ်ခဲ့ပါမူ အဘယ်မျှ ပီတိအဟုန် လွှမ်းခြုံလေမည်နည်း တွေးရင်းဖြင့်သာ။ ။

မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း၌ ပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုရှိ လယ်သမားကြီးဦးအေးဇော်၏ လယ်မြေ ၁၀ ဧကပေါ်တွင် ရောမင်းမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းကို စိုက်ပျိုးထားသည်။

အဆိုပါစိုက်ခင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်သည့် မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း ရောမင်းစပါး ၁၀ ဧက စိုက်ခင်းသို့ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ညောင်တုန်းကျေးရွာရှိ လယ်သမားများအား ရှင်းလင်းပြသခဲ့သည်။

ယင်းရောမင်း မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မျိုးစေ့) ဒေါက်တာရဲတင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းလွင်နှင့် ဝန်ထမ်းများက ဖိတ်ကြားထားသည့်လယ်သမားကြီးများအား မျိုးကောင်း မျိုးသန့် အစေ့ထုတ်စိုက်ပျိုးနည်းများကိုပြသခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများနှင့် လယ်သမားများသည် တိုက်ကြီးမြို့နယ် ရွှေမြယာ မြို့ဝင်မြို့ထွက်တွင် စိုက်ပျိုးထားသော မိုးစပါးပုလဲသွယ် ၁၀ဧက၏ စိုက်ပျိုးဖြစ်ထွန်းနေမှုကိုပြသခဲ့ကြောင်း သိရသည်။

မျိုးသန့်(အင်းစိန်)

ဓမ္မစကူးလ်ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၅

ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို) နှင့် သံသရာလမ်းညွှန်အဘိဓမ္မာသင်တန်းအဖွဲ့၏ ဓမ္မစကူးလ်ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းတောင်ဘက်မုခ် မြို့တော်စည်ပင်သာယာရေးကော်မတီဓမ္မာရုံ၌ ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်သံဃနာယကဆရာတော်ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဩဝါဒါစရိယဆရာတော် ဗန်းမော်ဆရာတော်ကြီးနှင့် ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ နာယကဆရာတော်၊ လေးအိမ်စုဆရာတော်တို့က ဩဝါဒချီးမြှင့်ကြသည်။ ဆက်လက်၍ အရှင်ဒေါက်တာဉာဏိန္ဒနှင့်အတွင်းရေးမှူး ဆရာလေး ဒေါ်ကေတုမာလာတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်မှ ၂၀ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီခွဲအထိ ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)မှ ဆရာ ဆရာမများက သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

လွှတ်တော်ရေးရာကဏ္ဍ

❁ ပြည်ထောင်စုလွှတ်တော်မှ

အလားတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု

မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးစဉ်။

(သတင်းစဉ်)

မှတ်ယူ၍ မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

လွှတ်တော်က အတည်ပြုခြင်းကဏ္ဍ၌ အင်ဂိုလာသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုထူထောင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန့်ကျော်က ရှင်းလင်းတင်သွင်းရာ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုများ ရုပ်သိမ်းခွင့်ပြုခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးက ၎င်းတို့တင်သွင်းထားသော အဆို(၁၂)ခုတွင်ပါဝင်သော အကြောင်းအရာများနှင့်စပ်လျဉ်း၍ အကျိုးသက်ရောက်မှုပိုမိုထိရောက်စေရန်နှင့် လျင်မြန်စွာအသက်ဝင်စေရန်အတွက် ဥပဒေကြမ်းအဖြစ် ပြင်ဆင်တင်သွင်းသွားမည်ဖြစ်သဖြင့် ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်သို့တင်ပြထားမှုအပေါ် ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့နှင့် (၁၉) ရက်မြောက်နေ့များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက အဆို(၁၄) ခု တင်သွင်းခဲ့ကြပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြန်လည် ရုပ်သိမ်းခွင့်ပြုသည့် အဆိုများမှာ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီ အတွင်းရေးမှူး ဦးလှဆွေ၏ **အခွန်အကောက်ဖွဲ့စည်းပုံ၊ စနစ်၊ နှုန်းထား၊ အမျိုးအစားများ ပြင်ဆင်ပြောင်းလဲပေးရေး၊** အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၏ **ကျောက်စိမ်း၊ ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍတွင် နိုင်ငံတော်နှင့် ခွဲဝေခံစားမှုအချိုးအစားကို ပြင်ဆင်ပြောင်းလဲပေးရေး၊** ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **အခွန်ဘဏ္ဍာငွေပြည့်ဝစွာရရှိနိုင်ရေးကော်မတီ၊ ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရန်၊** သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၏ **ပြည်ထဲရေးဝန်ကြီးဌာနမှ ကောက်ခံနေသော အခွန်နှုန်းထားများ ပြန်လည်ပြင်ဆင်သတ်မှတ်ရန်၊** မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအကြား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စာချုပ် ပယ်ဖျက်ပေးရန်၊** ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်၏ **ပြည်ထောင်စုဝန်ကြီးဌာန**

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးစဉ်။

(သတင်းစဉ်)

များအားလုံး၏ အခွန်အခဝင်ငွေကို ဘဏ္ဍာရေးဝန်ကြီးဌာန တစ်ခုတည်းသို့သာ ပေးသွင်းရန်နှင့် အခွန်ရာခိုင်နှုန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ဝင်ငွေခွန်အမိန့်ကြော်ငြာစာများထုတ်ပြန်ရန်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးမျိုးဆွေ၏ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ကောက်ခံသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ရေးနှင့် အခွန်ကောက်ခံမှု တိုးတက်ရရှိရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်၊** ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင် ဦးရဲထွန်း၏ **နိုင်ငံပိုင်အရင်းအမြစ်များကို အသုံးပြု၍ အခွန်အခကောက်ခံနေသော အခွန်အကောက်များကို ပြည်ထောင်စုအစိုးရဘဏ္ဍာ၊ အခွန်ရငွေစာရင်းသို့ ထည့်သွင်းပေးရေး၊** ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးလွန်းသီ၏ **သတ္တုတွင်းဝန်ကြီးဌာန၏ လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသော အခွန်အကောက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်စိစစ်၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အခွန်အကောက်ဆိုင်ရာနှင့် စပ်လျဉ်း၍ စိစစ်ပြင်ဆင်ရန်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများမှကောက်ခံရရှိမည့် Royalty များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခွန်အဖြစ်ပေးသွင်းရန်၊** ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၏ **ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်တို့နှင့် ပတ်သက်၍ ပြည်ထောင်စုနယ်မြေများအတွက် အခွန်နှုန်းထားများ ပြင်ဆင်ပေးရန်** အဆိုတို့ဖြစ်သည်။

အဆိုရုပ်သိမ်းရခြင်းနှင့်ပတ်သက်၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က "လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက အခွန်အခနဲ့ဆိုင်တဲ့ အဆို(၁၂)ခုကို ရုပ်သိမ်းဖို့ တင်ပြထားတဲ့အနက်က ပြည်သူ့လွှတ်တော် ဘဏ်များနဲ့ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်ရဲ့ အဆိုဟာ အများပြည်သူတွေကြားသင့်၊ နားထောင်သင့်ပြီးတော့ ဗဟုသုတလည်းရမယ့် အဆိုမျိုးဖြစ်တာကြောင့် ကျန်တဲ့အဆို(၁၁)ခုကို ရုပ်သိမ်းရင် ရုပ်သိမ်းပါ။ ဒီအဆိုကိုတော့ ဒီလွှတ်တော်မှာပဲဖြစ်ဖြစ်၊ နောက်ကျင်းပမယ့် လွှတ်တော်တွေမှာပဲဖြစ်ဖြစ် ဆွေးနွေးဖို့လိုအပ်တဲ့အတွက် ရုပ်သိမ်းခွင့်မပြုသင့်ဘူးဆိုပြီးတော့ ကန့်ကွက်ခဲ့ပါတယ်။ ဒါပေမယ့် လွှတ်တော်နာယကကြီးက ဘဏ္ဍာရေးဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက ရှင်းလင်းတင်ပြချက်တွေထဲမှာ ဘဏ္ဍာရေးကိစ္စ၊ အခွန်ငွေကိစ္စတွေရှိတဲ့အတွက် ဒီအကြောင်းအရာတွေဟာ ဥပဒေမှာ ပါမှာဖြစ်တဲ့အတွက် မူလကာယကံရှင်တွေရဲ့ ရုပ်သိမ်းချက်အတိုင်း သဘောတူသင့်တဲ့သဘောမျိုး ရှင်းလင်းညွှန်ပြသွားတာပါ" ဟု ပြောပြခဲ့သည်။

အစီရင်ခံစာ ဆွေးနွေးခြင်းကဏ္ဍ၌ ဩဂုတ် ၁၃ ရက်က ရှင်းလင်းတင်သွင်းခဲ့သော **လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၃)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက ဆွေးနွေးခဲ့ကြသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်က ဆွေးနွေးရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ လွတ်လပ်မှုတို့ကိုအခြေခံလျက် မြေသိမ်းခံခဲ့ကြရခြင်း၏ ပကတိဖြစ်တည်ခဲ့မှုများကို စုံစမ်းခဲ့ပါကြောင်း၊ အတိတ်ကာလက အမှားများကို အကောင်းဆုံးအခြေအနေအဖြစ်သို့ ဖြေရှင်းရောက်ရှိစေရန် အကြံပြုချက်များ ပေးနိုင်အောင် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ စိုက်ပျိုးရန်မြေမရှိဘဲ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဘဝများကို မည်သို့မျှမြင့်တင်ပေးနိုင်မည် မဟုတ်ပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ဘဝ မြင့်တင်ပေးခြင်းသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးခဲ့

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးရာတွင် ကော်မရှင်၏ အစီရင်ခံစာပါ အချက်အလက်များသည် ဘက်လိုက်မှုမရှိဘဲ ဖြစ်စဉ်တွေ့ရှိချက်များကိုသာ မှန်မှန်ကန်ကန်တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အမှန်မှာ မြေသိမ်းဥပဒေနှင့်အညီ မဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အထိပြဿနာများရှိနေပြီး လယ်ပိုင်ရှင်ဘဝမှ သူရင်းငှားဘဝအထိ ရောက်ရှိခဲ့ရခြင်းဖြစ်ပါကြောင်း၊ ဆင်းရဲဒုက္ခရောက်မှုအပေါ် ချိန်ဆ၍မြေအပြင် နစ်နာကြေးနှင့် ထောက်ပံ့ကြေးများ ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အစည်းအဝေးကို ညနေ၃နာရီ ၄၅မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ဩဂုတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး လက်ရှိတွင် အိမ်ရှင်မလေးရှား၊ မြန်မာ၊ ထိုင်းနှင့်စင်ကာပူတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယူ-၂၃ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သောကြောင့် ဆီးဂိမ်းအတွက် မြန်မာယူ-၂၃ အသင်းမှာ ပြင်ဆင်ခွင့်ရမည်ဖြစ်ပြီး ရွှေတံဆိပ်အတွက် နာမည်ကြီးနေသည့် မလေးရှား၊ ထိုင်း၊ စင်ကာပူတို့၏ ခြေစွမ်းကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ မာဒေးကားဖလားပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အောက်တိုဘာ ၁၅ ရက်တွင် ဗီယက်နမ်ယူ-၂၃အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းကစားမည်ဖြစ်ပြီး အောက်တိုဘာ ၁၇ရက်မှ ၃၁ ရက်အထိ တောင်ကိုရီးယားနိုင်ငံသို့ လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ လည်းကောင်း သွားရောက်ကာ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်များအတွင်း တောင်ကိုရီးယားနှင့်ဂျပန်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယူ-၂၃ (က) အသင်းကို အထောက်အကူပြုနိုင်ရန် (ခ)အသင်းကို မကြာမီ ဖွဲ့စည်းသွားမည်ဖြစ်သည်။ မြန်မာယူ-၂၃အသင်းကို အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ(တောင်ကိုရီးယား)၊ လက်ထောက်နည်းပြ-ဦးဇော်ဝင်းထွန်း၊ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန်(တောင်ကိုရီးယား)၊ ဂိုးနည်းပြ ဦးမျိုးချစ်တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ ရွေးချယ်ထားသော ပဏာမကစားသမားစာရင်းကို ကြည့်လျှင် ဂိုး-ပြည့်ဖြိုးအောင်(ဆောက်သမ်)၊ ကျော်ဇင်ဖြိုး(မကွေး)၊ မျိုးမင်းလတ်(ဇေယျာရွှေမြေ)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ နောက်တန်း-သိန်းသန်းဝင်း(ကမ္ဘောဇ)၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ သက်နိုင်၊ ရဲဝင်းအောင်(ရတနာပုံ)၊ နန္ဒကျော် (မကွေး)၊ မင်းကိုသူ၊ ကောင်းမြတ်ဦး(ရခိုင်)၊ အောင်ဟိန်းကျော်(ဇေယျာရွှေမြေ)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အောင်ဇော်(ဟံသာဝတီ)၊ အလယ်တန်း-ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ ကြည်လင်း၊ ဒေးဗစ်ဒန်း၊ ထက်ဖြိုးဝေ(ရန်ကုန်)၊ မောင်မောင်သန့်(ရခိုင်)၊ရဲလင်းအောင်၊ စိုးပိုင်သွေး(ဇေယျာရွှေမြေ)၊ ထူးထူးအောင်၊ ဟိန်းဇာအောင်၊ မျိုးဇော်ဦး(မကွေး)၊ နန္ဒလင်းကျော်ချစ်၊ နေလင်းထွန်း(ဧရာဝတီ)၊ ရွှေ့တန်း-ကျော်ကိုကို(ရန်ကုန်)၊ ကောင်းစည်သူ၊ ဒွေးကိုကိုချစ်(ရတနာပုံ)တို့ ပါဝင်ကြသည်။ အမာခံတိုက်စစ်မှူး ကျော်ကိုကိုမှာ ဒဏ်ရာသက်သာပျောက်ကင်းလာသောကြောင့် ပြန်လည်ပါဝင်လာပြီး လူငယ်အသင်းများမှ ကစားသမားအချို့လည်း ပါဝင်လာခဲ့သည်။

မျှော်လင့်နေ

ဆီးဂိမ်းပြိုင်ပွဲကြီးကလည်း နီးကပ်လာပေပြီ။ကစားသမားများ၏ ကြိုးစားမှု၊ နိုင်လိုစိတ်ပြင်းထန်မှုကို အချိုးကျကျ ပေါင်းစပ်နိုင်မည်ဆိုပါက အားလုံးမျှော်လင့်နေသည့် ဆီးဂိမ်းရွှေဆုကို အမိမြေတွင် ရယူနိုင်ပေလိမ့်မည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဆစ်ဒနီတက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၅

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဩစတြေးလျနိုင်ငံ Sydney တက္ကသိုလ်မှ Mr.Andrew Mcleond ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၌ ဆောင်ရွက်လျက်ရှိသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

အခုဟာက အဘက်ဘက်က အကြောင်းစုံလို့ ယာယီရေကြီးနစ်မြုပ်မှုဖြစ်ရတာပါ။ ဘယ်အကြောင်းကြောင့်ပဲပြောပြော ကျွန်တော်ကတော့ ကျွန်တော်တာဝန်ယူထားရတဲ့အထဲက အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ တာမိုင် (၈/၁+၄၀၀) ပေရှိတဲ့ တာနိမ့်ရေကျော်ကျိုးပေါက်ခဲ့မှုကိုတော့ (၂၃-၇-၂၀၁၃) ရက်မှာဖြစ်ပွားတယ်။ သိတယ်။ ၂၈-၇-၂၀၁၃ ရက်မှာ ရာနှုန်းပြည့်ပြင်ဆင်ပြီးစီးခဲ့ပါပြီ။ စိတ်ချရတဲ့အနေအထားအထိ အခိုင်အမာဆောင်ရွက်ပေးထားပြီးပါပြီ"ဟု ဖြေကြားသည်။

အလားတူ တာဝန်ရှိသူတစ်ဦးကလည်း "ဒီနှစ်က သဘာဝဘေးအန္တရာယ်ထူးခြား ဖြစ်စဉ်များတဲ့နှစ်ဗျ။ နိုင်ငံအနှံ့ပဲ၊ မြဝတီ၊ စစ်တွေ၊ ပဲခူး၊ ဧရာဝတီ၊ အနည်းနဲ့အများ ဖြစ်ကြတာပဲ။ လယ်သမားတွေ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ လယ်သမားတာလေးခုကလည်း ဖြစ်နိုင်တာပဲ။ ထူးကဲ ဒီရေကြောင့်လည်း ဖြစ်နိုင်တာပဲ။ မိုးသည်းထန်လွန်းရင်လည်း ဖြစ်နိုင်တာပဲ။ ကျွန်တော်တို့က ကိုယ့်ဌာနရဲ့ တာဝန်ဖြစ်တဲ့ တာတမံတွေ၊ ရေငန်တားတာတွေကို သတ်မှတ်အမြင့်ပေ (ACL) ပြည့်မီအောင် စနစ်တကျ ဆောင်ရွက်ပေးထားတာ။ အခုလို ထူးခြားဖြစ်စဉ်မျိုးကတော့ ရံဖန်ရံခါ ကြုံတတ်ကြတာပဲ။ ကြုံလာရင် အကောင်းဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးကြရမှာပဲ။ အခုလည်း ရေကျော်ကျိုးပေါက်မှုဖြစ်ခဲ့တဲ့အပိုင်းကို အချိန်နဲ့တစ်ပြေးညီအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ပေးပြီးသွားပါပြီ" ဟု ဦးစိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံခရိုင်က ပြောကြားသည်။

ပြောကြား

ယခု မြစိမ်းကန်ပင်လယ်ရေကာတာရေကျော်ကျိုးပေါက်ခဲ့မှု၊ မြန်မာပြည်အနှံ့အပြား ရေကြီးနစ်မြုပ်ခံခဲ့ရမှုများနှင့်ပတ်သက်၍ ယင်းဒေသနေ သဘာဝဘေးအန္တရာယ်နှင့်ရာသီဥတုခန့်မှန်းနိုင်သူတစ်ဦးကမူ ကမ္ဘာ့ဘဏ်စီမံကိန်းဖြစ်တဲ့ စပါး (၁)၊ စပါး (၂) စီမံကိန်းကာလမှ ယခုအထိ နှစ်ပေါင်းဆယ်နှင့်ချီနေပါပြီ။ အခုလို ရာသီဥတုဖောက်ပြန်ဆိုးရွားမှုမျိုး (နာဂစ်မုန်တိုင်းဖြစ်စဉ်မှလွဲ၍)မဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုသည် ပထမဆုံးဖြစ်စဉ်ဟုဆိုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သပြေထွန်း

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့ NLD အဖွဲ့ချုပ်မှ အဖွဲ့ဝင်များ ၆၄ ဦးနှင့် သူရိယအသင်း၊ ရန်ကုန်သင်တန်းကျောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းဖော်ဆောင်ရေး သင်တန်းအမှတ်စဉ် (၉)မှ အုပ်ချုပ်သူများနှင့် သင်တန်းသား သင်တန်းသူများ ၄၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်သူဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုပြင်ပြောင်းလဲရေး သိသာထင်ရှားစွာ တိုးတက်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ နိုင်ငံတော်ကချမှတ်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းရပ်များ သိသာထင်ရှားစွာ တိုးတက်စေရန်နှင့် နိုင်ငံတော်၏စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်သူဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါ်လဲ့လဲ့သိန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ စီမံကိန်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ရှေ့ဆက်ပြီး ပြည်သူများ၏ အကျိုးရလဒ်များ ရရှိခံစားနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်သောလ ၃၀ တွင် လက်တွေ့အကောင်အထည်ဖော်ရမည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားနည်းချက်၊ အားသာချက်များကို စုပေါင်းညှိနှိုင်း၍ လုပ်ငန်းကဏ္ဍများတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ Delivery Unit/Task Force နှစ်ခုကို ဒုတိယဝန်ကြီးနှစ်ဦးက ဦးဆောင်၍ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး အလုပ်ပြီးသည်အထိ ဆောင်ရွက်ရန် တာဝန်ပေးထားပြီးဖြစ်ကြောင်း၊

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြုပြင်ပြောင်းလဲရေး သိသာထင်ရှားစွာ တိုးတက်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Working Group များကိုလည်း သက်ဆိုင်ရာညွှန်ကြားရေးမှူးများနှင့် ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရန် လက်တွေ့ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူများ၏လိုအပ်ချက်ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးခဲ့

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဌာနအတွင်း Delivery Unit/Working Group များဖွဲ့စည်း၍ လုပ်ငန်းများကို အောင်မြင်အောင် ကွင်းဆင်းဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း People Centered Development ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❊ *ရှေ့ဖုံးမှ*

နှစ်ပေါက်နှင့် စလင်းမြောင်းမကြီးသို့ ရေပေးသွင်းသည့် (ပေ ၂၀ × ၄ ဒသမ ၅ပေ) အရွယ်ရှိ ရေတံခါးသုံးပေါက် ထည့်သွင်းတည်ဆောက်ထားသည်။

လင်းဇင်းရေလွှဲဆည် ရေသောက်စနစ်တွင် မြောင်းမကြီးတစ်ခု၊ လက်တံမြောင်း ၁၅ ခုနှင့် မိုင်နာမြောင်းရှစ်ခုတို့ပါရှိပြီး စုစုပေါင်း မြောင်းအလျား ၇၃ ဒသမ ၄၄ မိုင် ရှည်လျားသည်။ လင်းဇင်းရေလွှဲဆည် ရေသောက်စနစ်မှာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာသဖြင့် စိစစ်ဧရိယာ ၃၄၃၃၂ ဧကအနက် ၂၀၁၂ ခုနှစ်တွင် မိုးစပါး ၃၂၉၈၀ ဧကကိုသာ စိုက်ပျိုးရေပေးဝေနိုင်သည်။ သို့ဖြစ်ရာ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ရှိ လင်းဇင်းရေလွှဲဆည်ရေသောက်စနစ်၏ မြောင်းဖျားပိုင်းလယ်မြေ ၁၃၅၂ ဧကမှာ ဆည်ရေမရောက်သဖြင့် စိုက်ပျိုးနိုင်ခြင်း မရှိတော့ပါ။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး မူဝါဒများ ချမှတ်ထားရှိပြီး ပြည်သူတစ်ဦးချင်း ဝင်ငွေမြင့်မားလာစေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာစေရေးတို့အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါမူဝါဒနှင့်အညီ တောင်သူလယ်သမားများဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ဖြန့်ဝေရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး၊ စံပြလယ်ယာမြေဖော်ထုတ်ရေး၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ စနစ်တကျအသုံးပြုရေးနှင့် လယ်ယာကုန်ထုတ်စရိတ် ချေးငွေရရှိရေး လုပ်ငန်းတို့ကို နိုင်ငံတော်အစိုးရမှ အလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ပေးလျက်ရှိသလို တည်ဆောက်ပြီး ဆည်ရေသောက်စနစ် ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း အကြီးစားပြုပြင်ပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းများအနက် မကွေးတိုင်းဒေသကြီးအတွင်းရှိ လင်းဇင်းဆည်ရေသောက်စနစ် ခေတ်မီပြန်လည်ပြုပြင်ခြင်းလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ လင်းဇင်းဆည်ရေသောက်စနစ် ခေတ်မီပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကို နိုင်ငံတော် အကြီးအကဲများ၏ စေတနာကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်

❊ *ရှေ့ဖုံးမှ*

တောင်ကိုရီးယားနိုင်ငံမှ တက္ကသိုလ်များဖြစ်သည့် Korea University၊ Korea Aerospace University၊ Korea Advanced Institute of Scicence and Technology၊ Myongji University၊ Chung Ang University တို့မှ ပညာရှင်များအားဖိတ်ကြားပြီး ဆွေးနွေးပွဲ ကျင်းပခြင်း ဖြစ်သည်။

"ဒီလို ဖိုရမ်ကျင်းပပေးတာဟာ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေအနေနဲ့ လိုအပ်တဲ့နည်းပညာတွေ ရရှိနိုင်ရေး အချိတ်အဆက်တွေ ရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေဟာ တဖြည်းဖြည်းနဲ့ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ထိတွေ့ဆက်ဆံမှုများပြားလာမှာဖြစ်ပြီး နည်းပညာနဲ့နည်းစနစ်တွေ ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းရှိ သိပ္ပံအဆောက်အအုံတွင် ဖွင့်လှစ်ထားသည့် International Center for Excellence မှ အရာရှိတစ်ဦးဖြစ်သည့် ဒေါ်မေထက်လှိုင်က ပြောကြားသည်။

မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် အမေရိကန်မှ နော့သင်းအီလီနွိုက်တက္ကသိုလ်တို့ နည်းပညာဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ပြီးခဲ့သည့် ဇူလိုင်လ နောက်ဆုံးသီတင်းပတ်က ပြုလုပ်နိုင်ခဲ့သည်။ တစ်ဖန် ယခု ဩဂုတ် ၅ ရက်ကလည်း တောင်ကိုရီးယားနိုင်ငံမှ ဆိုးလ်တက္ကသိုလ်နှင့် ချွန်အင်း တက္ကသိုလ်တို့နှင့်လည်း နည်းပညာဆိုင်ရာ ဖိုရမ်ကိုပြုလုပ်ခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသည့် ဖိုရမ်ကြောင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် တောင်ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်များအကြား ပိုမိုရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်ပြုလုပ်လာနိုင်မည်ဖြစ်သည်။ ယခု ဖိုရမ်သို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ သရုပ်ပြနှင့်နည်းပြများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထို့အပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တောင်ကိုရီးယားတက္ကသိုလ်များမှ ပါမောက္ခ ဂျွန်ဆူပက်၊ ပါမောက္ခ ကင်ဂျေးအင်၊ ပါမောက္ခ ဝမ်ဝူးပက်၊ ဒေါက်တာကန်ဆောင်ပက်၊ ပါမောက္ခ ချောင်ချင်မန်၊ ပါမောက္ခ ရှီယောင်ဂျိုးတို့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဤဖိုရမ်ကြောင့် မြန်မာနှင့် တောင်ကိုရီးယားနှစ်နိုင်ငံ တက္ကသိုလ်များ ပိုမိုရင်းနှီးနွေးထွေးလာစေပြီး နည်းပညာများ၊ အတွေ့အကြုံများ ဖလှယ်နိုင်မှု တိုးမြင့်ဖြစ်ထွန်းစေမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၅

စည်းကမ်းမဲ့ ကုန်သေတ္တာတင်ယာဉ်၊ သစ်လုံးတင်ယာဉ်၊ နောက်တွဲပါ ကုန်တင်ယာဉ်များကို အရေးယူ

ရန်ကုန်မြို့အတွင်း ယာဉ်ကြောသွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် ယာဉ်ထိန်းရဲတပ်ဖွဲ့စုများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များအား နေ့စဉ် အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ)

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် ဘုရင့်နောင်လမ်းမကြီးတစ်လျှောက်တွင် စည်းကမ်းမဲ့ရပ်နားလျက်ရှိသော ကုန်သေတ္တာတင်ယာဉ်များ၊ သစ်လုံးတင်ယာဉ်များ၊ နောက်တွဲပါ ကုန်တင်ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေသဖြင့် စည်းကမ်းမဲ့ရပ်နားယာဉ်များအား ၃၀-၇-၂၀၁၃ ရက်နေ့မှစ၍ ချလန်ဖြတ်အရေးယူခြင်း၊ ဓာတ်ပုံရိုက်မှတ်သားဖမ်းဆီးအရေးယူခြင်း၊ စတေကာကပ်မှတ်သားဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၁၄-၈-၂၀၁၃ ရက်အထိ ၁၆ ရက်တာ ကာလအတွင်း **စည်းကမ်းမဲ့ရပ်နားယာဉ် ၉၇၈ စီး** အရေးယူထားပြီး ဖြစ်သည်။

စနစ်တကျရပ်နား

သို့ရာတွင် ယနေ့အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းနှင့် ဆက်သွယ်ညှိနှိုင်း၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် နစ်နာမှု မဖြစ်ပေါ်စေရေးအတွက် ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်းများ ဖြစ်သည့် အလုံမြို့နယ် ကုန်တင်ယာဉ်ရပ်နားဝင်းနှင့် သက်ဆိုင်ရာကုန်တင်ချစခန်းများအတွင်း၌သာ စနစ်တကျရပ်နားရန် လိုအပ်မည်ဖြစ်သည်။

ကုန်တင်ယာဉ်များ ရပ်နားနိုင်စေရေးအတွက် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) သစ်စက်ဝင်းဟောင်းတွင် ရပ်နားစခန်းတည်ဆောက်လျက်ရှိကြောင်းလည်း သိရသည်။

ဒဏ်ငွေ

ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးတစ်လျှောက်တွင် မရပ်ရသည့်နေရာ ရပ်နားသည့်အတွက် ဒဏ်ငွေအဖြစ် စီမံချက်ဒဏ်ငွေကျပ် ၁၀၀၀၀ နှင့် ယာဉ်စည်းကမ်း ဒဏ်ငွေကျပ် ၁၅၀၀၊ ဖြူနီကျားနေရာများတွင် ရပ်နားခြင်း၊ စည်းကမ်းမဲ့ နှစ်ထပ်ရပ်နားခြင်း၊ လမ်းပိတ်ရပ်နားခြင်းများအတွက် စီမံချက်ဒဏ်ငွေကျပ် ၂၀၀၀၀ နှင့် ယာဉ်စည်းကမ်း ဒဏ်ငွေကျပ် ၁၅၀၀ သတ်မှတ်ထားကြောင်း စုံစမ်းသိရှိရသည်။

(သတင်းစဉ်)

၁။ **၂၀၁၁ ခုနှစ်တွင် အောင်မြင်ခဲ့ကြသ... ကျောင်းသူ ၅၄ ဦးအနက်မှ ME သင်တန်... အောင်မြင်ခဲ့ရာ ME Civil(Structure) ... ခဲ့သော်လည်း လူတွေ့စစ်ဆေးခြင်း၌ ကျရှုံးခဲ့... ကျေနပ်မှုမရှိပါသဖြင့် သိပ္ပံနှင့်နည်းပညာဝ... နိုင်ပါရန်** အကြံပြုစာနှင့်စပ်လျဉ်း၍ ပြန်လ... နှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် လုပ်ထုံး... များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွ...

(က) ရန်ကုန်နည်းပညာတက္ကသို... ပညာသင်နှစ်အတွက် ဖွင့်လှ... (ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့န... နှင့် ကြေးမုံသတင်းစာများတ... ၉-၄- ၂၀၁၃ ရက်နေ့များ၌ ... စာမေးပွဲများအတွက် အင်္ဂလိပ်... ရက်နေ့နှင့် မေဂျာဘာသာရပ်... တွင် ကျင်းပခဲ့ပါကြောင်း၊

(ခ) ရေးဖြေစာမေးပွဲမကျင်းပမီ ၃-... သော(၁၅၀)ကြိမ်မြောက် ဘွဲ့... အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေ... ခဲ့သည့် ရန်ကုန်နည်းပည... သင်ကြားရေးဌာနမှူးများ (... သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာ... လမ်းညွှန်ချက်များနှင့်အညီ ... မဟာဘွဲ့(အင်ဂျင်နီယာ/ ဗိသု... ပါရဂူဘွဲ့သင်တန်းများဖွင့်လှ... လက်ခံသင်ကြားပေးနိုင်မည့် ... စာရင်းကို အစည်းအဝေးတွင်... လက်ခံသင်ကြားပေးနိုင်မည့် ... အစည်းအဝေးမှ အတည်ပြုခဲ့...

(ဂ) အဆိုပါ ရေးဖြေစာမေး... အတွက် ၁၉-၅-၂၀၁၃ ရက်နေ... ပါမောက္ခချုပ်ရုံးခန်းတွင်ပြုလ... တက္ကသိုလ်နှင့် မန္တလေးနည်းပ... ဒုတိယပါမောက္ခချုပ်များပါဝ... ဆုံးဖြတ်ချက်များဖြင့် ဘွဲ့လွ... စာမေးပွဲအောင်စာရင်းကို ... ထုတ်ပြန်ကြေညာခဲ့ပါကြော...

(ဃ) ယင်းနောက် ၂၂-၅-၂၀၁၃ ... နေ့နှင့် ၂၅-၅-၂၀၁၃ ရက်နေ... စာမေးပွဲအတွက် အကဲဖြတ်... စစ်ဆေးခဲ့ရာတွင် အဆိုပါအ... ပြန့်ကျဲမှုမဖြစ်စေရေးအတွက်... သော်လည်းကောင်း၊ ကျန်းမ...

ည်။ အဆိုပါ
သူလယ်သမား
က်မြင့်မားရေး
ရရှိရေး၊ သိပ္ပံ
စနစ် ဖြန့်ဝေ
ာမှ စက်မှု
တူးပြောင်းရေး၊
ထုတ်ရေး၊ မျိုး
ွင်းအားစုများ
ရေးနှင့် လယ်
ချေးငွေရရှိရေး
တော်အစိုးရမှ
င်ရွက်လျက်ရှိ

း ရအနေဖြင့်
အတွက် ဆည်
စ်များ တည်
ာလို တည်
ရေသောက်စနစ်
းများကိုလည်း
လျက်ရှိသည်။
အနက် မကွေး
င်းရှိ လင်းဇင်း
် ခေတ်မီ
လုပ်ငန်းလည်း
ည်။ လင်းဇင်း
စ် ခေတ်မီ
င်းလုပ်ငန်းကို
ီးအကဲများ၏
၂၀၁၁-၂၀၁၂
င်ဆောင်ရွက်

နိုင်ခဲ့ပြီး ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စလင်းမြောင်းမကြီးပြုပြင်ခြင်း အရှည်သုံးမိုင်၊ လက်တံမြောင်းနှစ်ခု ပြုပြင်ခြင်းအရှည် ၃ ဒသမ ၃၀ မိုင်၊ မိုင်နာမြောင်းလေးခု ပြုပြင်ခြင်း အရှည် ၄ ဒသမ ၂၀ မိုင်နှင့် တူးမြောင်း အဆောက်အအုံ ၂၀ တို့ကို ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စလင်းမြောင်းမကြီး ပြုပြင်ခြင်းအရှည် ၁၇ မိုင်၊ လက်တံမြောင်း ၁၀ ခု ပြုပြင်ခြင်း အရှည် ၃၃ ဒသမ ၀၃ မိုင်၊ လင်းဇင်း ရေလှောင်ဆည်အထက် သဲနုန်းတူးဖော်ခြင်း ၃၆၇၁၆၀ မိုင်နှင့် တူးမြောင်း အဆောက်အအုံ ၆၂ ခုတို့ကိုလည်း ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ကျန်ရှိသည့်လုပ်ငန်းများဖြစ်သော လက်တံမြောင်းသုံးခု ပြုပြင်ခြင်း အရှည် ၁၀ ဒသမ ၀၃ မိုင်၊ မိုင်နာမြောင်း လေးခုပြုပြင်ခြင်း အရှည် ၂ ဒသမ ၆၁ မိုင်၊ တူးမြောင်း အဆောက်အအုံ ၅၁ ခုနှင့် စလင်း မြောင်းမကြီး မြေနီကျောက်စရစ် ခင်းခြင်း အရှည်မိုင် ၂၀ တို့ကိုလည်း ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

လင်းဇင်းဆည် ရေသောက်စနစ် ခေတ်မီပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အစပျိုး ပြုပြင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အရှိန်အဟုန်မြင့် ပြုပြင်ဆောင်ရွက်နိုင်ခဲ့သောကြောင့် တူးမြောင်းများ၏ ရေစီးရေလာ တိုးတက်ကောင်းမွန်လာသည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် မိုးစပါး ဧက ၃၂၉၈၀ စိုက်ပျိုးနိုင်ခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် မိုးစပါး ၃၄၃၂၀ ဧက စိုက်ပျိုးရန် လျာထားသဖြင့် မိုးစပါး ၁၃၄၀ ဧက တိုးမြင့်စိုက်ပျိုးမည်ဖြစ်သည်။ ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ယခုဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက စိစစ်ဧရိယာ ၃၄၃၃၂ ဧကအပြည့် စိုက်ပျိုးနိုင်မည့်အပြင် ယာမြေဧရိယာဧက ၂၀၀၀ ကျော်ကိုလည်း လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

လင်းဇင်း ရေလှောင်ဆည်ရေသောက်စနစ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၁၆ ရွာ၊ တောင်သူပေါင်း ၁၂၇၇၈ ဦး၊ လူဦးရေ ၇၁၈၈၂ ဦးတို့၏ လယ်ယာမြေများ စိုက်ပျိုးရေ အလုံအလောက်ရှိလာကာ တောင်သူတစ်ဦးချင်း၏ဝင်ငွေလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မြောင်းပေါင်တစ်လျှောက် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် မြောင်းမကြီးများ၏ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေသည်။ ထို့အပြင် ဆည်ရေသောက်ဧရိယာအတွင်းရှိ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းဖြင့် လယ်ယာမြေများကို ရေနစ်မြုပ်မှုမှ ကင်းဝေးစေကာ စပါးအထွက်တိုးရေးကိုလည်း တစ်နည်းအားဖြင့် အထောက်အကူပြုလျက်ရှိသည်။

လင်းဇင်းရေလှောင်ဆည်၏ သက်တမ်း နှစ် ၈၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ဆည်ရေသောက်စနစ် ခေတ်မီပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ပေးမှုကြောင့် ဒေသခံ တောင်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြီး စပါးသီးနှံတိုးချဲ့စိုက်ပျိုးရန်အတွက် စိတ်အားထက်သန်လျက်ရှိသည်။ ထို့အပြင် ဆည်ရေသောက်စနစ် ပြုပြင်ပေးမှုကြောင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း၊ လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ ရရှိခြင်း၊ ဒေသခံပြည်သူတို့၏အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေ တိုးမြင့်လာခြင်းတို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်၍ နိုင်ငံတော်အစိုးရအား တောင်သူလယ်သမားများက ကျေးဇူးတင်မဆုံး ဖြစ်နေကြပေပြီ။

စလင်းမြောင်းမကြီး ပေတိုင်(၆+၁၀၀) မြောင်းပုံစံကျ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

အရပ် ခုနစ်ပေ ၁၀ လက်မခန့်ရှိ ကိုဝင်းဇော်ဦး ဆေးကုသရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းရွာသား အရပ် ၇ ပေ ၁၀ လက်မခန့်ရှိ ကိုဝင်းဇော်ဦးသည် စင်ကာပူနိုင်ငံတွင် ဆေးကုသနိုင်ရန်အတွက် အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း၏ဇနီး ဒေါက်တာခင်လေးရီ၊ ဒေါက်တာ မြတ်သူမင်း၊ ဒေါက်တာသက်ထားခင်၊ မငြိမ်းငြိမ်း၊ (ကိုဝင်းဇော်ဦး၏ညီ၊ ယောက်ဖ) ကိုရဲသူရနှင့် သတင်းမှတ်တမ်းယူမည့် MRTV-4, Eleven Media Group, Mandalay Media တို့မှ သတင်းထောက်များလိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Golden Myanmar Airline ဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ကိုဝင်းဇော်ဦးအား Singapore Seneral Hospital မှ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး Dr.Ang Beng Ti နှင့် တွေ့ဆုံကာ ရောဂါအခြေအနေအသေးစိတ်များကိုစစ်ဆေးကာ ဒေါက်တာခင်လေးရီ၊ ဒေါက်တာသက်ထားခင်နှင့် မငြိမ်းငြိမ်းတို့က အနီးကပ်တာဝန်ယူ စောင့်ရှောက်ပေးမည်ဖြစ်ပြီး ကုသမှုအခြေအနေများကို သတင်းထုတ်ပြန်ရေးအဖွဲ့မှ စဉ်ဆက်မပြတ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇော်မင်းလတ်(သတင်းစဉ်)

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့်အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

်တွင် အောင်မြင်ခဲ့ကြသည့် BE ဘွဲ့ရ ကျောင်းသား
အနက်မှ ME သင်တန်းသို့ တက်ရောက်ရန် ၃၄ ဦး
E Civil(Structure) တွင် ရေးဖြေစာမေးပွဲအောင်မြင်
ွေ့စစ်ဆေးခြင်း၌ ကျရှုံးခဲ့သည့် ကျောင်းသား ၂၀ ဦးမှ
င့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြန်လည်သုံးသပ်
ာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြရာတွင် သိပ္ပံ
ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်
က်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း-
ုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်၊
သင်နှစ်အတွက် ဖွင့်လှစ်မည့် ဘွဲ့လွန်သင်တန်းများ
ွန်ဒီပလိုမာ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့)ကို မြန်မာ့အလင်း
ကြေးမုံသတင်းစာများတွင် ၈-၄-၂၀၁၃ ရက်နေ့နှင့်
၂၀၁၃ ရက်နေ့များ၌ ကြော်ငြာခေါ်ယူခဲ့ပြီး ရေးဖြေ
းပွဲများအတွက် အင်္ဂလိပ်စာဘာသာရပ်ကို ၆-၅-၂၀၁၃
နေ့နှင့် မေဂျာဘာသာရပ်အား ၇-၅-၂၀၁၃ ရက်နေ့များ
ကျင်းပခဲ့ပါကြောင်း၊
ဖြေစာမေးပွဲမကျင်းပမီ ၃-၅-၂၀၁၃ ရက်နေ့တွင် ကျင်းပခဲ့
(၁၅၀)ကြိမ်မြောက် ဘွဲ့လွန်သင်တန်းများ ကွပ်ကဲ
ျုပ်ရေးအဖွဲ့အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်
ည့် ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်မှ
ကြားရေးဌာနမှူးများ (အင်ဂျင်နီယာ/ဗိသုကာ)အား
င့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် မူ/
ညွှန်ချက်များနှင့်အညီ အရည်အသွေးပြည့်မီသည့်
ဘွဲ့(အင်ဂျင်နီယာ/ ဗိသုကာ) (ME) သင်တန်းများနှင့်
ဘွဲ့သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် ဌာနများမှ
ခံသင်ကြားပေးနိုင်မည့် လျာထားသင်တန်းသားများ
င်းကို အစည်းအဝေးတွင် တင်ပြကြပြီး ၄င်းဌာနများမှ
ခံသင်ကြားပေးနိုင်မည့် သင်တန်းသားစာရင်းအား
ည်းအဝေးမှ အတည်ပြုခဲ့ပါကြောင်း၊
ပါ ရေးဖြေစာမေးပွဲအောင်စာရင်းထုတ်ပြန်ရေး
က် ၁၉-၅-၂၀၁၃ ရက်နေ့ ရန်ကုန်နည်းပညာတက္ကသိုလ်
ာက္ခချုပ်ရုံးခန်းတွင်ပြုလုပ်သော ရန်ကုန်နည်းပညာ
သိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊
ပါမောက္ခချုပ်များပါဝင်သောအဖွဲ့၏ အစည်းအဝေး
တ်ချက်များဖြင့် ဘွဲ့လွန်သင်တန်းများ၏ ရေးဖြေ
းပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ ရက်နေ့တွင်
ပြန်ကြေညာခဲ့ပါကြောင်း၊
နောက် ၂၂-၅-၂၀၁၃ ရက်နေ့၊ ၂၃-၅-၂၀၁၃ ရက်
င့် ၂၅-၅-၂၀၁၃ ရက်နေ့များတွင် လူတွေ့၊ နှုတ်ဖြေ
းပွဲအတွက် အကဲဖြတ်အမှတ်ပေးအဖွဲ့ကို ဖွဲ့စည်း၍
ဆးခဲ့ရာတွင် အဆိုပါအမှတ်ပေးအဖွဲ့သည် အမှတ်
ဂျုံမှုမဖြစ်စေရေးအတွက် အရည်အသွေးညှိလွန်းလျှင်
လည်းကောင်း၊ ကျန်းမာရေးအခြေအနေအရ မသင့်

ဟု ယူဆလျှင်သော်လည်းကောင်း ၅၀ မှတ်အထိသာ အနည်းဆုံးပေးရန်နှင့် ဘာသာရပ်ဖြေဆိုမှု၊ ကိုယ်ရည်ကိုယ်သွေး၊ အင်္ဂလိပ်စာပြောဆိုနားလည်နိုင်မှု၊ ရည်ရွယ်ထားမှုနှင့် ဖြေဆိုနိုင်မှု စသည်များတွင် အလွန်ထူးချွန် (Excellent) ဖြစ်ပါက အများဆုံး ၇၅ မှတ်ပေးရန်နှင့် ၎င်း ၅၀မှတ်နှင့် ၇၅မှတ်ကြားတွင် အဆင့်သုံးဆင့်၊ အလယ်တွင်အမှတ်လျာထား၍ များသောအားဖြင့် ၎င်း Zone တွင်သာပေးရန် ဆွေးနွေးသဘောတူဆုံးဖြတ်ခဲ့ပါကြောင်း၊

(င) ၂၇-၅-၂၀၁၃ ရက်နေ့တွင်ကျင်းပခဲ့သော ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်စာမေးပွဲအောင်မြင်သူများစာရင်း ထုတ်ပြန်ရန်အတွက် ရန်ကုန်နည်းပညာတက္ကသိုလ်၏ ပညာရေးအဖွဲ့ အစည်းအဝေး(၂/ ၂၀၁၃)တွင် မြို့ပြအင်ဂျင်နီယာဌာနမှဖွင့်လှစ်မည့် မဟာဘွဲ့လွန်သင်တန်းငါးခုအတွက် သင်တန်းသားဦးရေ ၆၅ ဦးလျာထားပြီး Water Resources အတွက် ၁၀ ဦး၊ Geotechnical အတွက် ၁၂ ဦး၊ Transportation အတွက် နှစ်ဦးနှင့် Construction Management အတွက် ခုနစ်ဦး စုစုပေါင်း ၃၁ ဦး လက်ခံပြီးဖြစ်သဖြင့် Structural အတွက် ရေးဖြေအောင်မြင်သူ ၅၄ ဦးအနက် ၃၄ ဦးကို မြို့ပြအင်ဂျင်နီယာဌာန၏ ကြိုတင်အရေအတွက်သတ်မှတ်ချက်နှင့်သက်ဆိုင်ရာဌာနကိုယ်စားလှယ်၏ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့ပါကြောင်း၊

(စ) မြို့ပြအင်ဂျင်နီယာဌာနတွင် လက်ရှိအားဖြင့် ဆရာ ဆရာမ ဦးရေ ၁၁ ဦးသာရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစ၍ ကျမ်းပြုစုကာလသို့ စတင်ဝင်ရောက်သည့် ကျောင်းသားဦးရေ ၅၈ ဦးရှိနေသဖြင့် လည်းကောင်း၊ မဟာအင်ဂျင်နီယာ/မဟာသိပ္ပံသင်တန်းများဖွင့်ရန် အဆိုပြုတင်ပြထားသဖြင့်လည်းကောင်း အဆိုပါဌာနအတွက် ဝန်နှင့်အား မလိုက်ဖက်နိုင်သည့် အခြေအနေဖြစ်သဖြင့် တက္ကသိုလ်ပညာရေးအဖွဲ့၏ သဘောထားဖြင့် ထပ်မံအရေအတွက် တိုးမြှင့်ရန်မဆုံးဖြတ်ဘဲ သက်ဆိုင်ရာဌာနမှ တောင်းခံထားသည့်အရေအတွက်အတိုင်း ခွင့်ပြုပေးခဲ့ပါကြောင်း၊

(ဆ) ထို့အပြင် မြို့ပြအင်ဂျင်နီယာဌာနမှ ဖွင့်လှစ်မည့်သင်တန်းငါးခုတွင် Structural သင်တန်းအတွက် ၃၄ ဦးအထိ လက်ခံရာတွင် လူတွေ့စစ်ဆေးမှု အခြေအနေအရလည်း သင့်လျော်သည်ဟု သုံးသပ်ရရှိပြီး ရေးဖြေ၊ နှုတ်ဖြေ အမှတ်အနည်းအများအလိုက် စိစစ်၍ ရွေးချယ်ထားခြင်းဖြစ်ပါကြောင်းနှင့် မြို့ပြအင်ဂျင်နီယာဌာနတွင် ဖွင့်လှစ်မည့်သင်တန်းငါးခုအတွက် မူလသတ်မှတ်ချက်အတိုင်း ၆၅ ဦး အထိသာ ခွင့်ပြုပြီး အရေအတွက်ဖြတ်တောက်ခဲ့ပါကြောင်း။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် ဘွဲ့လွန်သင်တန်းများ (ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့နှင့်ပါရဂူဘွဲ့) တွင် ပညာရည်အဆင့်မြင့်မားသူများကိုသာ ရွေးချယ်၍ ဌာနများမှလက်ခံသင်ကြားနိုင်သော ပမာဏနှင့်ညှိနှိုင်းကာ အရည်အချင်းအပြည့်မီဆုံး ကျောင်းသား ကျောင်းသူများကို တက္ကသိုလ်ပညာရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း။

၃။ **ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စံပြဆေးရုံကြီးတွင် လူနာများအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း** အကြံပြုတင်ပြချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ စံပြဆေးရုံကြီးတွင် 750 KVA နှင့် 315 KVA Transformer နှစ်လုံး တပ်ဆင်အသုံးပြုလျက်ရှိပြီး 500 KVA Transformer တစ်လုံး ထပ်မံတပ်ဆင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၄။ **စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံသားများအပေါ် အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ အခွန်နှစ်ထပ်စည်းကြပ်မှုရှောင်ရှားရေးသဘောတူစာချုပ် ADTA Agreement လက်မှတ်ရေးထိုးထားသည့်နိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများအပေါ် ဥပဒေမှပေးအပ်သည့် အခွင့်အရေးအပြည့်အဝရရှိရေးအတွက် အကြံပြုတင်ပြချက်နှင့်စပ်လျဉ်း၍** နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်အား ၁၃-၇-၂၀၁၃ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထပ်မံရှင်းလင်းတင်ပြရာတွင် မြန်မာ-စင်ကာပူ ADTA စာချုပ် အပိုဒ်(၁၅) အရ စင်ကာပူနိုင်ငံအခွန်ဌာနက ကောက်ခံခွင့်ရှိသည့်ကိစ္စနှင့် မြန်မာနိုင်ငံက ဝင်ငွေခွန်စည်းကြပ်ကောက်ခံခွင့်ရှိသည့်ကိစ္စများကိုဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဝင်ငွေခွန်ဥပဒေများအရ ပြည်ပနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိနေသောနိုင်ငံသားများသည် လစာခေါင်းစဉ်မှ ဝင်ငွေစုစုပေါင်းအပေါ်တွင် နိုင်ငံခြားငွေဖြင့် ၁၈-၈-၂၀၁၁ ရက်နေ့အထိ ၁၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ၁၉-၈-၂၀၁၁ ရက်နေ့မှ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ နှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁-၁၂-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၇/ ၂၀၁၁ ဖြင့် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်အောက်ရှိ စုစုပေါင်းဝင်ငွေအပေါ် နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ခြင်းအား ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုခဲ့ပါကြောင်း။

၅။ စင်ကာပူနိုင်ငံတွင် အခွန်ပေးဆောင်ထားမှုမရှိခြင်း၊ ပေးဆောင်ထားခြင်းအပေါ်တွင် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက အခွန်ပေးဆောင်ထားကြောင်း မှတ်ယူ၍မရနိုင်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၄/၂၀၀၆ နှင့် ၁၅၇/၂၀၁၁ တို့အရ အကျုံးဝင်သော ကာလအပိုင်းအခြားအလိုက် သက်ဆိုင်သည့်အခွန်နှုန်းထားများအတိုင်း နိုင်ငံခြားငွေဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပြီး ၁-၁-၂၀၁၂ ရက်နေ့ နောက်ပိုင်းကာလများအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့ပါကြောင်း။

၆။ **ဟောင်းနွမ်းငွေစက္ကူများအား သုံးစွဲရာတွင် အဆင်ပြေစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ တစ်စုံတစ်ရာစီစဉ်ပေးပါရန်** အကြံပြုချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြထားပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်ခွဲအားလုံးတွင် ဟောင်းနွမ်း/ စုတ်ပြဲ/ ချွတ်ယွင်းငွေစက္ကူများကို လက်ခံလဲလှယ်ပေးသည့်ကောင်တာ (Exchange Counter) ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

(ခ) ငွေစက္ကူအင်္ဂါရပ်များနှင့်ပြည့်စုံ၍ သုံးစွဲရန်မသင့်သော ဟောင်းနွမ်းငွေစက္ကူများ၊ အပိုင်းပိုင်းဆက်စပ်ထားသော်လည်း အင်္ဂလိပ်/ မြန်မာအက္ခရာနှင့် နံပါတ်စဉ်နှစ်ခုစလုံးမှ စုတ်ပြဲဆက်စပ်ထားခြင်းမရှိဘဲ မူလပကတိအတိုင်းရှိသည့် ငွေစက္ကူများ၊ အင်္ဂလိပ်(သို့မဟုတ်) မြန်မာအက္ခရာနှင့် ဂဏန်းအပြည့်အစုံပါရှိပြီး မျက်နှာပြင်ဧရိယာသည် သုံးပုံနှစ်ပုံထက်မငယ်သည့် ငွေစက္ကူများ၊ အက္ခရာနှင့်နံပါတ်စဉ်နှစ်ခုစလုံးတွင် အများဆုံးဂဏန်းသုံးလုံးစီအထိ စုတ်ပြဲပျက်စီးနေစေကာမူ ယင်းနံပါတ်နှစ်ခုကြားတွင် ဆက်စပ်ထားမှုလုံးဝမရှိဘဲ မူလပကတိအတိုင်းရှိနေသည့် ငွေစက္ကူများနှင့် ငွေစက္ကူအစစ်အမှန်ဖြစ်ပြီး ဟောင်းနွမ်း/စုတ်ပြဲ/ဆီစွန်း/ဓာတ်ဆေး/ ဆိုးဆေးများ စွန်းထားသော်လည်း တစ်ဝက်ထက်ကျော်သောငွေစက္ကူများအား လဲလှယ်ထုတ်ပေးလျက်ရှိရာ ထိုသို့လဲလှယ်ပေးရာတွင် ငွေစက္ကူနောက်ကျောဘက်တွင် စက္ကူ/ Cellotape ကပ်ရန်မလိုဘဲ လဲလှယ်ပေးပါကြောင်း၊

(ဂ) မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ လဲလှယ်ပေးနိုင်ခြင်းမရှိသော ဟောင်းနွမ်း/စုတ်ပြဲ/ချွတ်ယွင်း/မီးလောင်/ခြကိုက်/ဆွေးမြည့် ငွေစက္ကူများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲ)တို့တွင် လဲလှယ်နိုင်ကြောင်း ပြည်သူလူထုသို့ ရှင်းလင်းပြောကြားအကူအညီပေးလျက်ရှိပါကြောင်း၊

(ဃ) ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလမှစတင်ခဲ့သော ဟောင်းနွမ်း/ စုတ်ပြဲ/ချွတ်ယွင်း ငွေစက္ကူများအား လဲလှယ်ပေးသည့်စီမံချက်ကာလအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ တိုးမြှင့်လက်ခံပေးမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြန်ကြားချက်အား ဖော်ပြအပ်ပါသည်။

၇။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုများအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ စားပွဲတင်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်

မန္တလေး ဩဂုတ် ၁၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင် တင်းနစ်ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက မန္တလေးတက္ကသိုလ်အားကစားရုံ၌ ကျင်းပသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော မြင်းခြံဒီဂရီကောလိပ်မှ မောင်သက်ဇင်နှင့်ဒုတိယဆုရရှိသော မန္တလေးတက္ကသိုလ်မှ မောင်လင်းဟိန်းတို့အား မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင့်တင့်ကလည်းကောင်း၊ ပထမဆုရရှိသော ရတနာပုံတက္ကသိုလ်မှ မောင်ဘုန်းမြတ်မင်းအား မန္တလေးအဝေးသင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်မောင်လှက လည်းကောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ရတနာပုံတက္ကသိုလ်မှ မောင်ဘုန်းမြတ်မင်းနှင့် မောင်စိုင်းသူရအောင်၊ ဒုတိယဆုရရှိသော မိတ္ထီလာတက္ကသိုလ်မှ မောင်မင်းမင်းနှင့်မောင်ဖြိုးမင်းအောင်၊ ပထမဆုရရှိသော စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မောင်သူရအောင်နှင့် မောင်ထွန်းဝင်းဇော်တို့အား မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်ဆွေမြင့်ကလည်းကောင်း၊ အသင်းလိုက် ပြိုင်ပွဲတွင် တတိယဆုရရှိသော ရေနံချောင်းဒီဂရီကောလိပ်၊ ဒုတိယဆုရရှိသော ရတနာပုံတက္ကသိုလ်၊ ပထမဆုရရှိသော မန္တလေးတက္ကသိုလ်အသင်းတို့အား အဆင့်မြင့် ပညာဦးစီးဌာန(အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က တံခွန်စိုက်ဖလားရရှိသော မန္တလေးတက္ကသိုလ်အသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

တင်မောင်(မန္တလေး)

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ ဆရာ ဆရာမများပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၅

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲကာ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြများသည် အခြေခံပညာအထက်တန်းအဆင့်တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်းအုပ်များနှင့် အလယ်တန်းပြများသည် အခြေခံပညာအလယ်တန်းအဆင့်တွင် လည်းကောင်း၊ မူလတန်းကျောင်းအုပ်များနှင့် မူလတန်းပြများသည် အခြေခံပညာမူလတန်းအဆင့်တွင်လည်းကောင်း၊ အငြိမ်းစားဆရာ၊ ဆရာမများသည် သက်ဆိုင်ရာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **"ပညာအရည်အသွေးမြင့်မားဖို့၊ ဆရာ့အရည်အချင်းမြှင့်တင်စို့"** ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်းရေးသားရန်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာရေးသားရန်၊ စာမျက်နှာအမှတ်စဉ်တပ်ရန်နှင့် စာမူနှင့်အတူ ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့် ကျောင်းလိပ်စာ၊ အိမ်လိပ်စာတို့ကို သီးခြားစာရွက်ဖြင့်ရေးသားပြီး ပူးတွဲဖော်ပြရမည်။

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့်ရောင်စုံလိုင်စင်ဓာတ်ပုံ(တစ်လက်မခွဲ၊ နှစ်လက်မ)သုံးပုံတို့ကို စာအိတ်တွင်လုံခြုံစွာထည့်သွင်းပြီး ဒေါ်ခင်ဝေမြင့် ကျောင်းအုပ်ကြီး ရန်ကင်းပညာရေးကောလိပ် ရန်ကုန်မြို့သို့ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အိုးပုတ်ပွဲတော်ကျင်းပ

မန္တလေး ဩဂုတ် ၁၅

မြန်မာနိုင်ငံ၏တစ်ခုတည်းသော တစ်ရက်တည်းသာကျင်းပသည့် ရိုးရာအစဉ်အလာမပျက် အိုးပုတ်ပွဲတော်ကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မန္တလေးအောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်အကွက် ၅၂ ပတ္တမြားတောရပ်ကွက် စည်သာလမ်း၊ ကမ်းနားပတ်လမ်းဘေးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အောက်ပုံ)** အိုးပုတ်ပွဲတော်တွင် တောင်ပြုံးပွဲတော်မှ ပြည်သူများ၊ မန္တလေးဒေသခံပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားလှပြီး အိုးပုတ်ပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြင်းမူမြို့နယ် ရှိမ်းမကား၊ ကျောက်မြောင်းမြို့နယ်ဒေသမှ နွယ်ငြိမ်းကျေးရွာအစရှိသော မြေထည်လုပ်ငန်း၊ စဥ့်ထည်လုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာများမှ သုံးရက်ကြိုလာရောက်ခင်းကျင်း ရောင်းချကြရာ ကလေးကစားစရာ အိုးပုတ်များသာမက မီးဖိုချောင်သုံး မြန်မာ့ရိုးရာမြေထည်၊ စဥ့်ထည်ပစ္စည်းများနှင့် အိုးထည်များ ရောင်းချကြကြောင်း တွေ့ရှိရသည်။ အဆိုပါ ပွဲတော်တွင် နှစ်ပေါင်း ၂၅ နှစ်ကြာ နှစ်စဉ်မပြတ် လာရောက်ရောင်းချသည့် မြင်းမူမြို့နယ်သူ မလှမြင့်က "အရီးတို့က တောင်ပြုံးအလာခရီးတစ်ထောက်နားရင်း ဒေသထွက်အိုးပုတ်နဲ့ စဥ့်အိုးတွေကို လာရောင်းတာပါ။ ရောင်းကောင်းတယ်ကွယ့်။ တချို့ကလည်း ဝယ်တဲ့သူငါးခုမှာ တစ်ခုကတော့ ပိုယူသွားတာ ဓလေ့လို့ ဆိုရမယ်ကွယ်"ဟု ပြောကြားသည်။

တင်မောင်(မန္တလေး)

မြန်မာနိုင်ငံ၏ သမိုင်းဝင်ရှေးဟောင်းလက်ရာ

စစ်ကိုင်းမြို့သည် ဘာသာသာသနာထွန်းကားပြီး သမိုင်းနောက်ခံရှိသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ စစ်ကိုင်းမြို့၌ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးများ၊ ရှေးဟောင်းအမွေအနှစ်များကို တွေ့ရှိရသည်။

စစ်ကိုင်းမြို့၏မြောက်ဘက် ရွှေမင်းဝံရပ်ကွက်အတွင်း၌ ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူသုခါဝဟစေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ မြန်မာနိုင်ငံ၏တစ်ဆူတည်းသော ပတ္တဟတ္ထသပိတ်ပိုက်ရုပ်ပွားတော်ကြီးနှင့် ပါဒစေတီတော်အတွင်းနံရံများ၌ အေဒီ ၁၈ ရာစုခန့်က ညောင်ရမ်းခေတ်လက်ရာများဖြစ်သော နံရံဆေးရေးဇာတ်နိပါတ်ပန်းချီများကိုတွေ့ရှိခဲ့ရသည်။

နံရံဆေးရေးပန်းချီများသည် တန်ဖိုးမဖြတ်နိုင်သော လက်ရာများဖြစ်သည်။ ယခုအခါ နံရံဆေးရေးပန်းချီများသည် နှစ်ပရိစ္ဆေဒကြာမြင့်ခြင်း၊ ရာသီဥတုဒဏ်ခံရခြင်း၊ လူသားတို့၏ ဖျက်ဆီးမှုကြောင့် အနည်းငယ်သာကျန်ရှိတော့သည်ကို တွေ့ရှိရာ ယခုအခါ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ပေါ်တော်မူသုခါဝဟ စေတီတော် ဂေါပကအဖွဲ့တို့က အနီးကပ်စောင့်ရှောက်ထိန်းသိမ်းထားလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီသင့်ကြောင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

တင်မောင်(မန္တလေးကိုယ်ပွား)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပ

ယင်းမာပင် ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၌ သင်တန်းသူ ၈၀ ဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဆားလင်းကြီးမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၌ သင်တန်းသူ ၁၀၆ ဦးဖြင့်လည်းကောင်း ကျင်းပခဲ့သည်။ အဆိုပါ အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ခြင်းဖြင့် ပြည်သူများ သဘာဝဘေးနှင့်ပတ်သက်သော ဆောင်ရန်/ ရှောင်ရန်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်မည့်အပြင် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကိုပါ တိုးမြင့်လာစေပြီး ရပ်ရွာလူထုများ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့တွင် စွန့်ပစ်အမှိုက်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေးညှိနှိုင်း

ကလေး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် နိုင်ငံခြားအထောက်အပံ့တစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ၏(ODA)ကို ရယူကာ ၄ မဂ္ဂါဝပ်ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်နိုင်ရေး မြို့နယ်အထောက်အကူပြုကော်မတီမှ ဂျပန်နိုင်ငံအခြေစိုက် Ever Green Co.,Ltd. မှတစ်ဆင့်ဆောင်ရွက်သွားနိုင်ရေး တိုင်းဒေသကြီးအစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ ကလေးမြို့တွင် လျှပ်စစ်မီးကို ဖီးချောင်းရေအားလျှပ်စစ်နှင့်ဒီဇယ်အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် လေးနာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အားပေးနေကြောင်း သိရသည်။ လျှပ်စစ်မီးပေးရာတွင် လျှပ်စစ်အဖွဲ့ပိုင် ထရန်စဖော်မာ ၁၃ လုံး (၃၄၅၀) ကေဗွီအေ၊ အခြားဌာနပိုင် ၁၄ လုံး(၂၀၅၅)ကေဗွီအေ၊ တပ်ရင်းတပ်ဖွဲ့ပိုင် ၂၄ လုံး(၂၀၇၀)ကေဗွီအေ၊ ပုဂ္ဂလိက ပိုင် ရှစ်လုံး(၁၆၀) ကေဗွီအေ စုစုပေါင်းထရန်စဖော်မာ ၅၉ လုံး(၇၉၃၅) ကေဗွီ အေဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း သိရသည်။ **သျှင်နေမင်း**

စတုဒိသာအလှူတော်မင်္ဂလာ ကျင်းပရေးညှိနှိုင်း

မန္တလေး ဩဂုတ် ၁၅

(၇၈)ကြိမ်မြောက် သစ္စာအဓိဋ္ဌာန်စတုဒိသာအလှူတော်မင်္ဂလာပွဲတော်ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာပြုဆရာတော်၊ မြကျောက်ဆရာတော်၊ နဂါးကိုးကောင်ဆရာတော်တို့က စတုဒိသာအလှူတော်မင်္ဂလာပွဲကျင်းပနိုင်ရေးအတွက် ရှင်းလင်းမိန့်ကြားတော်မူကြပြီး တိုင်းဒေသကြီးမှဥပဒေချုပ်၊ သာသနာရေးဦးစီးမှူးတို့က ဩဂုတ် ၁၆ ရက်တွင် မန္တလေးတောင်ခြေ မြောက်ဘက်အဆင်း အလှူမင်္ဂလာမဏ္ဍပ်၌စတုဒိသာအဓိဋ္ဌာန်တော် မင်္ဂလာပွဲတော်အတွက်နှင့် သံဃာတော်အပါး ၁၀၀၀ အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းလျှောက်ထားကြကာ ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

တိုင်းရင်းဆေးသေတ္တာများ လှူဒါန်းပေးအပ်

ပုသိမ်ကြီး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျောင်းကျန်းမာရေး တိုင်းရင်းဆေးသေတ္တာများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲက မြို့မရပ်ကွက် အမက(၆)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအုန်းဆွေမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့မိမြို့ဖ ဦးထွန်းခင်က မြို့နယ်အတွင်း ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးအုန်းဆွေမြင့်၊ ခရိုင်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်သန်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျန်ရှိနေသော အခြေခံပညာမူလတန်းကျောင်း ၄၂ ကျောင်းအတွက် တိုင်းရင်းဆေး သေတ္တာ ၄၂ လုံး ပေးဝယ်လှူဒါန်းသည်။ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၏ လမ်းညွှန်မှု၊ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၏ အခြေခံပညာရေးကျောင်း ၁၁၀ အတွက် တိုင်းရင်းဆေးသေတ္တာများ လှူဒါန်းပေးအပ်ခဲ့ပြီး ကျန်ရှိနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်းသို့ ကျောင်းကျန်းမာရေးသုံး တိုင်းရင်းဆေးသေတ္တာများ ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ် ၁၊ ၂ နှင့် မြေတိုင်းရပ်ကွက်အမှတ်-၇၅၊ မြေကွက်အမှတ် ၂၂၈/၅၊ ၂၂၈/၇ နှင့် ၂၂၈/၈ တို့တွင် တရားမဝင်နေထိုင်ကြသူများနှင့် အများပြည်သူသိရှိစေရန် ကြေညာချက်

အထက်ဖော်ပြပါမြေကွက်များသည် ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီက နှစ် ၆၀ မြေငှားဂရန်စာချုပ်အရ တရားဝင် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော မြေကွက်များဖြစ်ကြောင်းနှင့် ယင်းမြေကွက်များပေါ်၌ လက်ရှိနေထိုင်လျက်ရှိသူများသည် ပိုင်ရေးဆိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ နေထိုင်သူများဖြစ်ကြ၍ ၎င်းတို့အား ဖယ်ရှားရန် တရားစွဲဆိုဆောင်ရွက်ရန် စီစဉ်လျက်ရှိနေပါကြောင်း၊ ထို့အပြင် ယင်းမြေကွက်များအား ခွဲစိတ်၍ဖြစ်စေ၊ ပိုင်းခြား၍ဖြစ်စေ မည်သည့်လွှဲပြောင်းခြင်းမျှမပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီ၏ လွှဲအပ်ချက်အရ-

ဦးမောင်မောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၇၃)
ABEL & Partners LLP
ရုံးအမှတ်-၅၀၄/၅၀၆၊ (ကွန်ဒို-B)၊ အခန်း A.6၊ ၃၉ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

တက္ကသိုလ်ဝင်တန်း(B)၊ အထက-၁၊ ဒဂုံတွင် ပညာသင်ကြားနေသော မောင်စိုးဝဏ္ဏနှင့် ပဉ္စမတန်း(A)၊ အလက-၁၊ ဒဂုံတွင် ပညာသင်ကြားနေသော မစုမွန်ဇော်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၁၂/မဂတ (နိုင်)၀၄၇၄၀၉ ဖြစ်ပါသည်။

ဦးဝင်းဇော်ဦး

အမည်ပြောင်း

ဦးကျော်စွာမိုး၏ သားများဖြစ်ကြသော မောင်ရဲဝင့်ထွန်းအား မောင်ဉာဏ်ဝင့်မိုး၊ မောင်အေးဝင့်ထွန်းအား မောင်အောင်ဝင့်ထွန်း၊ မောင်ဉာဏ်ဝင့်ထွန်းအား မောင်ဖွဲ့ဝင့်ဖြိုးဟု ပြောင်းလဲ ခေါ်ပါရန်။

မောင်ဉာဏ်ဝင့်မိုး၊
မောင်အောင်ဝင့်ထွန်း၊ မောင်ဖွဲ့ဝင့်ဖြိုး

မြန်မာ့ရွှေဈေးလေးရက်အတွင်း ကျပ်တစ်သောင်းကျော်မြင့်တက်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယခုရက်များအတွင်း ရွှေဆိုင်များ ဆီသို့မျက်နှာမူ၍ အကဲခတ်ကြည့်မိ တိုင်းဆိုင်အများစု၌ ရောင်းသူ ဝယ်သူတို့ အဝင်အထွက်မပြတ်ရှိနေသည်ကို တွေ့နေရသည်။

မဟာဗန္ဓုလလမ်းမကြီးနှင့် လမ်းမတော်လမ်းဆုံရာထောင့်ရှိ ရွှေလီရတနာဆိုင်မှ ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ထွေးနှင့်တွေ့ခဲ့ရာ "အရောင်းအဝယ်က သင့်တင့်တယ်လို့ပြောရင်လည်း ရပါတယ်။ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းဈေးက အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၉၇၀၀၀ ဈေးရှိနေပါတယ်။ ဈေးကဒီရက်ပိုင်းအတွင်း ပြန်တက်လာပါတယ်။ ပြီးခဲ့တဲ့လပိုင်းကဆို တစ်ကျပ်သား ၆၈၀၀၀၀ လောက်အထိ ဈေးကျခဲ့တယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ထိုမှ မဟာဗန္ဓုလလမ်းမကြီး တစ်လျှောက်ရှိ ရွှေဆိုင်များ အရောင်းအဝယ်ပုံရိပ်များကို လေ့လာလျက် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးဆီသို့ လျှောက်လှမ်းလာခဲ့သည်။ကြော်ငြာ အားကောင်းခဲ့သော ရွှေဆိုင်ကြီးများ၌ အလှူပေးနေသလားဟုပင် ထင်ရလောက်အောင် အရောင်းအဝယ်စည်ကားနေသည်ကို ထပ်မံတွေ့ရှိခဲ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးခန်း၌ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဈေးပိုပေးလျက် အရောင်းအဝယ်ပြုလုပ်နေကြသည်ကလည်း မြင်ရသူအဖို့အားကျအားရစရာကောင်းသော မြင်ကွင်းတစ်ရပ်ဖြစ်သည်။

သတင်းထောက်စာရေးသူကို မြင်မိသည်နှင့် အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က သည်နေ့ နေ့လယ်ပိုင်းမှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၉၇၀၀၀ ရှိနေပြီး ကမ္ဘာ့ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၃၆ ရှိနေသည်ဟု မမေးခင်ကတည်းကပင် ဖြေနှင့်ပြီးသားဆိုသကဲ့သို့ပင် ပြောလာခဲ့သည်။

ဆက်လက်၍ "အရောင်းအဝယ်တွေ ပြန်ကောင်းလာတယ်ဗျ။ နိုင်ငံခြားရွှေဈေးကလည်း ပြန်လိုက်လာတယ်။ မိုးရွာသီမှ သဘာဝရွှေတွင်းတွေရပ်ထားရတယ်။ ပြည်တွင်းရွှေ

အဝင်အနေနဲ့ မန္တလေး-ရန်ကုန်မှာ ရွှေအဝင်နည်းနေတယ်။ ဒါ့ကြောင့် ဈေးအနေအထားက အမြင့်ဘက်ကို ဦးတည်နေတယ်လို့ပြောရင်ရပါတယ်" ဟု ရှင်းပြသည်။

ပြီးခဲ့သော ၂၀၁၂ ခုနှစ် နှစ်ဝက်ဝန်းကျင်၌ ရွှေဈေးမှာအမြင့်ဆုံး ငွေကျပ် ၇၉၃၅၀၀ အထိတက်ခဲ့ဖူးကြောင်း၊ တစ်ကျပ်သားလျှင် ငွေကျပ် ၈၀၀၀၀၀ ကျော်သည်အထိ တက်သွားနိုင်ကြောင်း မှန်းဆခဲ့ကြသော်လည်း တကယ်တမ်း၌ငွေကျပ် ၈၀၀၀၀၀ အောက်၌သာတန့်သွားခဲ့ကြောင်း သိရှိခဲ့ရသည်။

အတွင်းရေးမှူး ဦးဝင်းမြင့်က "ကျွန်တော့်အနေနဲ့ပြောရရင် မြန်မာ့ရွှေဈေးက ပိုပြီးတက်လာဖို့ပဲရှိတယ်လို့မှန်းဆပါတယ်။ ဝယ်ယူစုဆောင်းသူများအနေနဲ့ အကိုက်ဆုံးအချိန်လို့ ဆိုချင်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၌ ရွှေအရောင်းအဝယ်လုပ်နေသောအဘ ဦးအောင်မြက "ဒီကနေ့ညနေ ဈေးအတွင်းမှာပိတ်ဈေးက အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၉၇၀၀၀ နဲ့ပိတ်သွားခဲ့တယ်။ ပြီးခဲ့တဲ့အပတ် ဩဂုတ် ၉ ရက် (သောကြာနေ့) ညနေက ငွေကျပ် ၆၈၆၀၀၀ ကျော်မှာ ရှိနေခဲ့ပေမယ့် ဒီကနေ့ရွှေဈေးနဲ့ဆို အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၁၀၀၀၀ ကျော်လောက် တက်သွားတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သန်းခေါင်စာရင်းကောက်ယူရေး နယ်လှည့်ဟောပြော

ရိခေါဒါရ် ဩဂုတ် ၁၅

ချင်းပြည်နယ် ရိခေါဒါရ်မြို့နယ် ခေါထီရ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ သန်းခေါင်စာရင်းကောက်ယူရေးနယ်လှည့်ဟောပြောပွဲကို ဩဂုတ် ၁၁ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလာလ်ပက်လောမ်က လာမည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မြို့နယ်ခွဲ မွေး/ကုဦးစီးမှူး ဒေါက်တာလာလ်ရှမ်းလျန်က နို့စားနွားမွေးမြူရေးအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးလက်ထောက်ဦးစီးမှူး ဦးနိုးအီရ်ထန်းက စိုက်ပျိုးရာသီအတွင်း သီးနှံစိုက်ပျိုးခြင်းအကြောင်းကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ညောင်လေးပင်မြို့ မြတ်သုခလမ်း စုပေါင်းလမ်းခင်း

ညောင်လေးပင် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၂)ရပ်ကွက်ရှိ တိုးချဲ့ကွက်သစ် မြတ်သုခလမ်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းခင်းပွဲကို ဩဂုတ် ၁၂ ရက်က အဆိုပါလမ်း၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆင်ပြေ

စုပေါင်းလမ်းခင်းရာတွင် မြို့မ(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများစုပေါင်း၍ ဂဝံကျောက်များ ခင်းခြင်း၊ နုန်း၊ သဲနှင့် မြေသားများဖို့ခြင်းများ ဆောင်ရွက်ခဲ့ကြသဖြင့် ဒေသခံပြည်သူများ နွေမိုးဆောင်းသုံးရာသီတွင် သွားလာရေး အဆင်ပြေကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ပူးပေါင်းဂိတ်ရှောင်ကွင်းလမ်း၌ သေနတ်တစ်လက် ဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းဖုန်း(ခ)အုပ်စုပါခုတ်ပူးပေါင်းစစ်ဆေးရေးဂိတ်ကို ရှောင်ကွင်းသောလမ်း၌ ဩဂုတ် ၁၄ ရက် နံနက် ၅ နာရီခွဲက လက်နက်နှင့်ခဲယမ်းအချို့ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဝမ်ပုံလှုပ်ရှားတာဝန်ကျ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးဂိတ်ကို ရှောင်ကွင်းသောလမ်းတွင် ရှောင်တခင်ပိတ်ဆို့စစ်ဆေးရှာဖွေနေစဉ် ပါခုတ်ရွာအရှေ့ဘက် ရော်ဘာတောလမ်းမှ ပါခုတ်ရွာဘက်သို့ အိုက်အွတ်မောင်းနှင်လာသည့် နံပါတ်မပါဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ အိုက်အွတ်လွယ်ထားသော အပြာရောင်ဂျင်းလွယ်အိတ်အတွင်းမှ BER-573309 နံပါတ်ပါ Beretta အမျိုးအစား အမေရိကန်နိုင်ငံလုပ်အနက်ရောင်ပစ္စတို သေနတ်တစ်လက်၊ ၎င်းကျည်ကတ်တစ်ခု၊ ကျည်နှစ်တောင့်တို့ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်ဇော်ဝင်းထွန်းက သက်သေများရှေ့၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် နံနက် ၇ နာရီတွင် အိုက်အွတ်နေထိုင်သော မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်ရွာ နေအိမ်ကိုလည်းကောင်း၊ နံနက် ၉ နာရီတွင် မိုင်းဖုန်း(ခ)အုပ်စု နမ့်လွတ်ရွာဟောင်း အနောက်ဘက်

လေးဖာလုံခန့်အကွာရှိ အိုက်အွတ်၏ခြံကိုလည်းကောင်း ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး၊လက်နက်ခဲယမ်းနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ ရှာဖွေ မတွေ့ရှိခဲ့ကြောင်း သိရသည်။

(လ/၀၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)နှင့် အဆင့်တူရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲအောင်မြင်၍ လူတွေ့စစ်ဆေးဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြော်ငြာခေါ်ယူထားသော ဒုတိယဦးစီးမှူးနှင့်အဆင့်တူ ရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မောင်မောင်ဝင်းစိုး ၁၁/ပဏတ(နိုင်)၀၆၂၉၄၈	(၉) မယမင်းထိုက် ၁၂/အစန(နိုင်)၁၈၂၆၁၀	(၁၇) မနှင်းလဲ့ရည် ၉/ကပတ(နိုင်)၁၉၅၀၈၈
(၂) မခိုင်ရွှေဝင်း ၈/မဘန(နိုင်)၀၉၈၂၀၃	(၁၀) မခင်စုစုလှိုင် ၉/မထလ(နိုင်)၂၂၅၂၆၈	(၁၈) မောင်ဇင်ဦး ၈/စလန(နိုင်)၁၆၁၀၅၈
(၃) မဝါဝါနု ၈/ခမန(နိုင်)၁၆၈၄၈၅	(၁၁) မဖြိုးဖြိုးခိုင် ၉/လဝန(နိုင်)၁၆၄၈၇၆	(၁၉) မမေသကြိန် ၁၂/ရပသ(နိုင်)၀၅၄၈၉၂
(၄) မသန်းသန်းစိုး ၈/မဘန(နိုင်)၀၉၂၀၇၂	(၁၂) မရီရီမြင့် ၇/ကဝန(နိုင်)၁၁၆၄၂၁	(၂၀) မမြတ်ဆုမွန် ၉/ရမသ(နိုင်)၁၂၅၈၁၁
(၅) မဟေမာဦး ၈/မကန(နိုင်)၁၆၁၆၆၀	(၁၃) မခင်မို့မို့အောင် ၇/ပမန(နိုင်)၁၃၇၂၇၆	(၂၁) မယုမြတ်မွန် ၉/တသန(နိုင်)၁၄၀၃၁၀
(၆) မလှဲ့လှဲ့မျိုး ၁၃/တကန(နိုင်)၁၇၁၂၆၃	(၁၄) မသိမ့်သိမ့်မိုး ၈/နမန(နိုင်)၁၃၅၆၁၆	(၂၂) မယုမြတ်နိုး ၉/မထလ(နိုင်)၂၃၃၈၆၈
(၇) မစုလိုင်မိုး ၈/ပဖန(နိုင်)၀၉၃၀၃၈	(၁၅) မအေးအေးမြင့် ၁၄/ပသန(နိုင်)၁၉၈၃၅၁	(၂၃) မလှလေးစိန် ၉/သစန(နိုင်)၁၂၉၅၃၀
(၈) မဇာခြည်မင်း ၈/မကန(နိုင်)၁၆၈၆၃၅	(၁၆) မအိအိဖြိုး ၉/ညဥန(နိုင်)၁၅၆၈၈၀	(၂၄) မမေလှဲ့သင်း ၁၂/ခရန(နိုင်)၀၈၉၂၂၁

၂။ အဆိုပါစာမေးပွဲအောင်မြင်သူများသည် ၂၇-၈-၂၀၁၃ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(စီမံရေးရာဌာန) ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃များသို့ သတင်းပို့ဆက်သွယ်ရန်ဖြစ်ပြီး ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုဝေးခန်းမ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)သို့ မပျက်မကွက် လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်။

ပြည်တွင်းသတင်း

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

၂၀၁၃-၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၅၁ သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၂၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၇ ဒသမ ၇၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၄ ဒသမ ၄၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၇၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၉ ဒသမ ၁၃ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၅ သန်းရှိခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၄၃ ဒသမ ၃၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၁ ဒသမ ၃၁ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆၄ ဒသမ ၆၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၁၆ ဒသမ ၆၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၉ ဒသမ ၆၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၃၆ ဒသမ ၃၀ သန်းရှိခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇၁ ဒသမ ၆၃ သန်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

(သတင်းစဉ်)

တိုးမြှင့်ပင်စင် ခံစားခွင့်ရရှိရေးစိစစ်ဆောင်ရွက်ပေး

ပခုက္ကူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းငါးဦးတို့ပါဝင်သော အဖွဲ့သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ပခုက္ကူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (ခရိုင်ဘဏ်)သို့ လာရောက်ကာ မြို့ပြ/နိုင်ငံရေးပင်စင်စားများအတွက် ၁-၄-၂၀၁၃ ရက်နေ့မှစ၍ ခံစားခွင့်ရှိသော တိုးမြှင့်ပင်စင်ခံစားခွင့်ပြုမိန့်ရရှိစေရန် စိစစ်ဆောင်ရွက်လျက်ရှိသည်။ (ဓါတ်ပုံ)

ဆောင်ရွက်

ပခုက္ကူ ခရိုင်ဘဏ်တွင် မြို့ပြ/နိုင်ငံရေးပင်စင်စားဦးရေမှာ ၂၁၀၀ခန့်ရှိပြီး တိုးမြှင့်ပင်စင်ခံစားခွင့်ပြုမိန့် ရရှိသူမှာ ၁၅၀၀ ခန့်ရှိနေကာ တိုးမြှင့်ပင်စင်ခံစားခွင့်ပြုမိန့်ရရန် ၆၀၀ ခန့်ကျန်ရှိနေသဖြင့် စိစစ်ခွင့်ပြုမိန့် ထုတ်ပြန်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဟု တာဝန်ရှိသူများက ဆိုသည်။

အောင်(မန်းတက္ကသိုလ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၅-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၇၀၀၀-၆၅၆၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၇၀၀၀-၆၅၆၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈- ၉၇၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၂- ၁၃၀၀ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၂- ၇၇၄ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃၅- ၃၀. ၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅- ၁၅. ၈၈ကျပ်
တရုတ်	တစ်ယွမ်	၁၅၆- ၁၅၉ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၂- ၂၉၇ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၅၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၅၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၅၀၀ - ၅၇၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၇၅၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ -၂၇၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၈၀၀ -၁၂၈၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၅၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၉၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၈၀-၆၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၀၀-၄၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၈၀-၁၁၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဆပ်ပြာစက်ရုံများရှိ ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုးရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုး

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၃ ရက် ညနေ ၄ နာရီ

ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် -

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း - ၀၆၇-၄၀၈၃၇၇

ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) - ၀၆၇-၄၀၈၃၈၁

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ သိုလှောင်ရုံဝင်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၂)၊ ယာဉ်ပြင်အလုပ်ရုံ (Workshop) (80'x40'x25') RC နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်းအား အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၈-၂၀၁၃ ရက်မှ ၁၃-၉-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၉-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် ၃၂ ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ခြံစည်းရိုးကာရံခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ သိုလှောင်ရုံဝင်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အလျား ပေ၂၀၀၊ အမြင့် ၆ ပေ၊ အောက်ခံအုတ်ခုံပါ Chain Link ဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နိုင်မည့်ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၈-၂၀၁၃ ရက်မှ ၂၆-၉-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၉-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

လေလံကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ပြင်(ယန္တရား)ရုံးချုပ်ယာဉ်၊ နေပြည်တော်ရှိ ယာဉ်အပိုပစ္စည်းအဟောင်းများကို အိတ်ဖွင့်ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

တင်ဒါပုံစံရောင်းမည့်ရက် - ၁၇-၈-၂၀၁၃ ရက်မှ ၁၉-၈-၂၀၁၃ ရက်အထိ

တင်ဒါလက်ခံစိစစ်မည့်ရက်/အချိန် - ၂၀-၈-၂၀၁၃ရက် နံနက် ၉း၀၀ နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - စက်ပြင်(ယန္တရား) ရုံးချုပ်ယာဉ်၊ စက်မှုဦးစီး၊ ရုံးအမှတ်(၁၁)ဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၉၂၀၆၀၀၆၊ ၀၆၇-၄၀၇၅၈၇

လေလံတင်ရောင်းချရေးအဖွဲ့

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ရေကြီးရေလျှံ ရေဘေးဒဏ်ခံရသော်လည်း ဆုံးရှုံးမှုအနည်းဆုံး ရုန်းထနိုင်ခဲ့သော ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် ပြီးခဲ့သော ဇူလိုင်လ ၂၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပါသည်။ ဇူလိုင် ၂၈ ရက်၊ ၂၉ ရက်များတွင်လည်း ဆက်တိုက်ရွာသွားခဲ့ပြန်သည်။ တစ်ဖက်နိုင်ငံနှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်ပါ ထူးခြားမိုးရွာသွန်းမှုများကြောင့် ကရင်ပြည်နယ် မြဝတီမြို့မှစ၍ ရေကြီးရေလျှံကာ ရေဘေးဒုက္ခခံစားခဲ့ကြရသည်။ ခါတိုင်းနှစ်များတွင်လည်း ဩဂုတ်လလယ်ခန့်တွင် ကြုံတွေ့နေကျဖြစ်၍ ရေကြီးရေလျှံမှုကို အန်တုနေကျဖြစ်သော်လည်း ယခုနှစ် ရေကြီးနစ်မြုပ်မှု၊ ရေလွှမ်းမိုးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၊ ၄၀ အတွင်းကထက် ပို၍ကြီးမားသည်။ စိုးရိမ်ရေမှတ်များအထက်သို့ မကြုံစဖူးရောက်ရှိခဲ့သည်။ ဩဂုတ် ၄ ရက်တွင် သံလွင်မြစ်ရေသည် ဘားအံမြို့၌ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက် ၈၀၄ စင်တီမီတာအထိ ရောက်ရှိခဲ့သည်။ပို၍ဆိုးသည်မှာ တစ်ဖက်နိုင်ငံ၏ ဆည်တမံရေလျှံပေါက်များမှ အခြေအနေအရ ရေထုတ်မှုမှာလည်း ပိုမိုများပြားခဲ့ခြင်းကြောင့် ပိုမိုဆိုးရွားခဲ့ကြောင်း သိရသည်။ မြဝတီမြို့ ကုန်းမြင့်ပိုင်းရပ်ကွက်များအထိ ရေကြီးနစ်မြုပ်ခဲ့သည်။ ပစ္စည်းများ ဆုံးရှုံးမှုမရှိသလောက်နည်းပါးခဲ့ခြင်း၊ လူသေပျောက်နှုန်း နည်းပါးခဲ့ခြင်းတို့သည်လည်း ရေကြီးရေလျှံ ရေလွှမ်းမှုနှင့် နှိုင်းစာလျှင် အံ့ဩဖွယ်ကောင်းလောက်အောင်ပင်ဖြစ်ပါသည်။ ဒေါနတောင်တန်းနှင့် ဇွဲကပင်တောင်ဝန်းကျင်မှလွဲ၍ ပြည်နယ်တစ်ခုလုံး ပင်လယ်ကြီးသဖွယ် ရေပြင်ကျယ်ကြီးဖြစ်ခဲ့သည်ကို ဒုတိယသမ္မတ၏ ရေဘေးဒုက္ခသည်များကယ်ဆယ်ရေးခရီးစဉ်တွင် ရဟတ်ယာဉ်ပေါ်မှ ရိုက်ကူးထားရှိသော သတင်းတွင် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

မြဝတီတွင် ရေကြီးစဉ်အတွင်း လူသေဆုံးသူ သုံးဦးခန့်ရှိခဲ့သော်လည်း ရေဘေးတိမ်းရှောင်ရင်း လွတ်ကင်းနိုင်မည့် အခြေအနေပေးပါလျက် မတော်တဆ ပြုတ်ကျသေဆုံးမှုများသာ ဖြစ်ခဲ့သည်။ ပျောက်ဆုံးမှုပေါ်ပါသွားခြင်းမျိုး လုံးဝမရှိခဲ့ခြင်းသည် ဒေသခံလုပ်သားပြည်သူတို့၏ ရေဘေးအန္တရာယ်သတိရှိမှုများပင် ဖြစ်ပါသည်။ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံမှု အတွေ့အကြုံများရှိခြင်း၊ သဘာဝတောင်ကုန်း တောင်တန်းများနှင့် ကုန်းမြင့်များသည် ကယ်ဆယ်ရေးစခန်းများအသွင် တည်ရှိနေခြင်း၊ တာဝန်ရှိသူများ၏ အချိန်နှင့်တစ်ပြေးညီ ကွပ်ကဲနိုးဆော်ရွှေ့ပြောင်းပေးနိုင်ခြင်းတို့ကြောင့် နှစ်ပေါင်း ၄၀ ခန့်အတွင်း ကြီးမားပြင်းထန်သော ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သော်လည်း အခြားနောဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းများအတွင်း ဆုံးရှုံးမှု၊ ယခုရက်ပိုင်းအတွင်း ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလွှမ်းမှုတို့နှင့် နှိုင်းစာလျှင် ပစ္စည်းဆုံးရှုံးမှု၊ လူသေပျောက်မှုတို့မှာ အံ့ဩဖွယ်ကောင်းလောက်ပင် နည်းပါးခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ကွဲ ၁၁ ကောင်၊ နွား ၁၉၉ကောင်၊ ဆိတ် ၄၃ ကောင်၊ဝက်ကောင်ရေ ၇၀ သာ ဆုံးရှုံးမှုရှိခဲ့ရာ စုစုပေါင်း ၃၂၃ ကောင်သာဖြစ်ပါသည်။ ပြည်နယ်တစ်ခုလုံး ရေကြီးလွှမ်းမိုးနစ်မြုပ်ခဲ့ရသော်လည်း ဤမျှလောက်သာ ဆုံးရှုံးမှုမှာ မပြောပလောက်သည်ကို မှန်းဆတွက်ချက်နိုင်ပါသည်။ လယ်ယာမြေများ ရေနစ်မြုပ်မှုတွင် ရေလွှမ်းဧက ၄၁၇၁၆ ဧကရှိခဲ့ပြီး ရက်ပိုင်းအတွင်း ရေနစ်မြုပ်မှုမှာ ပြန်လည်ပေါ်ခဲ့၍ ဩဂုတ် ၉ ရက်အထိ ရေပြန်ပေါ်ရန် ကျန်ဧကမှာ ၁၈၈၄ ဧကသာ ကျန်ရှိကြောင်း၊ ရေကြီးမှုကြောင့် ထိခိုက်ဧက ၁၄၀၆၇ ရှိသော်လည်း ပျက်စီးဆုံးရှုံးမှုမှာ ၃၆၇၆ ဧကသာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရပါသည်။

ဓာတ်ပုံ-နိုင်နိုင်ထွန်း(ကျုံဒိုး)

ပြည်နယ်တစ်ခုလုံးတွင် ပျက်စီးဧက ၅၀၀၀ ကျော်ခန့်သာ ရှိနိုင်ကြောင်း၊ ရေကျနောက်စိုက်လယ်များအဖြစ် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးလိုအပ်ချက်၊ ဓာတ်မြေဩဇာ လိုအပ်ချက်တို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးမှု၊ ပုဂ္ဂလိကနှင့် INGO၊ NGO အဖွဲ့များမှ ကူညီပံ့ပိုးမှုဖြင့် အမြန်ဆုံး ပြန်လည်ဖြည့်တင်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနမှ ကျောင်းပေါင်း ၃၉၂ ကျောင်းခန့် ရေကြီးစဉ်ကာလအတွင်း ပိတ်ထားခဲ့ရသော်လည်း ဩဂုတ် ၈ ရက်တွင် ၁၆၈ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး မြစ်ရေများ ကျဆင်းသွားသော်လည်း မြေနိမ့်ပိုင်း ၂၄ ကျောင်းမှာ ရေမြုပ်နေဆဲဖြစ်၍ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း၊ သို့ရာတွင် နီးစပ်ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ အိမ်များတွင် ဖွင့်လှစ်သင်ကြားနေကြောင်း သိရှိရသည်။ ဘားအံမြို့နယ် သံလှယ်ကျေးရွာတွင် ရေဘေးဒဏ်ကြောင့်မဟုတ်ဘဲ လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော အထက်တန်းကျောင်းကြီးကိုလည်း ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ရေကြီးနစ်မြုပ်သော စပါးခင်းများကို ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်း၊ ပျိုးခင်းများ ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်း၊ ပျိုးကျန်များဖြင့် ပျက်စီးလယ်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် ရေကျချိန်၌ ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရန် ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ တိရစ္ဆာန်ဆေးကုဆရာဝန် ၃၀ ပါဝင်သော ဆေးဝါးကုသရေးအဖွဲ့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်စေလျက် (Task Force) အဖွဲ့ ဖွဲ့စည်း၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ လာရောက်ခဲ့ကြပြီး ကျေးရွာတစ်ရွာချင်းအလိုက် ကာကွယ်ဆေးထိုးနိုင်ခြင်း၊ ကုသခြင်း၊ ဖြည့်စွက်စာနှင့် ဆေးဝါးများပေးအပ်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးဟောပြော စာရင်းကောက်ယူခြင်း ဆောင်ရွက်ခဲ့သည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကရင်ပြည်နယ်အတွက် ဖြည့်စွက်စာ (Super Feed) နှင့် ဆေးဝါးတန်ဖိုးငွေကျပ် ၄၅ သိန်းခန့်ကို ပေးပို့လှူဒါန်းခဲ့ပြီး ရက်ပိုင်းအတွင်း မြို့နယ်များသို့ ဖြန့်ဖြူးပေးပို့ခဲ့သည်။

ရေကြီးရေလွှမ်းမှု စတင်ခဲ့သည့် ဩဂုတ် ၂ ရက်တွင် ကယ်ဆယ်ရေးစခန်း ၇၉ ခု ဖွင့်လှစ်ခဲ့ရာ အိမ်ထောင်စု ၆၈၉၆ စု၊ လူဦးရေ ၃၄၂၈၄ ဦး ရေဘေးဒဏ်ခံခဲ့ကြရပြီး ယခုအခါ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း နှစ်ခု၊ လှိုင်းဘွဲ့မြို့နယ်(ရွှေဂွန်း)တွင် ကယ်ဆယ်ရေးစခန်း တစ်ခု စုစုပေါင်း ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုသာကျန်ရှိပြီး အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၂၃၀ သာ ကျန်ရှိသည်။ ယခုအချိန်တွင် ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများ ကျဆင်းနေပြီဖြစ်ရာ သံလွင်မြစ်ရေသည် ဘားအံမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၃ စင်တီမီတာသို့လည်းကောင်း၊ ဂျိုင်းမြစ်၊ ဟောင်သရောမြစ်တို့သည် စိုးရိမ်ရေမှတ်အောက် ၉၅ စင်တီမီတာ၊ ဇမိမြစ်သည် စိုးရိမ်ရေမှတ်အောက် ၄၅၆ စင်တီမီတာ အထိလည်းကောင်း ကျဆင်းခဲ့ပြီးဖြစ်၍ ရေကြီးလွှမ်းမှုမှ လွတ်မြောက်ခဲ့ပြီးဖြစ်သည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများသည် နေ့ညမရွေး သတိကြီးစွာ၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်လည်းကောင်း၊ "ဆိုးတူကောင်းဘက် ဆောင်ရွက်မကင်း အချင်းချင်းတွင် ကြောင်းခင်းကြီးငယ် ရှိရာဝယ်လည်း မဖည်မသွေ ညီညာကုန်း၍ ရုန်းကြလေ"ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာနှင့်အညီ စုပေါင်းညီညာ ဆောင်ရွက်ကြ၍လည်းကောင်း၊ ရေကြီးရေလျှံရေဘေးဒဏ်ကို ကြံ့ကြံ့ခံ အောင်မြင်စွာတွန်းလှန်ဆောင်ရွက်ကြလျက်ရှိကြောင်း၊ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

ညွန့်ဝေမောင်(ငါးဦးစီး)

သမီးလေး မခင်မြတ်ထွန်း

Grade (10) **အထက-၂၊ ဗဟန်း အတွက်**

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သမီးလေး မခင်မြတ်ထွန်း၏ ၁၆-၈-၂၀၂၃ရက်တွင် ကျရောက်သော (၁၄)နှစ်မြောက်မွေးနေ့မှသည် သက်ရှည်ကျန်းမာ၊ ပညာရည်ပြည့်ဝ၍ အမျိုးဘာသာ၊ သာသနာကို စောင့်ထိန်းသော၊ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် သမီးကောင်း၊ သမီးမြတ်လေးဖြစ်ပါစေဟု ဖေဖေ၊ မေမေတို့၏ မေတ္တာရည်ဖြင့် တောင်းဆုပြုလိုက်ပါသည်။

ချစ်ဘိုးဘိုး၊ ဘွားဘွားများနှင့်
ချစ်ဖေဖေ-ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဇော်
ချစ်မေမေ-ဒေါ်အေးမိတိုး

ပျောက်ဆုံးကြောင်း

ဦးတိုင်းလုံးကျော်မြ၏သား ဂျွန်နသန် ၁၂/ကမတ(နိုင်)၀၀၆၈၀၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၁၄၄၃၅၊

ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၂၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၂၀ ပါ အမည်ပေါက် ဒေါ်အေးအေးမြင့်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ရင်ရင်အစား ဒေါ်ရင်မေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် (A-076295) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၅၁၄၁၅

စာဖတ်သူတွေ တမေးထဲ မေးနေကြတဲ့ စာအုပ်လေးပါ။ မြန်မာဘာသာနည်းပညာစာပေတွေထဲမှာ ပထမဆုံး ကာတွန်းရုပ်ရှင်နည်းပညာတွေအကြောင်း အခြေခံမှစလေ့လာနိုင်မယ့် တစ်ခုတည်းသော စာအုပ်ဖြစ်ပါတယ်။

သန်းထိုက်(ရွှေရိပ်) လက်တွေ့ကျကျပြုစုရေးသားသည်။

ကာတွန်းနည်းပညာအကြောင်းကို အခြေခံအကျဆုံး လက်တွေ့ရေးဆွဲနည်းများမှစ၍ ရုပ်ရှင်နည်းပညာအကြောင်း အခြားသော လေ့လာစရာ အစုံအလင်နှင့် Computer Drawing, Animation တွေကိုပါ တစ်ပါတည်းပြည့်ပြည့်စုံစုံ လေ့လာနိုင်မယ့် တစ်ခုတည်းသောစာအုပ်ဖြစ်ပါတယ်။

ကာတွန်းရုပ်ရှင်ဖန်တီးမှုနည်းပညာ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း/အရှေ့တောင်)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၁၃၉၅ဟုခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်တင်ကြီး ၁၁/မအန(နိုင်)၀၂၁၉၅၉ အမည်ပေါက် ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇ အတွင်း တည်ရှိကြပြီး အကျယ်အဝန်း ပေ(၄၀×၆၀)စီရှိကြသော ဦးလှိုင်တင် DG -၀၀၈၂၉၀ အမည်ပေါက် မြေကွက်အမှတ် ၁၂၇၃၊ ဒေါ်ခင်မြင့် ISN -၂၄၉၁၄၅ အမည်ပေါက် မြေကွက်အမှတ် ၁၂၇၄၊ ဦးလှခင် BQ -၀၂၁၆၅၉ အမည်ပေါက် မြေကွက်အမှတ် ၁၂၇၇၊ ဦးဖေအောင် N/OKA -၀၀၂၆၅၉ အမည်ပေါက် မြေကွက်အမှတ် ၁၂၇၈၊ ဦးညွန့်တင် DNU -၀၃၀၃၄၄ အမည်ပေါက် မြေကွက်အမှတ် ၁၂၇၉၊ ဦးဘကျော် CE -၀၄၀၅၈၂ အမည်ပေါက် မြေကွက်အမှတ် ၁၂၈၆တို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ အတွင်းရှိ ဦးလင်းမြင့် PMA -၁၁၂၆၈၈ အမည်ပေါက် မြေကွက်အမှတ် ၄၆နှင့် ဦးကမ်လျှံမန် TDM -၀၀၁၁၄၃ အမည်ပေါက် မြေကွက်အမှတ် (၄၇)တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုဝန်ခံကြသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များ၏ အရောင်းအဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B) စဉ်-၂၅၁၆၅
ဦးအေးမင်းသူ (LL.B) စဉ်-၂၆၁၉၉

ရှီးမဘာဏ်ဥပဒေအကြံပေး၊ အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၃၇၃၊ အကျယ်အဝန်း (အလျား ပေ၄၀×အနံ ပေ၆၀)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀ ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၁၃၇၃ဟု ခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူ ဦးစိန်မင်းထံမှ အရပ်ကတိစာချုပ်အရ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးအေးဇော်ဝင်း ၁၂/ရကန(နိုင်)၀၄၃၀၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း (LL.B, D.B.L) **အထက်တန်းရှေ့နေ**
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Fax- **၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မင်းမင်းဦး (မှတ်ပုံတင်မရှိ)သည် မိဘတို့ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို (လုံး၀) တာဝန်မယူနိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းအောင်
၃/ဘအန(နိုင်)၀၄၀၉၅၄

စာအုပ်စာပေ လူ့မိတ်ဆွေ

မဖြိုးစန္ဒာလင်းနှင့် အများသိစေရန်

မဖြိုးစန္ဒာလင်း ၁၂/မဘန (နိုင်) ၁၂၇၂၅၃ သည် ၈-၇-၂၀၂၃ ရက်မှစ၍ သူမ၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇာနည်ထွန်း
၁၂/တမန(နိုင်)၀၉၇၀၁၇
ဘုရင့်နောင်တာဝါ၊ II A
၈ လွှာ၊ ၈၀၅၊ ကမာရွတ်မြို့နယ်

ကွာရှင်းပြီးစီးပါကြောင်း

ကျွန်တော်ဦးလေးလွင် ၇/ဒဥန(နိုင်) ၀၈၆၃၈၇ နှင့် ဒေါ်တင်တင်အေး ၇/ဒဥန (နိုင်)၁၂၅၈၅၂တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ၂၁-၇-၂၀၂၃ ရက်တွင် ဒိုက်ဦးမြို့၊ အမှတ် (၇) အုပ်ချုပ်ရေးမှူး ဦးကျော်ဦးရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးပါကြောင်း။

ဦးလေးလွင် ၇/ဒဥန(နိုင်)၀၈၆၃၈၇

နိုင်ငံတကာအားကစားသတင်း

လာလီဂါအဖွင့်ပွဲစဉ်မှာ ဗလင်စီယာတို့ပျော်နိုင်ပါ့မလား

မိုးမြင့်လင်းလက်

စပိန်လာလီဂါပွဲစဉ်တွေကို ဩဂုတ် ၁၇ ရက်မှာ ကစားတော့မှာဖြစ်တာမို့ ပွဲကောင်းတွေကို စောင့်မျှော်နေတဲ့ ပရိသတ်တွေအတွက်တော့ ရင်ခုန်စရာကောင်းတဲ့ အားပေးမှုတွေနဲ့အတူ လာလီဂါညချမ်းတွေကို ဖြတ်သန်းရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဆိုစီဒက်နဲ့ ဂီတာဖေး၊ ဗယ်လာဒိုလစ်နဲ့ဘီလ်ဘာအို၊ ဗလင်စီယာနဲ့ မာလာဂါအသင်းတွေရဲ့အနေအထားကို သုံးသပ်ကြည့်လိုက်တဲ့အခါ…။

ဗလင်စီယာနှင့် မာလာဂါ

ဗလင်စီယာတို့က အိမ်ကွင်းမှာ နိုင်ပွဲရယူနေကျဖြစ်ပါတယ်။ ဆုံတွေ့ခဲ့သမျှ သမိုင်းမှတ်တမ်းမှာလည်း မာလာဂါတို့ ဗလင်စီယာကွင်းမှာ သရေပွဲ၊ နိုင်ပွဲရအောင် အသက်ရှူမှားမတတ် ကစားခဲ့ရတာချည်းပါပဲ။ ဗလင်စီယာအသင်းဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားတတ်ပြီး ပြိုင်ဘက်ကို ချေမှုန်းနိုင်တဲ့အင်အားလည်း ပိုင်ဆိုင်ထားပါတယ်။

မာလာဂါတို့ကတော့ လောလောဆယ်မှာ ပြင်ဆင်မှုတွေ ပြုလုပ်ထားပေမယ့် နောက်ဆုံးပွဲရလဒ်တွေကတော့ အနိုင်အရှုံးတွေ ရောထွေးနေပြီး ခြေစွမ်းတည်ငြိမ်မှုကို ထိန်းသိမ်းရဦးမှာဖြစ်ပါတယ်။ ဒီပွဲရလဒ်ကတော့ အိမ်ရှင်ကို မျက်နှာသာပေးမယ့် အနေအထားဖြစ်ပြီး ဧည့်သည်တို့အတွက်ကတော့ အပြုံးအပျော်တွေ ပျောက်ဆုံးရဖွယ် ရှိနေပါတယ်။

ဆိုစီဒက်နဲ့ ဂီတာဖေး

ဆိုစီဒက် ပရိသတ်တွေအတွက် ရင်ပူစရာ ပွဲစဉ်ဖြစ်ပါတယ်။ ဂီတာဖေးနဲ့ဆုံတိုင်း ဆိုစီဒက်တို့က ခြေကုန်ထုတ်ကစားခဲ့ရပြီး ရလဒ်ကောင်းဖို့ဆိုတာ အိပ်မက်လိုဖြစ်နေတတ်တာမို့ အိမ်ရှင်တို့ ရတတ်ပွဲစရာဖြစ်ရမယ့်

ကိန်းပါပဲ။ ဒါပေမယ့် ရာသီအဖွင့်ပွဲစဉ် အိမ်ကွင်းမှာ မျက်နှာပန်းလှအောင် ကြိုးစားမှာမို့ အဲဒီအားထုတ်မှုစွမ်းအားကြောင့် အိမ်ရှင်ဆိုစီဒက်တို့ အမှတ်ရယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ ဒါပေမယ့် ဆိုစီဒက်ဟာ ဒီပွဲမှာ အမှတ်ပြည့်ရယူနိုင်ရေးအတွက်သာ အာရုံထားကစားမှာမို့ မျှော်လင့်ချက်ပြည့်ဝသွားနိုင်တဲ့ အနေအထားရှိပါတယ်။

ဗယ်လာဒိုလစ်နှင့် ဘီလ်ဘာအို

နှစ်သင်းစလုံး ခြေစွမ်းတူညီကြပြီး အားထုတ်မှုအပိုင်းကလည်း ဘက်ညီကြတာမို့ ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ဗယ်လာဒိုလစ်တို့က ရလဒ်ကောင်းအောင် ကစားနိုင်နေပြီး ကြံ့ခိုင်မှုလည်း အပြည့်အဝရှိနေတဲ့ အသင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ဘီလ်ဘာအိုကလည်း နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးပွဲသုံးပွဲစလုံး နိုင်ပွဲတွေရအောင် ကစားထားနိုင်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲဖြစ်ပါတယ်။ ခြေစွမ်းပိုင်းအရ ပိုမိုမာကျောတဲ့ ဘီလ်ဘာအိုကို နှစ်သက်ပေမယ့် ဗယ်လာဒိုလစ်တို့ကလည်း အဖွင့်ပွဲစဉ်မှာ အားသွန်ကစားမှာဖြစ်သလို ရလဒ်က ညီမျှခြင်းလည်း ဖြစ်သွားနိုင်ပါတယ်။

ဘောလုံးသတင်းအတိုအထွာ မောင်ချစ်ကြည်

- မန်စီးတီးက ရီးရဲမက်ဒရစ်နောက်ခံလူ ပီပီကို ပေါင်သန်း ၂၀ဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ဂျူဗင်တပ်စ်အသင်းသည် ညာနောက်ခံလူ စတီဗင်လစ်စတီနာအား အာဆင်နယ်သို့ ရောင်းချရန် စီစဉ်နေသည်။
- စပါးကွင်းလယ်ကစားသမား စကော့ပါကာကို ကျူပီအာအသင်းက စာချုပ်တော့မည်ဖြစ်သည်။
- ဖူလ်ဟမ်အသင်းသည် အိုင်းယက်ဇ်အသင်း ကွင်းလယ်ကစားသမား ၂၁ နှစ်အရွယ်ရှိ အဲရစ်ဆင်ကို ခေါ်ယူမည်ဖြစ်သည်။
- ကျူပီအာအသင်းသည် ဂိုးသမားဆီဆာကို အသင်းမှ ထွက်ခွာခွင့်ပေးမည်ဖြစ်သည်။

အင်္ဂလန်က စကော့တလန်ကိုအနိုင်ကစား

အင်္ဂလန်အသင်းနှင့်စကော့တလန်အသင်းတို့သည် ဩဂုတ် ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစပြီး ၁၁ မိနစ်အကြာ စကော့တလန်အသင်းမှ မော်ရစ်ဆင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီးမကြာမီ အင်္ဂလန်တိုက်စစ်မှူး ဝေါကော့သ်က ချေပဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း မီလ်လာက စကော့တလန်အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် ဝဲလ်ဘက်က အင်္ဂလန်အတွက် ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ အင်္ဂလန်အတွက် အနိုင်ဂိုးကိုတော့ တိုက်စစ်မှူးရွန်းနေကို လူစားလဲပြီး သုံးမိနစ်အကြာ အသက် ၃၁နှစ်အရွယ်ရှိ ဆောက်သမ်တန်တိုက်စစ်မှူး ရစ်ကီလမ်းပတ်က သွင်းယူခဲ့သည်။

အင်ဒီမာရေး တတိယအကျော့တက်

စင်စင်နာတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ရုရှားမှ မီးခေးလ်ယုဇ်နီကိုအနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ပြီးခဲ့သော သီတင်းပတ်က မွန်ထရီရယ်ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရသော မာရေးသည် ယုဇ်နီကို ၆-၂၊ ၆-၃ဖြင့် အနိုင်ကစားခဲ့သည်။ ၎င်းသည် ပြင်သစ်တင်းနစ်ကစားသမား ဂျူလီယန်ဘင်နက်တိုးနှင့် နောက်ဆုံး ၁၆ဦး ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဝင်ဘယ်ဒန်ချန်ပီယံ ဘာတိုလီ အနားယူပြီ

ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ မာရီယွန်ဘာတိုလီသည် သူမ၏ ပထမဆုံး ဂရင်းဆလမ်ဖလားဆွတ်ခူးပြီး ရက် ၄၀အကြာ တင်းနစ်ကစားခြင်းမှ အနားယူသွားပြီဖြစ်သည်။ အသက် ၂၈ အရွယ်ရှိ ပြင်သစ်နိုင်ငံသူ မာရီယွန်ဘာတိုလီသည် ဒဏ်ရာများရရှိထားသဖြင့် အနားယူခဲ့ရသည်ဟု ဆိုသည်။

သူမသည် စင်စင်နာတီ၌ ကျင်းပသောတင်းနစ်ပြိုင်ပွဲတွင် စီမိုနာဟာလက်ကို ရှုံးနိမ့်ပြီးနောက် အနားယူရန် ကြေညာခဲ့ခြင်းဖြစ်သည်။ သူမသည် ဇူလိုင်လက ဝင်ဘယ်ဒန်ဖလားဗိုလ်လုပွဲတွင် ဂျာမနီမှ လီဆစ္စကီးကို အနိုင်ရပြီး ဖလားဆွတ်ခူးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

[illegible]

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ၄ ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးတင့်လွင်-ဒေါ်ခင်မမ(ရွှေဆိုင်)တို့၏သားကြီး

မောင်သိုက်ဒင်အောင်(ခ)အောင်ကို

B.Sc(Engineering) Gem & Gem Mining

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂ ရပ်ကွက်၊ ညီညွတ်ရေးရိပ်သာလမ်းနေ ဦးတင်ဝင်း-ဒေါ်လှလှ(MOT)တို့၏ တစ်ဦးတည်းသောသမီး

မနွယ်နီအောင်

B.Sc(Environmental Studies)

တို့သည် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်တွင် ၁၄-၈-၂၀၁၃ ရက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

၁၅-၈-၂၀၁၃ရက် (၃၂)နှစ်မြောက် မွေးနေ့ရှင်သို့

ငြိမ်းချမ်းပါစေ-**ထား**။ အောင်မြင်ပါစေ-**ထား**။

လိုအင်ဆန္ဒများ ပြည့်ဝပါစေ-**ထား**။

အေးအတူ-ပူအမျှ ကမ္ဘာတည်သရွေ့-နော်

သူငယ်ချင်းများနှင့်အတူ

အေး၊ မေ၊ အိ၊ မွန်၊ ဇင်၊ စု၊ စင်၊ နှင်း၊ အိမ့်၊ ပို

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၊ မြေကွက် အမှတ် ၅၃/က၊ မြေကွက်တည်နေရာ အမှတ် ၅၃/က၊ အာသာဝတီ(၁)လမ်း၊ ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးကံမြင့် N/OKA ၀၁၄၉၅၀ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကံမြင့်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ရရှိသူ ဒေါ်အုန်းကြိုင် ၁၂/ဥကမ(နိုင်)၁၂၅၁၂၆က ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအတွက် လိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအတွက် လိုအပ်သော လုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Desktop Computer	၄ လုံး
(ခ)	Laptop Computer	၃ လုံး
(ဂ)	Copier A3	၇ လုံး
(ဃ)	U.P.S	၃၅ လုံး
(င)	Colour Printer(Inkjet)	၇ လုံး
(စ)	Laser Printer (ဖြူ/မဲ)	၂ လုံး
(ဆ)	Scanner A4	၄ လုံး
(ဇ)	Colour Book Scanner	၃ လုံး
(ဈ)	Projector & Screen	5 Set
(ည)	Air Condition(1.5hp) Split Type	13 Set
(ဋ)	Intercom System 1 LxTES 815	1 Set
(ဌ)	PA System for Conference	3 Set
(ဍ)	Generator (မီးစက်)	2 Nos
(ဎ)	Furniture (အထွေထွေရုံးသုံးပရိဘောဂပစ္စည်းများ)	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၆-၈-၂၀၁၃ ရက်မှ ၂၇-၈-၂၀၁၃ ရက်ထိ နေ့စဉ် ၉ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၈-၂၀၁၃ ရက် နံနက် ၁၁ နာရီမှ ၁၂ နာရီအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၃၀၁၉၁၆၈ နှင့် ၀၆၇-၄၀၈၄၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန၊
အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈

တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ

ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈

အမည်ပြောင်း

ဦးစိုးနိုင်၏သမီး အထက-၃ မင်္ဂလာဒုံမြို့နယ်၊ တက္ကသိုလ်ဝင်တန်း(G)မှ မဇင်မီမီဖြိုးခန့်အား မဇွန်ပွင့်ဖြူဟု ခေါ်ပါရန်။ **မဇွန်ပွင့်ဖြူ**

[illegible]

ကျားတို့ ဌာနေ ဟူးကောင်းမြေ

နိုင်ငံတော်က ၂၀၁၄ ခုနှစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်းရှိ စတုရန်းမိုင် ၂၄၆၀ ရှိသော ဧရိယာကို ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ်သတ်မှတ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ကျားများ ရှင်သန်ပေါက်ဖွားရန်နှင့် ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် ဧရိယာ ၆၇၀၈ စတုရန်းမိုင်သို့ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေအဖြစ်သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်ပေါင်း ကိုးမျိုးရှင်သန်ပေါက်ဖွားနေထိုင်ခဲ့ကြသော်လည်း ယခုအခါ ကျားမျိုးစိတ်ခြောက်မျိုးသာ ရှင်သန်ပေါက်ဖွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျားမျိုးစိတ်နှစ်မျိုးဖြစ်သည့်ဘင်္ဂလားကျား Bengal Tiger (Panthera tigris tigris) နှင့် အင်ဒိုချိုင်းနားကျား Indochinese Tiger (Panthera tigris corbetti) တို့ ရှင်သန်ပေါက်ဖွား နေထိုင်ကျက်စားလျက်ရှိသည်။

သစ်တောဦးစီးဌာန အနေဖြင့် ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီသဘာဝကြိုးဝိုင်းတို့ကို ကျားထိန်းသိမ်းရေးဦးစားပေးနယ်မြေ (Priority

Site)များ အဖြစ်သတ်မှတ်ခဲ့ပြီး ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျားကောင်ရေ အများဆုံးကျက်စားနိုင်ကြောင်း ပညာရှင်များ၏ ခန့်မှန်းချက်များအရ သိရှိရသည်။

၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်ထမ်းများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) WCS တို့ ပူးပေါင်း၍ ကင်မရာထောင်ချောက် (Trap Camera) အသုံးပြုလေ့လာခြင်း၊ ကွင်းဆင်းလေ့လာစာရင်းကောက်သုတေသနပြုလုပ်ခြင်းများအရ ကျားပျံ့နှံ့ကျက်စားနယ်မြေရှစ်ခု ဖော်ထုတ်နိုင်ခဲ့ပြီး ကျားကောင်ရေ ၇၀ မှ ၈၂ ကောင်ခန့်အကြားရှိနိုင်ကြောင်း ခန့်မှန်း တွက်ချက်ခဲ့သည်။

အလွန်အကျွံ အမဲလိုက်ခြင်းနှင့် နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်းတို့ကြောင့် ကျားကောင်ရေ အလွန်အမင်း ကျဆင်းလာနေသည့်အတွက် ကမ္ဘာနှင့်အဝန်းကျားကောင်ရေ တိုးတက်လာစေရန် ကျားမျိုးထိန်းသိမ်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင်လ ၂၉ ရက်နေ့ကိုလည်း အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ယခုအခါ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ပုဒ်မ (၁၄၄) ထုတ်ပြန်၍ ကာကွယ်ထားပြီး ကင်းလှည့်ထိန်းသိမ်းခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းနှင့် ကျားထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကျားထိန်းသိမ်းရေးဆိုင်ရာ ဥပဒေစိုးမိုးမှုရရှိစေရန်အတွက် ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သီးခြားဖွဲ့စည်းတာဝန်ပေးထားသော ကျားထိန်းသိမ်းရေးရဲစခန်းနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးပွားရေး အစီအစဉ် (Global Tiger Recovery Program -GTRP) တစ်ရပ်ကို ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကျားကောင်ရေ နှစ်ဆတိုးပွားလာစေရန် ရည်ရွယ်ရေးဆွဲခဲ့သည်။ ယင်းအစီအစဉ်အရ ကျားကျက်စားရာ နိုင်ငံတိုင်းသည် နိုင်ငံအဆင့် ကျားကောင်ရေ ပြန်လည် တိုးပွားလာစေရေးအစီအစဉ် (National Tiger Recovery Program-NTRP)ကို ရေးဆွဲအကောင်အထည်ဖော်ရမည် ဖြစ်သဖြင့် မြန်မာနိုင်ငံမှလည်း NTRP ရေးဆွဲ၍ ကျားများ မျိုးသုဉ်းမပျောက်ကွယ်စေရေးနှင့် ကျားကောင်ရေနှစ်ဆတိုးပွားလာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(မောင်သစ်တော)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

တာချီလိတ် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ဩဂုတ်၁၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ တာလေမြို့နယ်ခွဲ နားယောင်းအုပ်စု နားယောင်းကျေးရွာအတွင်းရှိ ရွာသူကြီး၊ ဆယ်အိမ်မှူး၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအတွင်းရှိ ရွာသူ ရွာသား ၉၀ တို့အား ရဲအုပ်မင်းအောင်က လူကုန်ကူးမှုဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရွှေ့ပြောင်းအလုပ်သမားနှင့်ပတ်သက်၍ နှစ်နိုင်ငံဆောင်ရွက်နေသည့် သိသင့်သိထိုက်သော အချက်များ၊ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးခံရပုံများအကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးပုံစံများ၊ တစ်ဖက်ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ရာမှ လူကုန်ကူးခံရသည့် ကယ်တင်ဖော်ထုတ်ခဲ့သော မှုခင်းဖြစ်စဉ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

တက်ရောက်လာသော ရွာသူရွာသားများအား လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး ပန်ချီဟတ်နှင့်နန့်ပိန်းကျေးရွာများတွင် ကျေးရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

မြင့်မိုရ်(တာချီလိတ်)

မိုးသီးနှံအတွက် မြို့သစ်မြို့နယ်တွင် ဘဏ်ချေးငွေထုတ်ပေး

မြို့သစ် ဩဂုတ် ၁၅

မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ ၂၀၁၃ ခုနှစ်မိုးရာသီ မိုးသီးနှံထုတ်လုပ်မှုအတွက် မြို့သစ်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးတင်မောင်ဌေးက စပါးတစ်ဧက ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး အခြားသီးနှံများအတွက် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်အထိ ထုတ်ချေးလျက်ရှိပြီး ကျန်ရှိကျေးရွာများ တောင်သူများကိုလည်း နေ့အလိုက်ထုတ်ချေးပေးသွားမည်ဖြစ်သည်။

မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ တောင်သူဦးရေ ၄၇၃၈ ဦးအတွက် စပါး ၁၅၃၈၆ ဧကနှင့် အခြားသီးနှံ ၁၀၃၆၂ ဧကအတွက် ငွေကျပ်သိန်း ၁၇၄၅၈ ဒသမ ၄၀ သိန်းတို့ တောင်သူများ လက်ဝယ်သို့ ထုတ်ချေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးတင်ဌေးအောင်က ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ အောက်ပါ သင်/ထောက်ကူပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းပါရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်။

(က) Electronic Fuel Injection System with Accessories 1 Set
(ခ) Argon welding Transformer with Accessories 1 Set

၂။ ၁၀-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် တင်ဒါပိတ်ပြီး တင်ဒါရွေးချယ်အတည်ပြုခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ သင်ကြားလေ့ကျင့်ရေး(စာပေ) ဌာနခွဲတွင် ကြော်ငြာသည့်ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၄၃၀၅၈၅၈၉ နှင့် ၄၄၀၂၂၄၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

ခုတင်(၅၅၀)ဆံ့၊ ရန်ကင်းကလေးဆေးရုံကြီး အိတ်ဖွင့်တင်ဒါပိတ်ရက်ပြင်ဆင်သတ်မှတ်ခြင်း

၁။ ၂၀၁၃ခုနှစ် ဇူလိုင်လ ၁၅ရက်၊ ၁၇ရက်နှင့် ၁၉ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၃ခုနှစ် ဇူလိုင်လ ၁၆ရက်၊ ၁၈ရက်၊ ၂၀ရက်နှင့် ၂၂ရက်များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း ကြေညာခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၏ အိတ်ဖွင့်တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချသည့်ရက်** - ၂၄-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၉-၂၀၁၃ရက် ညနေ ၄နာရီ

၃။ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကင်းကလေးဆေးရုံကြီး
အမှတ် ၉၀၊ သစ္စာလမ်းမကြီး၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၅၅၀၆၇၉

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်ခွင့်ကန်ထရိုက်တာအဖြစ် ခွင့်ပြုခဲ့သည့် ဦးမျိုးမြင့်(ကန်ထရိုက်တာလိုင်စင်အမှတ်-၅၄၁)မှ ကန်ထရိုက်တာလိုင်စင် ပြန်လည်အပ်နှံခွင့်နှင့် ကန်ထရိုက်တာလိုင်စင်အာမခံကြေး ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ရက်ပေါင်း ၃၀ အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်အတွက် ပညာပေးပြက္ခဒိန်၊ အလှပြက္ခဒိန်နှင့် စားပွဲတင်ပြက္ခဒိန်သုံးမျိုးအား ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်မှာ** - ၁၁-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ကျပ် ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြက္ခဒိန်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)၊ ဖုန်း-၀၆၇-၄၁၀၀၉၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အသုံးပြုရန် အောက်ပါပစ္စည်းများကို တက္ကသိုလ်အရောက်တန်ဖိုး(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း(၄၀)လုံး၊ (၄၈)ဦး အသုံးပြုနိုင်သည့် Language Lab (၁)စုံ၊ Visual Presenter (၁)ခု၊ အပါအဝင် သင်ကြားမှုအထောက်အကူစက်ကိရိယာများ — ၃ မျိုး
(ခ) လေဆာပရင်တာ(၅)လုံး၊ Digital Multifunction Copier(၄)လုံး၊ Split Type လေအေးပေးစက်(၂)လုံး၊ Stand Type လေအေးပေးစက်(၁၀)လုံး၊ ရေခဲသေတ္တာ(၁)လုံးအပါအဝင် ရုံးသုံးစက်ကိရိယာများ — ၅ မျိုး
(ဂ) ရေစုပ်စက်၊ ရေခရအပါအဝင် အခြားရုံးသုံးစက်ပစ္စည်းများ — ၂ မျိုး
(ဃ) Electro Thermostatic Blast Oven, Digital B-P Box, Steel trolley, Steel Stretcher, Sterilizer(Auto Clave) (၁)ခုစီအပါအဝင် ဆေးရုံသုံးပစ္စည်းများ — ၅ မျိုး

၂။ ၃၀-၈-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၉-၆၄၆၃၅၃၉သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
စစ်ကိုင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနအတွင်းရှိ အောက်ဖော်ပြပါ ကျန်းမာရေးဌာနများအား ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဘားအံမြို့နယ်၊ ရသေ့ပုံကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်ခြင်း၊
(ခ) ကော့ကရိတ်မြို့နယ်၊ သုံးဆယ်သုံးဆူကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်ခြင်း၊
(ဂ) လှိုင်းဘွဲ့မြို့နယ်၊ တာလယ်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊
(ဃ) ကြာအင်းဆိပ်ကြီးမြို့နယ်၊ အဇင်းကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်ခြင်း၊
(င) ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း။

၂။ သို့ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမှု နောက်ဆုံးရက် - ၁၈-၉-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၄။ အသေးစိတ်သိလိုသောအချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈သို့လည်းကောင်း၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၅၈-၂၁၂၃၆သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် ကုသပေးရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၈-၂၀၁၃ရက် နံနက် ၁၀နာရီ
တင်ဒါပိတ်ရက် - ၁၉-၉-၂၀၁၃ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁၊ ဂ)မှ မအေးအေးလတ်၊ သတ္တမတန်း(စ)မှ မအိအိစိုးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဒင်ဂလူး ဖြစ်ပါကြောင်း။

ဦးဒင်ဂလူး
၆/မမန(ပြု)၀၀၀၃၀၈

တစ်ဦးတည်း ဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ခုံအမှတ် ၃/ပ-၁၀ ပထဝီဝင်အဓိကဖြင့် အောင်မြင်ခဲ့သော မချိုချိုဝင်း၏ဖခင် ဦးရွှေဘနှင့် ဦးရမ္ဗလူးတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရွှေဘ(ခ)ရမ္ဗလူး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖိုလ်တထောင်မြို့နယ်၊ ရာဇာဓိရာဇ်လမ်းမကြီး အမှတ် ၁၀၆(B)နေ ဦးရင်ထွေး ၁၂/ဗတထ(နိုင်)၀၂၇၉၇၉၏သား အွန်စမန်း(ခ)မောင်အောင်နိုင်မျိုး ၁၂/ဗတထ(နိုင်)၀၃၃၅၁၄သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးရင်ထွေး ၁၂/ဗတထ(နိုင်)၀၂၇၉၇၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေစကြိုမြို့နယ်တွင် ထွန်စက်ကြီးများ အသုံးပြုသူများလာ

ရေစကြို ဩဂုတ် ၁၅

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အတွင်းရှိ ကျွန်းထဲပိုင်းဒေသ တောင်သူများသည် ယခုနှစ်လသုံးလ အတွင်းတွင် လယ်ယာသုံးထွန်စက်ကြီးများကို ဝယ်ယူအသုံးပြုသူများ လာသည်။ ကျွန်းထဲကျေးရွာ တစ်ရွာဖြစ်သည့် ငတရော်ကျေးရွာတွင် တောင်သူဦးချိုတူးမှလယ်ယာသုံးအကြီးစား တရုတ်ထွန်စက် KD504ကို ငွေကျပ်သိန်း ၁၁၀ဖြင့် စတင်ဝယ်ယူအသုံးပြုရာမှ စက်၏စွမ်းရည်နှင့် အလုပ် ပြီးစီးအောင်မြင်မှုနှုန်းမြင့်မားမှုကိုသိရှိလာကြသဖြင့် ရွာရှိတောင်သူများနှင့် ရွာနီးချင်းတောင်သူများက လိုက်လံဝယ်ယူ အသုံးပြုကြသည်။

ယခုလအတွင်းမှာပင် တောင်သူများ စပါး စတင်စိုက်ပျိုးကြတော့မည်ဖြစ်သဖြင့် ထွန်စက်အကြီးစားပိုင်ရှင်များအား ထွန်စက်ငှားရမ်းခပေး၍မိမိတို့ စိုက်ခင်းများအတွင်း မြေယာပြုပြင်နေကြရသည်ဟု သိရသည်။ ထွန်စက်အကြီးစားဖြင့် ထွန်ယက်ရာတွင် လင်ပန်းထယ်အသုံးပြု ထွန်ယက်ရပါက တစ်ဧကလျှင်တစ်နာရီခန့် ကြာတတ်၍ တစ်နေ့ ခြောက်ဧကခန့် အနည်းဆုံးပြီးစီးသည်ဟုသိရပြီး ၂၈ သွားထယ်အသုံးပြု ထွန်ယက်ရပါက တစ်နေ့ ဧက ၂၀ ခန့် အနည်းဆုံး ထွန်ယက်ပြီးလေ့ရှိသည်ဟု သိရသည်။ ငတရော်ကျေးရွာအုပ်စုအတွင်းတွင် လယ်ယာမြေစိုက်ဧက ခြောက်ရာ ခန့်ရှိသည်ဟုသိရှိရသည်။

အဆိုပါ ထွန်စက်ကြီးများမှာ တန်ဖိုးမြင့်မားသဖြင့် တောင်သူများ အနေနှင့်လက်ငင်းဝယ်ယူရန် မတတ်နိုင်သောကြောင့် အရစ်ကျရောင်းချပေးခြင်းဖြင့်သော် လည်းကောင်း၊ သမဝါယမအသင်းမှ ထွန်စက်ကြီး ဝယ်ယူနိုင်လောက်သည့် ငွေကြေးထုတ်ချေးခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးရန် တောင်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့် အထွေထွေအသိပညာပေး

လဟယ် ဩဂုတ် ၁၅

နာဂဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ စစ်တမ်းကောက်ယူမည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့် အထွေထွေအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက လဟယ်မြို့ သာသနာ့ပါလ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှားဆက်က စစ်တမ်းကောက်ယူမည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သင်ခန်းစာများနှင့် အခွန်အခကောက်ခံခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

အသိပညာပေး

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲမှူးအေးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးနေလင်းစိုးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်မင်းထွန်းတို့က တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ မွေး/ကု ဆရာဝန်ကျော်စိုးလင်းက မွေးမြူရေးနှင့် ကုသရေး အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်နေ ပြည်သူများတက်ရောက်ကြကြောင်းသိရသည်။

ချန်လော

စာအုပ်စာပေ လူ့မိတ်ဆွေ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မော်လမြိုင် ဩဂုတ် ၁၅

မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက လူကုန်ကူးအထူးအဖွဲ့(မော်လမြိုင်)က ကြီးမှူး၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရာ ဟောပြောပွဲသို့ လူကုန်ကူးအထူးအဖွဲ့(မော်လမြိုင်)မှ ရဲအုပ်သန်းဌေးဝင်း၊ မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူးငွေသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ဟောပြော

ဟောပြောပွဲတွင် ရဲအုပ်သန်းဌေးဝင်းက လူကုန်ကူးမှုဆိုင်ရာများကို ဟောပြောပြီး ရဲမှူးငွေသိန်းက မှုခင်းကျဆင်းရေးဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်း ကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီး ရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့် လည်းကောင်း၊ တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှု မရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

စဥ့်ကူးဆေးရုံသို့ ဓာတ်မှန်စက်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်းပေးအပ်

စဥ့်ကူး ဩဂုတ် ၁၅

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ စဥ့်ကူးမြို့(၁)ရပ်ကွက်နေ ဒေါ်ခင်တုပ်၊ ဒေါ်ခင်သောင်း (တူ) ဦးမောင်မောင်အေး-ဒေါ်မေသန်း "မဟာမိတ်" စိုက်ပျိုးရေးဆေးပစ္စည်း ရောင်းဝယ်ရေး မိသားစုက တန်ဖိုးငွေကျပ် ၁၅၂၈၅၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းပြုပြင်ခြင်း၊ ဓာတ်မှန်စက်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး အလှူရှင် ဦးမောင်မောင်အေးက လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဒေါ်ခင်တုပ်၊ ဒေါ်ခင်သောင်းမိသားစုက ခွဲစိတ်ခန်းပြုပြင်ခြင်း၊ ဓာတ်မှန်စက်နှင့်ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်ထံ ပေးအပ်ပြီး ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(၄၃၃)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ လဲချားဓာတ်အားခွဲရုံအတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ CIFA Concrete Batching Plant ($60m^3$ / 80 m^3) တွင် အသုံးပြုရန်အတွက် စက်အရန်ပစ္စည်းများ (1)Lot ကို L/C ဖွင့်လှစ်၍ နိုင်ငံပိုင်နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၈-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ဒု-အင်ဂျင်နီယာချုပ်(စက်မှု)၊ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၃၊ ၀၆၇-၄၀၇၁၇၆၊ ၀၆၇-၄၀၇၀၇၆

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို နေပြည်တော်ဂိုဒေါင်အရောက်တန်ဖိုး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	Computer & Accessories	၆ စုံ
(ခ)	Colour Printer	၂ ခု
(ဂ)	Wire Binding Machine	၁ ခု
(ဃ)	Cash Counting Machine	၁ ခု
(င)	IT materials for E-Government sector	၄ မျိုး
(စ)	Tyres & Tubes	၉ မျိုး
(ဆ)	Battery	၂ မျိုး
(ဇ)	စာရေးကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများ	၄၃ မျိုး
(ဈ)	အမျိုးသား/အမျိုးသမီး ဌာနဆိုင်ရာတူညီဝတ်စုံ	၁၄၀ စုံ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်**မှာ ၁၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အချက်အလက်များကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ပစ္စည်းဝယ်ယူရေးနှင့် ရောင်းချရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၈၃ သို့ ဆက်သွယ်ရယူနိုင်ပါသည်။

ကြမ်းခင်းဈေးတွက်ချက်ရေးနှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဥ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-061(2013-2014)	Spares for CAT D 3512 B Engine	(2) Items	US$
(၂)	IFB-062(2013-2014)	Spares for Kenworth Truck Engine	(2) Items	US$
(၃)	IFB-063(2013-2014)	Spares for High Clutch (Ex NAT 80 B Drawwork)	(2) Items	US$
(၄)	IFB-064(2013-2014)	Drill Collar Safety Clamp	(6) Items	US$
(၅)	IFB-065(2013-2014)	Transmission Pump Assy For Komatsu Dozer	(5) Nos	US$
(၆)	IFB-066(2013-2014)	4 1/2" Tri Cone Rock Bits	(2) Items	US$
(၇)	IFB-067(2013-2014)	Stand Line Gate Valves & Accessories	(7) Items	US$
(၈)	IFB-068(2013-2014)	Over Running Clutch & Spares For D3 T2 SR-I & II	(18) Items	US$
(၉)	DMP/L-029(2013-2014)	Heat Shrink Tube and Wire Cable For HDD Rig	(2) Items	Kyat
(၁၀)	DMP/L-030(2013-2014)	Electrical Spares for ZJ 70 L Drilling Rig	(4) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၉-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

တစ်ဦးတည်း ဖြစ်ပါကြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ နောင်ရဲကျေးရွာအုပ်စု၊ မြေခြားရွာနေ ဦးရတ်၏သား ဦးစန်းကျော် ၁၃/ကလန(နိုင်)၀၁၄၀၅၅ နှင့် ဦးကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

လူတိုင်း သိနားလည်အပ်သည့်အရာ

"အိတ်ကပ်ထဲကတွေ့တာမှန်ပေမယ့်ကျွန်တော့်စာရွက်မဟုတ်ပါဘူး။"
"--။"
"သူငယ်ချင်းထိုးခိုင်းလို့ပါ။"
"-----------------။"
"ရှိကြီးခိုးပါရဲ့၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ။"
"--------------------------------။"
"တကယ်မသိလို့ပါ။ နောက်မဖြစ်စေရပါဘူး။"

တစ်နေ့ရုံးပိတ်ရက် စာရေးသူ မြို့ထဲဘက်သို့ ကိစ္စတစ်ခုနဲ့ ထွက်လာရင်း လမ်းတွင် အမည်မသိသူတစ်ဦးထံမှ ခဲ့ဘောက်ချာစာရွက်များနှင့်တွေ့ရှိ၍ ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေသည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။

မသိလို့ပါဟု ဆိုနေသော်လည်း အဆိုပါလူငယ်မှာ ပြစ်မှု(ရာဇဝတ်မှု) ဖြစ်သော လောင်းကစားဥပဒေကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်နေပေပြီ။

ယနေ့အချိန်ကာလသည် မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်အင်တိုက်အားတိုက်တည်ဆောက်နေချိန်ဖြစ်ရာ နိုင်ငံသားပြည်သူအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာစွာ ရပ်တည်နေထိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် လွန်စွာအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ "တရားဥပဒေစိုးမိုးရေး" ဟူသော စကားလုံးပါလာသည့်အတွက် တရားဥပဒေစိုးမိုးရေးဆိုတာဘာလဲ။ ဘယ်လိုအဓိပ္ပာယ်ဆောင်သလဲဆိုသည်ကို အများနားလည်အောင် ရှင်းလင်းဖို့ လိုအပ်လာသည်။

တရားဥပဒေစိုးမိုးရေးဆိုသည်ကို အလွယ်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုရလျှင် နိုင်ငံတော်က ထုတ်ပြန်ပြဋ္ဌာန်းထားသောဥပဒေစည်းမျဉ်း၊စည်းကမ်းအားလုံးကို နိုင်ငံသားပြည်သူအားလုံး(အားလုံး)က တစ်သဝေမတိမ်းလိုက်နာစောင့်ထိန်းကျင့်သုံးနိုင်မှုဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို နိုင်ငံသားပြည်သူအပေါင်းက လေးစားလိုက်နာမှု အားကောင်းလျှင်အားကောင်းသလို တရားဥပဒေစိုးမိုးမှုရှိလာမည်ဖြစ်ကာ လေးစားလိုက်နာမှု အားနည်းလာမည်၊ လျော့နည်းလာမည်ဆိုပါက တရားဥပဒေစိုးမိုးမှု ကင်းမဲ့လာမည်ဖြစ်ပြီး အေးချမ်းသာယာသော လူမှုဘဝနှင့်လည်း ကင်းဝေးနေမည်ဖြစ်သည်။

သို့ဖြစ်ရာ အမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ဒီမိုကရေစီ၏ အသီးအပွင့်များ ဆွတ်ခူးရယူခံစားနိုင်ရေးအတွက် နိုင်ငံသားတိုင်းက ဥပဒေကို လေးစားလိုက်နာရန် လိုသည်။ ဥပဒေကို လေးစားလိုက်နာမှုရှိရမည်ဟုဆိုရာတွင် ပြဋ္ဌာန်းထားသော ဥပဒေများကို တတ်သိနားလည်အောင်၊ သဘောပေါက်ရှင်းလင်းအောင် ဦးစွာပထမ ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံတော်တွင် မည်ကဲ့သို့ပင် ဥပဒေများပြဋ္ဌာန်းထားသည်ကိုလည်းကောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေ၏ရည်ရွယ်ချက်၊ သဘောသဘာဝနှင့်အနှစ်သာရကိုလည်းကောင်း ခရေစေ့တွင်းကျနှံ့နှံ့စပ်စပ်သိရှိမှတ်သားထားရန် လိုအပ်သည်။

"Law must be stable,and yet it can not stand still"

"ဥပဒေများသည် တည်ငြိမ်မှုရှိရန် လိုသည်။ သို့သော် အမြဲထာဝစဉ်တည်ရှိနေဟန် မဖြစ်စကောင်း" ဟူသော ဆိုရိုးအတိုင်း ဥပဒေများသည် ပြောင်းလဲနေသော ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေစွာ ပြောင်းလဲနေရမည်ဖြစ်သလို နိုင်ငံသားပြည်သူအပေါင်းကလည်း အစဉ်မပြတ်ပြောင်းလဲနေသော ဥပဒေများကို မျက်ခြည်ပြတ်မခံဘဲ တစိုက်မတ်မတ်လေ့လာမှတ်သားလိုက်နာရန် အရေးကြီးသည်။

ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းလိုက်သည်နှင့်တစ်ပြိုင်နက် ထိုဥပဒေပါပြဋ္ဌာန်းချက်များကို နိုင်ငံသားပြည်သူအပေါင်းက သိရှိနားလည်မှတ်သားထားပြီးသကဲ့သို့ မှတ်ယူသည်။ စာရေးသူဆောင်းပါး အစတွင် ဖော်ပြခဲ့သော ခဲ့စာရွက်များနှင့် ဖမ်းဆီးမိသည့်လူငယ်ကဲ့သို့ ဥပဒေကို နားမလည်လို့ပါ။ မသိလို့ပါဟု ဆင်ခြေပေး၍ ရမည်မဟုတ်ပါ။ ဥပဒေက ခွင့်လွှတ်လိမ့်မည်မဟုတ်ချေ။ **နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်သည့် အခါတွင်လည်းကောင်း၊လိုက်နာရန်ပျက်ကွက်သည့်အခါတွင်လည်းကောင်း ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ပါသဖြင့် ပြစ်မှုကျူးလွန်သူသည် သက်ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူခံရမည်ဖြစ်သည်။ ပြစ်မှုထင်ရှားပါက ထိုက်သင့်သော ပြစ်ဒဏ်ကျခံရမည်ဖြစ်ပေသည်။**

စေတနာရှေ့ထား၍ တင်ပြလိုသည်မှာ ပြစ်မှုကျူးလွန်ခြင်းမှ ရှောင်ရှားနိုင်လေအောင်၊ အမှုအခင်း၊ အရှုပ်အရှင်းများမှ ကင်းဝေးရလေအောင် နိုင်ငံသားပြည်သူအပေါင်းသည် ပြဋ္ဌာန်းထားသော ဥပဒေများကို လျစ်လျူရှုကင်းကွာမနေဘဲ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်၊ မဂ္ဂဇင်းများအပါအဝင် မိမိလက်လှမ်းမီရာ ဥပဒေစာအုပ်စာပေများကို လေ့လာဖတ်ရှုခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသော ဥပဒေပညာပေးအစီအစဉ်များကို ကြည့်ရှုမှတ်သားခြင်းဖြင့် ဥပဒေအသိ၊ ဥပဒေဗဟုသုတများ တိုးပွားကာ တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့အတူ လျှောက်လှမ်းကြပါစို့ဟု ဆန္ဒပြုလျက် ရေးသားလိုက်ရပေသည်။ ။

မောင်နေမျိုး(တရားရေး)

ဥပဒေရေးရာဆောင်းပါးနှင့်ကြော်ငြာ

တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

တောင်ငူ ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရေတာရှည်မြို့နယ် လေ့ခွဲချောင်း (ဖွံ့ချောင်း)အတွင်းသို့ ငါးခုံးမကြီးနှင့် ငါးခေါင်းပွ အကောင်ရေ ၅၀၀၀၀ စိုက်ထည့်ပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါချောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စုံညီစွာတက်ရောက်

ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းတင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

(၁၁၅)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဂုဏ်ရှောင် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ဂုဏ်ရှောင် ကျောင်းသားဟောင်းများအသင်း (ယခင် ၁၈ လမ်း)ကျောင်းသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ မပျက်မကွက်ပါဝင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - WESTERN PARK RESTAURANT (I)
နေ့ရက် - ၆-၉-၂၀၁၃ ရက် (သောကြာနေ့)
အချိန် - ညနေ ၆ နာရီ

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်စာရင်းကို ၃၁-၈-၂၀၁၃ရက်နောက်ဆုံးထား၍ ပေးပို့ပါရန်။

ဆက်သွယ်ရန် - ဦးစန်းညွန့် ဖုန်း-၀၁-၃၇၄၃၃၁၊ ၀၁-၂၄၀၄၇၂၊
ဦးကျော်သိန်း ဖုန်း-၀၁-၂၂၅၇၄၄၊ ၀၉-၅၀၂၀၉၁၉၊
ဦးကြည်သိန်း ဖုန်း-၀၉-၅၁၁၃၉၃၅

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး (၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်တကွ ကျောင်းနေဝါဆိုသံဃာများ၊ ပင့်သံဃာများ စုစုပေါင်းသံဃာ(၃၅)ပါးတို့အား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) ၂၃-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင်ကျင်းပမည်ဖြစ်ပါသောကြောင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၄၄၁၇၈၊ ၅၄၄၇၀၂တို့သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အသိပေးအကြောင်းကြားခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်မောင်ကျော်ထွန်း ၁၂/ကမရ(နိုင်)၀၄၇၀၃၄ နှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

ဦးကျော်ထွန်း
၁၂/ကမရ(နိုင်)၀၀၈၇၂၄
ဒေါ်နွဲ့နွဲ့ဦး
၁၂/ကမရ(နိုင်)၀၄၃၅၇၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၂၅၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုထွေး ၁၄/နေဖ(နိုင်)၀၈၅၂၁၄သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်

ကျွန်တော် ကျွန်မတို့၏သား မောင်မြတ်မင်း ၁၂/ကမတ(နိုင်) ၀၇၅၁၀၈သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိ၏ဆန္ဒအလျောက် ၁၁-၈-၂၀၁၃ရက်တွင် ပြမှုသွားပါသဖြင့် မောင်မြတ်မင်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝေလင်း
ဒေါ်စီစီသိန်း

အသိပေးခြင်း

ကျွန်တော်၏ဇနီး မကြည်ကြည်ဝင်း (ဘ) ဦးမျိုးဝင်း ၁၂/လသယ(နိုင်)၀၅၇၀၆၈ သည် ၉-၈-၂၀၁၃ရက်တွင် မိမိသဘောဆန္ဒအတိုင်း အိမ်မှဆင်းသွားပါသဖြင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်ကျော်စွာ ၁၂/လသယ(နိုင်)၀၀၂၉၃၂

၁၀-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ ရှေ့နေ ဦးကျော်စွာထက် (စဉ်-၂၅၁၄၅)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာအား ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ် ဦးလှမြင့် PBDN-၀၀၁၇၆၇ ကိုင်ဆောင်သူ HP-09-5165065 သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တာဝဘူတာကျေးရွာအုပ်စု၊ ဘဏ္ဍာကုန်းကျေးရွာ၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ကွင်းအမှတ်(၁၁၅၈/က)၊ ဦးပိုင်အမှတ်(N/၂၈/၁၄) ၁ဒသမ ၁၀ဧကမြေကွက်နှင့် နှစ်ထပ်တိုက်ခံအိမ် အပါအဝင်တို့အပေါ် တရားလိုပြုလုပ်ပြီး ဦးအေးမောင်၊ ဒေါ်ခင်ညွန့်ရီ ပါ-၆ ဦးတို့အပေါ် ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၃/၂၀၁၃ဖြင့် ကျူးကျော်ဝင်ရောက်သူများအား ဖယ်ရှား၍ လက်ရောက်ပေးအပ်စေလိုမှုဖြင့် စွဲဆိုထားပြီး ပဲခူးခရိုင်တရားရုံးမှ ၄-၈-၁၃ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)တွင်လည်း ငြင်းချက်ထုတ်ရန် ကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေနှင့်အိမ်ကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းများကို ကန့်ကွက်အပ်ပါသည်။ အကယ်၍ အထက်ပါကဲ့သို့ ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း ရှေ့နေ ဦးကျော်စွာထက်နှင့် အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

ဦးလှမြင့်
ဖုန်း-၀၉-၄၉၃၁၄၇၆၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၅၆၂၊ Honda C90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်ထိုက် ၉/အမဇ(နိုင်)၀၀၃၄၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဒေါ်သွယ်သွယ်အေး AGTI(Civil) ၁၉၉၆ မိတ်ဆွေလာသိရှိစေရန်

ဒေါ်သွယ်သွယ်အေး ၉/မခန(နိုင်)၀၀၀၈၉၈နှင့် ကျွန်တော် ဦးမြင့်အောင် ၁၂/ဥကမ(နိုင်)၀၆၉၀၄၄ တို့သည် ၁၉၉၈ မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သမီးနှစ်ယောက်ထွန်းကားခဲ့ပါသည်။ ၁၈-၇-၂၀၁၃ရက် ညတွင် အိမ်တွင်ထားရှိသောပစ္စည်းများ မတွေ့ရှိ၍မေးမြန်းရာ စကားများရန်ဖြစ်၍ နေအိမ်မှဆင်းသွားခဲ့ရာတွင် အတူတကွရှာဖွေစုဆောင်းရရှိထားသော လက်ဝတ်ရတနာပစ္စည်းများအားလုံး၊ စ/၅၄၆၊ သန္တာ(၁)လမ်းနေအိမ် ဂရန်နှင့်စာချုပ်စာတမ်းများ၊ ဒေါ်သွယ်သွယ်အေး၏ဦးလေးဖြစ်သူ ဦးကျော်ဝင်း(မင်္ဂလာဆောက်လုပ်ရေးနှင့် ရတနာလုပ်ငန်း)ထံတွင် နှစ်ဦးအတူတကွ အပ်နှံထားရှိသော မြေကွက်ရောင်းရငွေနှင့် လုပ်ငန်းများမှရရှိငွေ(၉၂)သိန်းအား ဒေါ်သွယ်သွယ်အေးတစ်ဦးတည်းမှ မိမိသဘောဖြင့် တောင်းဆိုထုတ်ယူသွားခြင်းများ စသည်တို့ကို ယူဆောင်သွားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးမြင့်အောင်မှ သမီးနှစ်ယောက်ရှေ့ရေးအတွက် တရားဝင်လာရောက် ရှင်းလင်းပြသ ပေးအပ်ပါရန် တောင်းဆိုခဲ့သော်လည်း ဒေါ်သွယ်သွယ်အေးမှ ၎င်း၏တစ်ဦးတည်းသဘောဖြင့် အိမ်ထောင်ပြိုကွဲရန် တစ်ဖက်သတ်ကွာရှင်းစာချုပ်လက်မှတ်ရေးထိုးပေးရန် ပြောဆိုနေခြင်းနှင့် လက်ဝတ်ရတနာပစ္စည်း နေအိမ်ဂရန်နှင့်စာချုပ်စာတမ်းများ၊ ထုတ်ယူထားသောငွေကြေးများအား ရယူလိုမှုနှင့် ကြိုတင်ကြံစည်ထားခြင်း၊ ယူဆောင်လာခြင်းများအား သိရှိလျက်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားရှိသူများအား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

ခင်ပွန်း-ဦးမြင့်အောင် AGTI (Civil) ၁၂/ဥကမ(နိုင်)၀၆၉၀၄၄
စ/၅၄၆၊ သန္တာ(၁)လမ်း၊ မြောက်ဥက္ကလာပ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၉၅၅၊ Jialing-90၊ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်ဦး ၈/ပခက(နိုင်)၀၂၀၉၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၇၀၆၇၅ Jianshe 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၉/နထက(နိုင်)၁၆၅၆၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မူဆယ်)

ဖခင်အမည်မှန်

အထက(၁) အင်းစိန်၊ သတ္တမတန်း (G)မှ မသက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးလှနိုင် ၁၂/အစန(နိုင်)၀၂၁၈၁၇ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၂၈၆၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သက်ပိုင် ၇/ရတရ(နိုင်)၀၇၁၃၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ တောင်ငူ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၁၂၊ မြေကွက်တည်နေရာအမှတ်(၂၁၂)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်ကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအောင်ကြည် ကွယ်လွန်သဖြင့် ဒေါ်ခင် ၁၂/ဥကတ(နိုင်)၀၇၈၀၂၈က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဇီဝဌာယီလမ်းတွင်နေထိုင်သူ ဒေါ်စန်းစန်းရီ ၈/ပခက(နိုင်) ၀၆၁၀၀၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ (ဂ)ကွင်း၊ ၆လမ်းတွင်တည်ရှိသော ကွင်း/အကွက်အမှတ်နှင့် အမည် ၃၃၉၊ စွန်သိုက်ရွာသစ်၊ ဦးပိုင်အမှတ် ဂ/၁၇၈(၂၀၁၃)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ အိမ်ဝိုင်းမြေကွက်၏တစ်ဝက်ဖြစ်သော အရှေ့ဘက်ခြမ်းမြေကွက် (အကျယ်အဝန်းမှာ ပေ၂၀×ပေ၆၀) နယ်နိမိတ်လေးရပ်အလားအလာမှ အရှေ့ဘက်တွင် ကိုဝေဖြိုးအောင်-မတင်နွယ် အိမ်ဝိုင်း၊ အနောက်ဘက်တွင် ဦးထွန်းထွန်း-ဒေါ်ချိုဦးအိမ်ဝိုင်း၊ မြောက်ဘက်(ဂ)ကွင်း(၆)လမ်း၊ တောင်ဘက်-ဦးဆန်းအောင်-ဒေါ်စောအိမ်ဝိုင်းမြေများအတွင်းရှိ အိမ်ဝိုင်းမြေတွင် ဒေါ်စန်းစန်းရီသည် ခင်ပွန်းဖြစ်သူ ဦးတင်ကိုကိုအောင်နှင့်အတူ ပေါင်းသင်းနေထိုင်ခဲ့ပြီး ဦးတင်ကိုကိုအောင် ကွယ်လွန်ပြီးသောအခါ ၎င်းက အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ဝိုင်းမြေအား ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းရီမှ ရောင်းချတော့မည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများ ခိုင်လုံစွာဖြင့် ပိုင်ရှင်ဒေါ်စန်းစန်းရီထံတွင်ဖြစ်စေ၊ ကျွန်ုပ်တို့ထံဖြစ်စေ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်မြင့် B.A(Law),LL.B	**ဦးဝါဝင်းမောင် LL.B**	**ဒေါ်နီလာအေး LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၁၇၆၃/၇၉)	**(စဉ်-၃၃၇၇၅)**	**(စဉ်-၃၅၃၉)**
အမှတ်(၃၂)၊ နေသူရိန်လမ်း၊ စွန်သိုက်ရပ်၊ ပခုက္ကူမြို့	**ထင်းတန်းလမ်းအရှေ့ဘက်၊ ၃လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့**	**မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက် ပခုက္ကူမြို့**

မှုခင်းသတင်းနှင့်ကြော်ငြာ

အင်ဗာတာပိတ်ကာ ဒါးမိန်းခလုတ်ကိုင်၍မီးချိန်းစဉ် ဓာတ်လိုက် သေဆုံး

ရန်ကုန် ဩဂုတ် ၁၅

ဩဂုတ် ၁၂ ရက် ညပိုင်းက အင်းစိန်မြို့နယ်အတွင်း အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၁၂ရက် ည၁၀နာရီ ၁၀မိနစ်ခန့်တွင် အင်းစိန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အင်းစိန်ဆေးရုံ၌ လူတစ်ဦးဓာတ်လိုက်သေဆုံးရောက်ရှိလာကြောင်း သတင်းအရ ဆေးရုံသို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အောင်အောင်၊ စက်မှုဇုန် (၄)၊ တည်းကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်း၏ နေအိမ်၌ ည ၉ နာရီခွဲတွင် လျှပ်စစ်မီးပျက်နေရာမှ မီးပြန်လာသဖြင့် အင်ဗာတာပိတ်ကာ ဒါးမိန်းခလုတ်ကိုကိုင်၍ မီးချိန်းစဉ် ဓာတ်လိုက်ခဲ့သဖြင့် ဝဲလက်မ၊ လက်ညှိုး၊ လက်ဖမိုးတို့တွင် ညိုမည်းပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အင်းစိန်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်ဖြင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဗန်းမောက်မြို့နယ် စက်တောကျေးရွာတွင် လူတစ်ဦးသစ်ကိုင်းပိသေဆုံး

ဗန်းမောက် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စက်တောကျေးရွာတွင် လူတစ်ဦး သစ်ကိုင်းပိ၍ သေဆုံးနေကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီ ၁၀ မိနစ်က စက်တောကျေးရွာတွင် လူတစ်ဦး သစ်ကိုင်းပိမိကြောင်း သတင်းအရ ဗန်းမောက်ရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ်အေးသန်းစိန်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ စက်တောရွာနေ ဦးခင်မောင်၏နေအိမ်ခြံဝင်းအတွင်း မန်ကျည်းပင်မှာ လျှပ်စစ်မီးကြိုးသွယ်တန်းရာ လမ်းကြောင်းမရှင်းသဖြင့် ရွာသားများက ဝိုင်းဝန်းကူညီခုတ်ပေးနေစဉ် ကျော်မြင့်ဦးဆိုသူတစ်ဦး သစ်ကိုင်းအောက် အမှတ်မထင်ရောက်ရှိလာပြီး ကျိုးကျပိမိ၍ သေဆုံးသွားခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးသိရှိနိုင်ရန် အမှုဖွင့်ဆောင်ရွက်ထားသည်။

သေဆုံးသူမှာ ကျော်မြင့်ဦး (၂၉နှစ်) (တောင်သူ)၊ စက်တောကျေးရွာ ဗန်းမောက်မြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)

သုံးခွမြို့၌ ကလေးတစ်ဦးရေနစ်သေဆုံး

သုံးခွ ဩဂုတ် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွရဲစခန်းပိုင်နယ်မြေတွင် ဩဂုတ် ၁၂ ရက် ည ၇ နာရီခွဲတွင် တူးမြောင်းတဲတန်း မဟာမိတ်ကျေးရွာတွင် ကလေးငယ်တစ်ဦးရေနစ်သေဆုံးနေကြောင်း မြို့မရဲစခန်းမှူးထံသတင်းအရ စခန်းမှူးဒုတိယရဲမှူးဌေးဦးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဟိန်းထက်ပိုင် တစ်နှစ်ရှစ်လ တူးမြောင်းတဲတန်းနေသူဖြစ်ပြီး ၎င်းသည် ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်က နေအိမ်တဲ၏ အနောက်ဘက်တွင် ဆော့ကစားနေရာမှ ပေ ၂၀၀ ပတ်လည် ကျယ်ဝန်းပြီးခြောက်ပေခန့်နက်သည့် ရေကန်၏ အရှေ့ဘက် ကန်ပေါင်အစပ်တွင် ကန်ထဲသို့ခြေချော်ကျကာ ရေနစ်သေဆုံးကြောင်း မိခင်ဖြစ်သူမအေးသူ ပြောပြချက်အရ သိရသည်။

အလောင်းကို စစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာတွေ့ရခြင်းမရှိဘဲ ရေနစ်သေဆုံးကြောင်း သိရသည်။ သေဆုံးမှုကို ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်စစ်ဆေးနိုင်ရန် ရဲအုပ်ကောင်းမြတ်သူက တရားလိုပြုလုပ်တိုင်တန်းရာ သုံးခွမြို့မ ရဲစခန်းက စခန်းမှူး ဒုတိယရဲမှူးဌေးဦးက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

မိုင်းယောင်း၌ ကလေးသုံးဦးရေနစ်သေဆုံး

မိုင်းယောင်း ဩဂုတ် ၁၅

မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့၌ ဩဂုတ်၁၁ရက်ညနေပိုင်းက ကလေးသုံးဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယောင်းမြို့ နောင်ရှန်ကန်အတွင်းရှိ ဝါးဖောင်ကို စိုင်းဘွန်းဖစ်(၅နှစ်)၊ စိုင်းရှန်ကျိန်(၁၂နှစ်)၊ နန်းဒေါင်ခမ်း(၁၃နှစ်)တို့က ယူစီးဆော့ကစားကြရာမှ ရေနစ်သေဆုံးခဲ့ပြီး စိုင်းဘွန်းဖစ်၏အလောင်းကို ဩဂုတ် ၁၁ ရက် ညနေ ၄နာရီတွင် ပြန်လည်တွေ့ရှိခဲ့သည်။ ကျန်နှစ်ဦး၏ အလောင်းကို ဩဂုတ် ၁၂ ရက် နံနက်၅နာရီခန့်တွင် ပြန်လည်တွေ့ရှိခဲ့သည်။ သေဆုံးမှုနှင့် ပတ်သက်၍ မြို့နယ်ရဲစခန်းမှူးရဲအုပ်ဝင်းဇော်ဦးက သေမှုသေခင်းဖွင့်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှောလမွန်(မိုင်းယောင်း)

လွိုင်ကော်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

လွိုင်ကော် ဩဂုတ် ၁၅

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ဧကေ ၅၀၀ ကျေးရွာရှိ နေအိမ်တစ်အိမ်ကို သက်ဆိုင်ရာက မူးယစ်ဆေးဝါး သတင်းအရ ဩဂုတ် ၁၃ ရက်တွင် ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ ကျော်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၆ နာရီခန့်က လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သုတ ဦးစီးရဲတပ်ဖွဲ့ဝင် ၁၀ ဦးသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ဧကေ ၅၀၀ ကျေးရွာနေ လင်းဝေဦး (၂၉ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းခုတင်ခြေရင်း SAGA စာတန်းပါ ဆောင်းဘောက်အတွင်းအနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော ပလတ်စတစ်ပိုက်များထဲမှငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၂၅ ပြားသိမ်းဆည်းရမိခဲ့သဖြင့် လင်းဝေဦးအား လွိုင်ကော်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ခင်ဦး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကာလကျော်လွန်လျှင်အဆင့်မြှင့်တင်၍ စိစစ်အရေးယူ

ခင်ဦး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးအတွက် ပညာပေးကာလအဖြစ် ဩဂုတ် ၇ ရက်နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

ခင်ဦးမြို့နယ်အတွင်းရှိ ယာဉ်အသွားအလာများသောလမ်းဆုံလမ်းခွများတွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးစီးနင်းသူများ၊ ခြေကျင်လျှောက်သူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများကို အသိပညာပေးခြင်း၊ သတိပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ အထူးသဖြင့် ဆိုင်ကယ်စီးနင်းသူများကို ဩဂုတ် ၁၃ ရက်မှ စတင်ပြီး အရေးယူမည်ဖြစ်ရာ ဆိုင်ကယ်ဦးထုပ်မဆောင်း သူများကို တွေ့ရှိပါက တစ်ဆင့်မြှင့်တင်ပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များကို ဆက်လက် စိစစ်အရေးယူသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **ရောင်နီတင်ဝင်း**

အမည်ပြောင်း

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ ဦးရွှေလှအောင်၏သား မောင်စိုးမိုးကျော် ၁၁/စတန(နိုင်)၀၉၇၅၂၃အား မောင်အောင်ထက်လင်းဟု ပြောင်းလဲခေါ်ပါရန်။

အောင်ထက်လင်း



ပြင်ဆင်ဖတ်ရှုပါရန်

၉-၈-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃)ပါ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းကြော်ငြာမှ မောင်ထူးပြည့် [B.Sc (Geo)]နှင့် ဒေါက်တာတင်မိုလာဆန်း [B.D.S (Mdy)]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၉၂၃၂ Toyota Corona ET 1761 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလှဖုန်း ၉/မရမ(နိုင်) ၀၃၇၄၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

16-8 (18).pmd 1 8/14/2013, 7:35 AM

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အရန်သားဖွားဆရာမများ(မွမ်းမံ)သင်တန်း ကြံခင်း၌ဖွင့်

ကြံခင်း ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အရန်သားဖွားဆရာမများ (မွမ်းမံ)သင်တန်း ၁/၂၀၁၃ ဖွင့်ပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ရီက အမှာစကားပြောကြား၍ မြို့နယ်ဆရာဝန်ဒေါက်တာဇော်အောင်က ကြံခင်းမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးစကလေးငယ်များသေဆုံးမှုလျော့နည်းရေး ဆောင်ရွက်ရာတွင် အရန်သားဖွားဆရာမများ အရေးအတွက် အရည်အချင်း မြှင့်တင်ပေးသွားရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းအမှတ်စဉ် ၂/၂၀၁၃ နှင့် ၃/၂၀၁၃ တို့ကိုလည်း စက်တင်ဘာလနောက်ဆုံးထားဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်လျက်ရှိပြီး မြို့နယ်ဆရာဝန်၊ ဆရာမများမှ ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားပေးခြင်းနှင့် မွေးစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကို စာတွေ့လက်တွေ့ ဗီဒီယိုစလိုက်များဖြင့် စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကုန်ကျစရိတ်အား World Vision မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဇ)**

မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲကျေးရွာအုပ်စု ကွင်းအမှတ် ၂၂၇(ခ)၊ ဦးပိုင်အမှတ် (၄၆)ရှိ တောင်သူ ဦးသန်းအောင်စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး တစ်ဧက စံပြစိုက်ခင်းတွင် ဩဂုတ် ၁၂ ရက်က တောင်သူများစုပေါင်းပြီး သဘာဝမြေဩဇာ ကြဲပက်ခြင်းဆောင်ရွက်ကြရာ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများမှ အောင်မြင်နေသော ပုလဲသွယ်စံပြစိုက်ခင်းကို ကြည့်ရှုလေ့လာကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးနှင့် ခြင်အန္တရာယ်နှိမ်နင်းရေး ဟိုပင်၌ဆောင်ရွက်

ဟိုပင် ဩဂုတ် ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်များ၌သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးနှင့် ခြင်အန္တရာယ်နှိမ်နင်းသည့်အနေဖြင့် ရေနုတ်မြောင်းရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့မမြောက်ရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူကြိုကျောင်းနှင့် အထကကျောင်း မြဇေယျာရပ်ကွက်ရှိ အမကကျောင်းများတွင် ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိဦးစိုးသန်း၊ တာဝန်ခံဆရာဝန်ဒေါက်တာသိန်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုလုပ်ငန်းများကို မြို့နယ်ခွဲအတွင်းရှိရပ်ကွက်များနှင့် အခြေခံပညာကျောင်းများသို့ တစ်ပတ်တစ်ကြိမ် အပတ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေါပုံယမုံနာလမ်းတွင် ယာဉ်လေးစီး ဆင့်ကဲတိုက်

ရန်ကုန် ဩဂုတ် ၁၅

ဩဂုတ် ၆ရက်မွန်းလွဲ ၂ နာရီက ဒေါပုံမြို့နယ် ယမုံနာလမ်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နေ ဇော်ဆန်း မောင်းနှင်လာသည့် ၅ခ/ . . . Dump Truck ကိုယ်ပိုင်ယာဉ်သည် ၎င်း၏ရှေ့မှ လမ်းကျပ်၍ဖြည်းဖြည်းချင်း မောင်းနှင်နေသော ကိုတင်ထွန်း မောင်းနှင်လာသည့် ၉ယ/. . . . အငှားယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ကြောင်းသိရသည်။

ထိုသို့တိုက်မိသည့်အရှိန်ကြောင့် ၉ယ/---ယာဉ်မှ ၎င်း၏ရှေ့ရှိ ကိုဇေယျာမင်းထင် မောင်းနှင်သော ၃ခ/---Station Wagon ယာဉ်မှ ဦးအုန်းကျော် မောင်းနှင်သည့် ၄ခ/. . . စူပါကာစတန်ယာဉ်အား ဆက်လက်၍ ဆင့်ကဲတိုက်မိခဲ့သည်။

ထိုသို့ ဆင့်ကဲတိုက်မိမှုကြောင့် ယာဉ်အားမဆင်မခြင် မောင်းနှင်သူ ၅ခ/---Dump Truck ယာဉ်မောင်းနှင်သူ ဇော်ဆန်းကို ဒေါပုံမြို့မ ရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(စိုးဝင်း)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်လုပ်ငန်း ညှိနှိုင်းဆွေးနွေး

တောင်ငူ ဩဂုတ် ၁၅

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက် ပဉ္စမအကြိမ် လုပ်ငန်းဆိုင်ရာနှင့် ဖွဲ့စည်းပုံမူကြမ်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲပိုင်းက အမက(၁)မူလွန်ကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ ဦးကျော်လှ (သမာဓိ)နှင့် နာယကဆရာကြီး ဦးစံတင် (ခရိုင်ပညာရေးမှူး၊ ငြိမ်း) တို့က အမှာစကားပြောကြားကြပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာဘဆွေ (တော်ဝင်ဆေးရုံ)က ယခင်အပတ် အစည်းအဝေးမှတ်တမ်းကိုဖတ်ကြားတင်သွင်းအတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဖွဲ့စည်းပုံနှင့်ပတ်သက်သည့် မူကြမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအတည်ပြုချက်ရယူ၍ ဆပ်ကော်မတီဝင် ငါးခုတို့မှ အဖွဲ့ခေါင်းဆောင်များက မိမိတို့၏ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီးရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးချမှတ်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နာယကများ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးစံထွန်းအောင်က ဆောင်ရွက်သည်။ **(၁၃၆)**



စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်နေ ကျွန်မ မဝတ်ရည်ဝင်း(B.Pharm) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်းနေ ဒေါက်တာ ဇေသူအောင် M.B.,B.S (Ygn) တို့သည် စိတ်သဘောထားမတိုက်ဆိုင်ပါသဖြင့် ၁၂-၈-၂၀၁၃ရက်မှစ၍ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းပါကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မဝတ်ရည်ဝင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် (၄၁၉/က)ဟုခေါ်တွင်သော ဦးစံမြင့် CA-၀၄၈၉၅၈ အမည်ပေါက်မြေအကျယ်အဝန်းပေ (၂၀×၆၀)ရှိ မြေချပါမစ်မြေနှင့် မြေပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးသန်းဇော်မိုး ၁၂/ဥကတ(နိုင်)၀၅၁၇၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

ပျောက်ဆုံးကြောင်း

ကျွန်မပိုင် Saung Yati Aye Co.,Ltd. ၏ သွင်းကုန်(၁) လိုင်စင်နံပါတ် MQ IL 1 13-14 1626 04/06/2013 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဒေါ်ခင်ဝင်း ၁၃/တယန(နိုင်)၀၁၅၁၀၄
Saung Yati Aye Co., Ltd.
ဖုန်း-၀၉-၉၁၀၀၈၄၇၇၊
၀၉-၄၀၂၆၃၈၂၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၄၀/ခ)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနနှင့် မြို့ပြမြေယာဌာန မြို့မြေစာရင်းတွင် ဦးကျော်သန်း ISN-၄၃၅၆၈၈ မှ အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပြီး ဦးကျော်သန်းထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကျော်ဖုံထွေး ၁၂/ရကန(နိုင်)၀၀၃၀၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ဝင်း ၁၂/ဥကတ(နိုင်)၀၉၅၂၃၀က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၅၁၇၃၂၇၇

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဒီ၊ မြေကွက်အမှတ် ၆၆၊ မြေကွက်တည်နေရာအမှတ် ၄၇၊ ဦးရွှေဝွန်းလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးမြမောင် အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးမြမောင် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၄၅၇/၂၀၁၃ (၅-၇-၂၀၁၃)အရ ပိုင်ဆိုင်သူ (၁)ဒေါ်ခင်စန်းသီ ၁၂/ပဇတ(နိုင်)၀၁၀၂၉၉၊ (၂) ဒေါ်ခင်စန်းမော် ၁၂/ပဇတ(နိုင်)၀၁၀၄၄၃၊ (၃) ဒေါ်နွယ်နီမြမောင် ၁၂/ပဇတ(နိုင်)၀၂၆၂၉၈၊ (၄) ဒေါ်သန္တာ ၁၂/ဒဂန(နိုင်)၀၀၂၄၀၅၊ (၅) ဒေါ်ချိုမာ ၁၂/ဗဟန(နိုင်)၀၀၁၁၀၆၊ (၆) ဒေါ်သင်ဇာ ၁၂/ဗဟန(နိုင်)၀၀၁၁၀၇၊ (၇) ဒေါ်နွယ်မာ ၁၂/ဗဟန(နိုင်)၀၀၁၁၀၈၊ (၈) ဦးဝဏ္ဏာဆွေး ၁၂/ဒဂန(နိုင်)၀၂၃၅၃၅၊ (၉) ဦးအောင်ကျော်ဇော် ၁၂/ဒဂန(နိုင်)၀၂၃၅၃၄၊ (၁၀) ဒေါ်ထားထားဆွေ ၁၂/ပဇတ(နိုင်)၀၀၉၄၆၁ တို့၏ GP အမှတ် (၁၄၀၈၂/၂၀၁၂) (၁၆-၈-၂၀၁၂)၊ (၁၀၈၁၆/၂၀၁၃)၊ (၂-၇-၂၀၁၃)၊ (၁၄၈၅၄/၂၀၁၂) (၄-၉-၂၀၁၂)ရသူ ဦးသိန်းဝင်းနှင့် (၁၁) ဒေါ်အေမီအောင် ၁၂/ပဇတ(နိုင်)၀၀၄၃၅၀၊ (၁၂)ဦးအောင်မျိုး ၁၂/ပဇတ(နိုင်)၀၀၁၈၇၁၏ GP အမှတ် (၆၅၂၈/၂၀၁၃) (၂၆-၄-၂၀၁၃)ရသူ ဒေါ်အေမီအောင် တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၀၁၀)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၁၀)၊ ဇေယျာသီရိ ၂လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးကျော်မြတ်ထွဋ် ၁၂/သကတ(နိုင်)၁၁၄၉၅၁မှ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပြီး ၎င်းပိုင်ဆိုင်သည့်မြေနှင့်အိမ်အား အမည်ပေါက်မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အာစရိယပူဇော်ပွဲ မြောင်မြို့

အဋ္ဌမအကြိမ်မြောက် အသက်(၆၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းတို့က ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်တွင် အထက ရာပြည့်ခန်းမ၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးမှတပည့်များအားလုံး သိရှိလှူဒါန်းနိုင်ရန် နှိုးဆော်လိုက်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်-

ဦးကျော်ကျော်	ရန်ကုန်	ဖုန်း-၀၉-၈၇၄၂၉၈၄
ဦးမြင့်နိုင်	ရန်ကုန်	ဖုန်း-၀၁-၃၉၄၆၄၂
ဦးဝင်းလွင်	သန်လျင်	ဖုန်း-၀၉-၅၁၂၉၄၇၈
ဦးလှမြင့်	မန္တလေး	ဖုန်း-၀၉-၂၀၀၂၅၀၄
ဦးစိန်ဝင်း	မန္တလေး	ဖုန်း-၀၂-၃၃၉၀၅
ဦးစိန်	မြောင်	ဖုန်း-၀၇၁-၄၃၀၄၅
ဦးချစ်ဆွေ	မြောင်	ဖုန်း-၀၇၁-၄၃၀၅၁

UNIQUE MARINE TRAINING CENTER

Workshop Skills Training

မန်းရတနာ အသည်းအားဆေး

(ပြည်တွင်း၌သာ ခန့်ထားရန်) iGREEN Construction

၁။ Coordinator B.E Civil, AGTI Civil ကျား/မ (၄)ဦး
၂။ Chief Accountant B.Com, CPA(or)ACCA Part II မ (၂)ဦး
၃။ လုံခြုံရေးဝန်ထမ်း ကျား (၁၅)ဦး

➤ လစာကောင်းမည်၊ အဆောင်ပေးမည်၊ အဆောင်နေသူအားထမင်းစရိတ်ပေးမည်။

www.igreen-construction.com

Since 1986 KMD Computer Centre

နိုင်ငံတကာအသိအမှတ်ပြု Diploma သင်တန်းနှင့် Degree သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းအတွက် Computer Basic မှစ၍ Advance အထိ Certificate သင်တန်းများ ကိုလေ့ကျင့်လုပ်ပေးနေပါသည်။

လုပ်ငန်းခွင်ဝင်နိုင်ရန် On Job Training နှင့် မိုဘိုင်းဖုန်းအရောင်းသင်တန်းများ တက်ရောက်နိုင်ပါသည်။

- i-Office 2010 (Basic , Advance)
- 10 Days Office
- Desktop Publishing
- Graphic Design
- Introduction to Internet
- Web Builder
- Mobile basic Course
- Excel in Business Application
- AutoCAD 2D/ 3D
- Digital Media Special Effect

အဖွဲ့အစည်းများအတွက် သင်တန်းချိန်များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

Tel : 381035/ 391286/ 220555/384268/ 700895/ 397945/ 502233/ 527436/ 524400/541328

FAME Nephrotec® For healthy kidney
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Nature A® Carotenoids complex
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသန္တာအောင် ၁၂/တမန(နိုင်)၁၁၇၉၄၄၊ အမှတ်(၄၁)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေသူ၏ ဖခင်အမည်မှာ မသန္တာအောင် ကျောင်းအပ်နံ့စဉ် ပါရှိသောဖခင်အမည် (အရပ်ခေါ်အမည်) ဦးရာဂျာနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းရှိ မသန္တာအောင်၏ဖခင်အမည် ဦးနာဒရားတို့မှာ အမည်နှစ်မျိုးကွဲပြားနေသော်လည်း လူမှာတစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- မသန္တာအောင် ၁၂/တမန(နိုင်)၁၁၇၉၄၄

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စိုးဇာဇာဟန် LL.B အထက်တန်းရှေ့နေ (စဉ်-၃၂၆၇၉)၊ ဖုန်း-၀၉-၄၃၀၆၉၅၇၄

အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၁ (က)စံပြရပ်ကွက်၊ ဖလမ်း၊ အမှတ် ၂၇၉ နေ ဦးကျော်ဇေယျာဦး (ဘ)ဦးသိန်းဝင်း ၇/ပခန(နိုင်)၂၁၉၂၀၇ က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၈-၆-၂၀၁၃ ရက်စွဲပါ မှတ်ပုံတင်နံပါတ် (၁၀၅၇၆/၂၀၁၃)ဖြင့် ဒေါ်အေးချမ်း (ဘ)ဦးအောင်သန်း ၁၄/မမန(နိုင်)၁၄၃၉၁၄အား အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ဖော်ပြပါကိုယ်စားလှယ်လွှဲစာအား ယနေ့ ၁၄-၈-၂၀၁၃ ရက်မှစ၍ လုံးဝ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဇေယျာဦး ၇/ပခန(နိုင်)၂၁၉၂၀၇

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအင်တိုးဆိုင်း၏ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါသဖြင့် P.P. No.M-၂၀၃၄၆၆အား တွေ့ရှိက အကြောင်းကြားပေးပါ။

ဦးအင်တိုးဆိုင်း ဖုန်း-၀၉-၄၅၁၂၃၇၄၆၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် (၆၈၈/က)၊ မြေကွက်တည်နေရာအမှတ် (၆၈၈/က)၊ အောင်သစ္စာဖလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြွေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြွေ(မိခင်)နှင့် ဦးတင်ဟန်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၁၃၂၂၇၇၊ (၂)ဒေါ်ခင်မာနီ ၁၂/သကတ(နိုင်)၀၇၅၆၆၁၊ (၃)ဒေါ်ကြူကြူသင်း ၆/ကသန(နိုင်)၀၃၄၂၂၉၊ (၄)ဒေါ်သင်းသင်းရီ ၁၂/သကတ(နိုင်)၀၇၉၀၁၀၊ (၅)ဦးတင်လှိုင်မြင့် ၁၂/သကတ(နိုင်)၀၇၉၀၀၉၊ (၆)ဦးအောင်ထွန်းကျော် ၁၂/သကတ(နိုင်)၀၇၄၄၅၈တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

AIT အင်ဂျင်နီယာဘွဲ့ ရယူလိုသူများအတွက်

MCC.i

✻B.S.Eဘွဲ့ကို Telecommunications, Mechatronics, Electronics, Civil and Infrastructure, ICT ရွေးချယ်တက်ရောက်နိုင်သည်။
✻မြန်မာပြည်မှာ(၃)နှစ်၊ထိုင်းနိုင်ငံမှာ(၂)နှစ်တက်ရောက်ရမည်ဖြစ်သဖြင့် International Exposure ကိုပါတစ်ပါတည်းရရှိစေမည်။
✻တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုသိပ္ပံတွဲ၊ဝိပ္ပံတွဲဖြင့်အောင်မြင်ပြီးစုစုပေါင်းအမှတ်(၃၀၀)နှင့်အထက်ရရှိရုံဖြင့်တက်ရောက်နိုင်ပါသည်။
✻MCC.i (4) Campus နေရာစိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်ပါပြီ။ (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ရတနာပုံ)

MCC.i (Yangon Campus) - 01-245762, 249152, 246634, 395512.
MCC.i (Nay Pyi Taw Campus) - 067-421198, 067-421617 Ext :108
MCC.i (Mandalay Campus) - 09-91034062, 09-402671562, 02-77930.
MCC.i (Yatanarpon Campus) - 02-5178112, 5178113, 5178132, 09-43104966.

ENROLL NOW! 26 Aug 2013

(Student Recruitment Agent)

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မိဂဒါဝုန် မြေမြတ်ဆိုင်ရာ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ သာသနာ့မြေ လှူဒါန်းကြပါစို့

အိန္ဒိယနိုင်ငံ ၊ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ၊ ဗာရာဏသီမြို့ မိဂဒါဝုန်တောရှိ သံဃာ့ဝန်ထမ်းဌာနနှင့် အစိုးရဌာနတို့ ဆိုင်ရာ မြေမြတ်သည် ဘုရားအလောင်းတော် ပထမဆုံး တရားဦးဟောတော်မူရာ နေရာဖြစ်ပေသည်။ နောင်ပွင့်ထွန်းတော်မူမည့် အရိမေတ္တေယျ ဘုရားရှင်သည်လည်း ဤမြေမြတ်မဟာဌာနတွင် တရားဦးဟောတော်မူမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ သာသနာ့မြေ လှူဒါန်းခြင်းသည် စုရောနောင်ပါ သာသနာပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဦးပညာဓဇ မဟာစရိယ, MA,Ph.D(Thesis)သည် စတုရန်းပေ(၂၀၄၀၀)ကျယ်ဝန်းသောနေရာအား သာသနာ့မြေ အဖြစ် ဝယ်ယူနေပါသည်။ စေတနာရှင်များအနေဖြင့် သာသနာ့မြေ ဓါယကာ ၊ ဓါယိကာမ အဖြစ် ပါဝင်ကုသိုလ်ယူနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ စတုရန်းတစ်ပေလျှင် (၁၅,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

၁။	ဆရာတော် ဦးပညာဓဇ ၊ မဟာဓာတိမ္မရိပ်သာကျောင်း ၊ ဗုဒ္ဓဂယာ ၊ ဗီဟာပြည်နယ် ၊ အိန္ဒိယနိုင်ငံ။ ဖုန်း - ၀၀၉၁-၉၁၀၆ ၃၀၇ ၂၂၂ ဂုဏ်၀၇ ၈၆၃ ၉၆၂ ၊ pannadhaza@gmail.com	
၂။	ဆရာတော်ဦးကုမာရ ၊ မွေ့ဓေတီရွှေကျောင်း ၊ တောင်ဥက္ကလာ။	၀၁-၅၆၉၄၄၅ ၊ ၀၉-၈၆၃၄၀၃၀
၃။	ဒေါ်တင်တင်ကြည် ၊ စမ်းချောင်းဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ မရမ်းကုန်း။	၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၄။	ဒေါ်သီတာ ၊ မျှော်မှော် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ မင်္ဂလာတောင်ညွန့်။	၀၁-၂၉၆၄၄၆ ၊ ၀၉-၅၀၁၃၅၂၂
၅။	တိုးတိုးရေတာရာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ လှည်းတန်း ၊ ကမာရွတ်။	၀၁-၅၀၃၉၂၅၊ ၅၂၇၅၃၉
၆။	ဗိုလ်မှူးလှိုင်မြင့်(ငြိမ်း)+ဒေါ်သင်းသင်းအေး ၊ မရမ်းကုန်း။	၀၁-၆၅၅၀၀၀၊ ၀၉-၈၆၂၀၅၆၉၊ ၀၉-၅၅၀၃၉၈၉
၇။	ဦးလှဝင်း + ဒေါ်အေးသိန်း ၊ ပါရမီ ၊ တောင်ဥက္ကလာ။	၀၉-၇၃၂၀၈၈၇ ၊ ၀၉-၅၁၈၇၆၄၁ ၊ ၀၁-၅၆၉၁၇
၈။	ဒေါ်မိုးမိုး ၊ Mandalar Charm Travels & Tours ၊ ကျောက်တံတား။	၀၁-၂၄၂၁၂၉ ၊ ၀၁-၂၅၆၈၇၂ ၊ ၀၁-၆၄၂၃၄၄
၉။	ဦးမိုင်ဘွန်း + ဒေါ်မှုမှုမျိုး ၊ မင်းရဲကျော်စွာအိမ်ရာ ၊ တာမွေ။	၀၉-၅၀၃၈၀၀၂ ၊ ၀၉-၇၃၂၂၀၂၇၂
၁၀။	ဦးမောင်မောင်စိုး + ဒေါ်လင်းမြို ၊ အင်းစိန်။	၀၉-၇၃၀၇၆၂၃၉ ၊ ၀၁-၇၀၇၆၉၀
၁၁။	ဒေါ်အမာစိန် ၊ Air Con အပိုပစ္စည်းရောင်းဝယ်ရေး ၊ အင်းစိန်။	၀၁-၆၄၆၉၀၉ ၊ ၀၉-၅၀၅၀၆၅
၁၂။	ဒေါ်ခင်အုန်းမြင့် ၊ လမ်းလမ်းကား ၊ ရေတာရှည်လမ်းမဟောင်း ၊ ဟောန်း။	၀၁-၇၅၅၅၁၂ ၊ ၀၉-၅၀၄၀၈၄၆ ၊ ၀၉-၄၂၀၇၂၆၆၄
၁၃။	ဗိုလ်ကြီး ကြည်စော(ငြိမ်း) + ဒေါ်ဖိုးမောင်ထွေး [မြဝတီ ချယ်/သံ(ငြိမ်း)] မော်ဘီ။	၀၁-၆၂၀၆၃၄ ၊ ၀၉-၅၀၄၀၈၀၄၄
၁၄။	ဒေါ်တင်မိုးအေး ၊ ကျော်ကျော်ကားပစ္စည်းဆိုင် ၊ စမ်းချောင်းမွဲ(၁) ၊ မန္တလေး။	၀၉-၅၀၁၆၈၀၄ ၊ ၀၂-၅၁၅၅၄၅၅
၁၅။	ဒေါ်မြမြဝေ ၊ ရွှေလီလမ်း ၊ အောင်သုခရပ်ကွက် ၊ မိတ္ထီလာ ။	၀၆၄-၂၃၆၁၁ ၊ ၀၉-၄၂၀၇၀၄၄၈၄
၁၆။	မဥမ္မာ နှင့် ညီမများ ၊ ထွန်းရှိန်ငြိမ်းအထည်ဆိုင် ၊ ဈေးကြီး ၊ မြင်းခြံလှွင်း။	၀၈၅-၂၃၀၃၅ ၊ ၀၉-၂၀၄၅၂၀၅
၁၇။	ဦးကျော်ဦး ၊ ဈေးကုန်းရပ်ကွက် ၊ မိုးကောင်းမြို့။	၀၇၄-၄၀၅၂၀ ၊ ၀၉-၆၄၀၅၄၄၄
၁၈။	ဒေါ်တင်တင်မော် ၊ လှိုင်ကော်မြို့။	၀၉-၄၂၈၀၀၀၁၂၉ ၊ ၀၈၃-၂၂၈၀၀
၁၉။	မုံအရာစံဗိုလ်ကျော်သိန်း(ငြိမ်း)+ဒေါ်ခင်မမ ၊ ချမ်းမြေသာစည်ရပ် ၊ တောင်ကြီး။	၀၈၁-၂၀၅၆၄၁ ၊ ၀၉-၅၂၀၅၉၈၉
၂၀။	ကိုမျိုးမင်းထွန်း ၊ ရောဝတီလမ်း ၊ ကန်ရှေ့ရပ် ၊ တောင်ကြီး။	၀၉-၅၂၀၁၂၀

ဘုရားအလောင်း နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဓါနမှတ်တိုင် စိုက်ထူနိုင်ပြီ

အိန္ဒိယနိုင်ငံ ၊ ဂယာမြို့ ၊ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေနု ဦးစီးပြီး ကုသိနာရုံ ၊ မလ္လာရာမဝိဟာရမြန်မာကျောင်း တည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဓါးဆိုသက်နှုန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ် အတိုင်း ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည် -

ရက်စွဲ - (၁၈-၈-၂၀၁၃) ၊ တနင်္ဂနွေနေ့။
နေရာ - အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် ၊ ရေသိဒ္ဓိအွမ်းစားကျောင်း ၊ စမ်းချောင်း။
အချိန် - နံနက် (၉)နာရီမှစ၍ သင်္ကန်းကပ် ၊ ရေစက်ချ ၊ နေ့ဆွမ်းကပ်လှူ၍ ပရိသတ်များအား ဦးမျိုးမင်းတင်ထွန်း + ဒေါ်တင်တင်မိုး Moe & More Co.,Ltd. မိသားစုက နေ့လည်စာဒါနပြုပါမည်။

ဖုန်း - ၀၉-၅၁၀၇၅၂၅ ၊ ၀၉-၅၁၀၉၈၉၃၁ ၊ ၀၉-၅၁၀၉၈၅၀၆ ၊ ၀၉-၄၃၂၀၄၀၇၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မအူပင်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို (Leeco) (3'x1'x6')	၁၀ လုံး
၂။	ဓာတ်ခွဲခန်းသုံးစားပွဲ(8'x4'x3.5')	၄ လုံး
၃။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၂၀၀ ခုံ
၄။	စားပွဲ(5'x3'x2.6')	၇ လုံး
၅။	Aluminium Ladder (14', 2 Way)	၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မအူပင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၈-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မအူပင်) ဖုန်း-၀၄၅-၃၀၁၀၉ နှင့် ၀၄၅-၃၀၁၀၈ တို့တွင် စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(မအူပင်)

101 Beauty Saloon

01-518088, 01-518311, 01-2304550

ရေနွေးညသိပ်အဆိပ်ထက်ပြင်းနှင့်
နေ့စဉ်ကျန်းမာအောင်ရေသောက်နည်းများ
ကြည်လွင်မြင့်(မှော်ဘီ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

LL.B, D.B.L., D.M.L.

B.Sc, B.A(B.L), B.D.S (MOFA), Dip in Eng (YCDC), C.B.L

ကားရောင်းမည်

Nissan, Datsun Japan, ဓာတ်ဆီ 2.0,Manual, 2002
Toyota, HiluxJapan, ဓာတ်ဆီ 2.0,Manual, 2002

ဖုန်း-၀၉၅၁၀၅၃၆၈

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ လူနေရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၇၂၁/ခ၊ မြေအကျယ်ပေ (၂၀×၆၀)ဟုခေါ်တွင်သော နှစ် ၆၀ မြေငှားဂရန် မူလအမည်ပေါက် ဒေါ်မြင့်စိန်၊ ဒေါ်သန်းသန်းရီတို့ထံမှ အိမ်အမှတ် ၇၂၁/ခ၊ ဇောတိကလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု အမည်တွင်သော အလျား ၁၀ပေ၊ အနံပေ ၆၀၊ (ခေါင်းရင်းခြမ်း)အိမ်နှင့်မြေအား ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဇင်ကြူ ၁၂/ဥကတ(နိုင်)၀၁၃၈၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အိမ်နှင့် မြေတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည်။ သို့ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဇော်ဝင်း LL.B အထက်တန်းရှေ့နေ (၁၅၆၉၇)
အမှတ် ၁၂၉၊ အခန်း ၄၊ ရန်နိုင်လမ်းသွယ် ၆၊ (၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၇၇၂၃၆၊ ၀၉-၅၀၅၇၀၉၂

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသော ဒေါ်အေးအေးနိုင် ၁၂/ဥကတ(နိုင်)၁၁၈၉၄၄ထံမှ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၄၇)ရှိတိုက်ခန်းအမှတ်(၂/အေ)ပထမထပ်တိုက်ခန်းကို အပျောက်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါလျှင် ငွေချေအရောင်းအဝယ်ပြုလုပ် တိုက်ခန်းလက်ရောက်ရယူခြင်းပြုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့ဝေ	ဒေါ်မိုးမိုးခိုင်	ဒေါ်ထူးထူးလှိုင်
LL.B,D.B.L(စဉ်-၇၈၉၂)	LL.B,D.B.L (စဉ်-၈၇၂၃)	LL.B,D.M.L (စဉ်-၃၁၅၃၅)

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**
အမှတ်(၂၀၃/အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

၅။ သို့ပါသော်လည်း ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် ၇-၁၁-၂၀၁၂ရက်စွဲပါ ကိုယ်စားလှယ်စာအမှတ် ၁၇၈၁၆/၂၀၁၂ဖြင့် ဦးသိန်းနိုင်အား ပေးထားသည့် GENERAL POWER OF ATTORNEY ကို ကျွန်ုပ်တို့၏အမှုသည် ဦးစိန်လင်းမှ ရုပ်သိမ်းကြောင်း ၃-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ စာမျက်နှာ (၁၁)တွင် ထည့်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ရှေ့သို့ဆက်ပြီး တစ်စုံတစ်ရာမျှ ဆောင်ရွက်နိုင်ခွင့်မရှိသလို ဆောင်ရွက်သမျှသည်လည်း တရားမျှတသောဥပဒေနှင့်အညီ မည်သို့မျှ အတည်မဖြစ်ပါကြောင်းနှင့် ကျွန်ုပ်တို့၏အမှုသည် ဦးစိန်လင်းအား တယ်လီဖုန်းဖြင့် ခြိမ်းခြောက်မှုအမျိုးမျိုးကိုလည်း အသံဖမ်းမှတ်တမ်းတင်ထားပြီး နေအိမ်၌လည်း CCTVမှတ်တမ်းထားရှိပြီးဖြစ်၍ လိုအပ်ပါက တရားဥပဒေကြောင်းအရ သက်ဆိုင်သူကို တရားဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း တစ်ပါတည်း စေတနာကောင်းဖြင့် သတိရှိစေရန် အသိပေးအပ်ပါသည်။

ဦးစိန်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

Hyginic Legal Clinic

ဦးထွန်းအောင်
တရားလွှတ်တော်ရှေ့နေ -၃၂၃၈

ရောဘတ်စန်းအောင်
တရားလွှတ်တော်ရှေ့နေ-၂၄၆၉

ဦးသန်းဇော်အောင်
အထက်တန်းရှေ့နေ -၂၃၈၀၁

ဒေါ်ညီညီဝင်း
အထက်တန်းရှေ့နေ -၂၈၁၁၆

ဒေါ်နန်းစန္ဒာဝင်း
အထက်တန်းရှေ့နေ -၂၆၉၅၇

IGCSE
Secondary 1 to 4 &
Maths.
Classes & Home

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာအမှတ်-၁၂၊ ဘုရင့်နောင် ၁၀လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးအောင်ကြည် ၁၂/သဃက(နိုင်)၀၈၉၁၀၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြည်(ခင်မွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်နီ ၁၂/သဃက(နိုင်)၀၈၈၄၉၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GP No- $\frac{၁၁၀၉၃/၁၃}{၅-၇-၁၃}$ ရသူ ဦးသစ်အောင် ၁၂/ရကန(နိုင်)၀၆၅၈၈၆က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းမှုမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၂)၊ မြေကွက်အမှတ် (၃၈၁/က) ပေ(၂၀×၆၀) ပေါ်ရှိ အဆောက်အအုံပါမြေဂရန်အမည်ပေါက် ဦးကျော်ရ CF-၀၉၅၈၅၉ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ဖြူ ၁၂/သဃက(နိုင်)၀၁၇၀၉၆က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိဖြင့် အရောင်းအဝယ်ပြုလုပ်ရာ ရောင်းချငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့် ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးညွန့်လွင်

EC-၀၀၈၈၇၇

အမှတ် (၉၅၆)၊

သုမိတ္တာ (၂၅)လမ်း၊

(၁)ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်

[illegible]

[illegible]

[illegible]

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အမွေဆက်ခံခွင့်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၄

ကွယ်လွန်သူ ဦးပါရ်မာနန်းဒါး(ခ)ဦးခင်မောင်ထွေး ၁၂/ပဘတ(နိုင်) ၀၀၈၃၆၁ ၏ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။

ဒေါ်ဘီစနူး **လျှောက်ထားသူ**
အမှတ် ၁၃၁၊ အခန်း(၃)(၄)၊
အမှတ် ၄ရပ်ကွက်၊ ၂၇လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါနေရပ်လိပ်စာနေ ဒေါ်ဘီစနူးက ကွယ်လွန်သူ ဦးပါရ်မာနန်းဒါး(ခ) ဦးခင်မောင်ထွေး၏ ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ကွယ်လွန်သူ ဦးပါရ်မာနန်းဒါး(ခ) ဦးခင်မောင်ထွေးသည် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃)နှင့်(၄)တို့၌ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခွင့်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးပါရ်မာနန်းဒါး(ခ)ဦးခင်မောင်ထွေးမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် စက်တင်ဘာလ ၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ဘီစနူး၏လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရွှေပြည်သာမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၈

ဦးရွှေမြ	နှင့်	၁။ ဒေါ်ကျင်မေ
(၎င်း၏အခွင့်ရကိုယ်စားလှယ်		၂။ ဦးသိန်းဝင်း
ဦးဝေလင်းနိုင်)		၃။ ဒေါ်ဆွေဆွေအုန်း
ဒီကရီအနိုင်ရသူ		**တရားရုံးများ**

အမှတ် ၉၅(က)၊ သရဖီလမ်း၊ ၅/၅ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည် ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်သက်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်

Central Link (ကျောင်းခွဲမရှိပါ)
Language Training Centre

E.P.S(TOPIK) ... **Central Link** ...

... **Ph: 09 731900 40, 09 4200 89723**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၈၊ မြေကွက်အမှတ် ၂၀၊ အမည်ပေါက် ဦးထွန်းရှိန် ၁၂/လမန(နိုင်) ၀၂၂၂၇၃က ရုံးခွဲစာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲမှတ်ပုံတင်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အေးမင်းစိုး ၁၂/ပဇတ(နိုင်)၀၃၂၂၆၉ ၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်**
ဖုန်း-၀၉-၄၂၂၄၈၈၄၃၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုထွန်းလင်းဦး ၁၂/တမန(နိုင်)၁၁၄၈၈၉ ၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၀၂၀၅၂

ကုမ္ပဏီအမည်ပြောင်းကြေညာခြင်း

Matthew & Joyce Co., Ltd. အမည်မှ
M J Co.,Ltd. အမည်သို့
ပြောင်းလဲလိုက်ပါသည်။

သင့်ရင်သွေး
အသက်ရှည်မှာလား
နှင့် ဗေဒင်ပညာ
ဒေါက်တာအဂ္ဂနီခင်သင်
... B-2 ... ဖုန်း - ...

အများသိစေရန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အမှတ် (ခခ-၄/၉၀)နေ ဦးလက်မွန်ဝင့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက် အမှတ် ၅၀၊ မြေကွက်အမှတ် ၁၂၄၀၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧကရှိ ဦးဝင်းထွန်းအမည်ပေါက်ဂရန်မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။ ကန့်ကွက်မှုမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဦးလက်မွန်ဝင့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်အောင် (အထက်တန်းရှေ့နေ)
B.A. (Hons:), M.A. (Eng:)., D.B.L, H.G.P
အမှတ် ၁၀၅၊ ၇၃ လမ်း၊ ၃၁×၃၂ လမ်း၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၁၉၃၅၅

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၆၉

မြန်မာ့မွေးမြူရေးနှင့်	နှင့်	၁။ ဒေါ်မင်းမင်းညို
ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်		၂။ ဦးလူမော်
လီမိတက်		၃။ ဒေါ်လဲ့လဲ့ဝင်း
(၎င်းကိုယ်စား ဒုတိယဗိုလ်မှူးကြီး		
ထင်အောင်-ငြိမ်း)		
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၃၇၉၊ (ယခုနေရပ်လိပ်စာမသိသူ) (၂) ဦးလူမော်၊ (၃) ဒေါ်လဲ့လဲ့ဝင်း သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ မူလတာမွေမြို့နယ်တရားရုံး၏ တရားမထွေထွေမှုအမှတ် ၃/၂၀၁၂တွင် သက်သေခံအဖြစ် လက်ခံထားသော ၂၃-၅-၂၀၁၃ရက်စွဲပါ အမိန့်အား ပယ်ဖျက်ပေးစေလိုမှုအကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝါဝါထွန်း)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၆

ဒေါ်အေးငြိမ်း	နှင့်	၁။ ဒေါ်မြမြ
(၎င်း၏အခွင့်ရကိုယ်စားလှယ်		၂။ ဦးခင်မောင်ဆင့်
မဇင်မာမိုး)		
တရားနိုင်		**တရားရုံးများ**

အမှတ် (၁၀)၊ ကန်သာယာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) ဒေါ်မြမြ သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၆၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်။

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ မနော်ဟရီလမ်း၊ လားရှိုးလမ်းသွယ်၊ G-၁၀၅၊ ၅၇လမ်း×၅၈လမ်းကြားနေ ဦးမင်းနောင် ၅/မကန(နိုင်)၀၄၈၃၃၈က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်မျိုးဟန်နီချို ၁၃/ကမန(နိုင်)၀၈၃၂၃၈ သည် ဇနီးဝတ္တရားကျေပွန်စွာ ထမ်းဆောင်ခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များစွာ ဆောင်ရွက်ထားသူဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ ဦးမင်းနောင်အပေါ်တွင် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပြီး ဦးမင်းနောင် မသိရှိဘဲ၊ သဘောတူညီခွင့်ပြုခြင်းမရှိဘဲ အခြားသူများထံမှ ငွေကြေးချေးငှားခြင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ပေါင်နှံသုံးစွဲခြင်းများ အမျိုးမျိုးပြုလုပ်ခဲ့ပါသည်။ ဒေါ်မျိုးဟန်နီချိုနှင့်ပတ်သက်သည့် ငွေချေးငှားသည့်ကိစ္စရပ်များ၊ ကြွေးမြီအရှုပ်အရှင်းကိစ္စရပ်မှန်သမျှအားလုံးကို ရာသက်ပန် ဦးမင်းနောင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ မည်သူနှင့်မျှ ညှိနှိုင်းဆောင်ရွက်ခြင်းလုံးဝပြုမည်မဟုတ်ပါ။ လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေရန် မည်သည့်ပစ္စည်းမှ မရှိပါကြောင်း၊ မည်သည့်ကိစ္စမျှ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းနောင် ၅/မကန(နိုင်)၀၄၈၃၃၈

စီးပွားရေးကြော်ငြာ

- နိုင်ငံတကာအသိအမှတ်ပြု GIA, HRD, IGI Certificate များပါရှိသော D-K Colour ရှိ စိန်များကို (Rapaport) အတိုင်းအနည်းဆုံး 5% မှ အများဆုံး 20% အထိ Discount ဖြင့် ရောင်းချပေးနေပါပြီ
- ကျွန်ုပ်တို့ဆိုင်မှ ဝယ်ယူသော စိန်များကို (၃)ရက်အတွင်း ပြန်လည်လဲလှယ်ပေးပါသည်

စိန်ရွှေရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀) အထိ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရှေ့ဆိုရှာပိုလဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...
အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

- Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (တယ်လက်ရှိယခု Cutting) ဖြစ်ရမည်။ Cutting နိမ့်သွားထားလားမပါစေရ
- Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မကြည်အား မညီတာ နှံ့နဲ့လေးထိ ညိုတာမပါစေရ
- Same Purity အပွင့်တိုင်းသန့်စင်မှု မကျစေရ (IF, VVS, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်းအ Spot အပြစ်သေးများမပါစေရ

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၅၊ ၅၀၂၉၂၂၊ ၅၀၅၀၇၅၊ ၅၀၂၆၉၆

ဖခင်အမည်မှန်

မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်နေနော်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဇော် ဖြစ်ပါသည်။

ဦးထွန်းထွန်းဇော်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၂၆၊ မြေကွက်တည်နေရာအမှတ် ၁၂၆၊ ၃၂ ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးထွန်းရင် CD- ၀၁၆၇၀၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းရင်ကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ ၁၂/ကတတ(နိုင်)၀၁၁၉၂၀ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၁၊ မြေကွက်အမှတ် ၃၅၊ မြေကွက်တည်နေရာအမှတ် ၃၅၊ ၁၃၁ ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ဦးစိုးမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးမြင့် ၁၂/သကတ(နိုင်)၀၃၃၈၄၉ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၈၅၊ မြေကွက်တည်နေရာအမှတ် ၈၅၊ ဇမ္ဗူသီရိ ၃ လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်အောင်၊ ဒေါ်ခင်မြမြ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြမြ (ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးတင်အောင် AD-၀၃၅၉၃၉ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၆၁၈၃/၁၃ ရရှိသူဒေါ်ခင်ခင်ဦး ၁၄/ဒဒရ (နိုင်)၀၀၇၂၂၅က ခင်ပွန်းတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊မြေကွက်အမှတ်၁၁၀၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၀၂/ခ၊ ပတ္တမြား ၃ လမ်း၊ ၇/ အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတုတ်-ဒေါ်သက်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတုတ် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သန်းသန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၆/၁၃) ရရှိသူ ဒေါ်စပယ် ၁၂/သကတ(နိုင်)၁၂၃၄၇၅ နှင့် ဒေါ်သက်တင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၉၆/၁၁) ရသူ ဒေါ်မြင့်မြင့်ရီ ၁၂/သကတ(နိုင်)၀၀၅၆၄၁ တို့ပူးတွဲ၍ ဦးတုတ်၏အစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

OCTAGON
INTERNATIONAL SERVICES CO., LTD

For Local Service Only

(I.)Sales Manager (Male/Female) Yangon

Requirements
1. Any Graduate
2. Age between 23 - 45 years old
3. 3-years or relevant experience in Sales & team management
4. Good skill of English speaking and Computer is required

Responsibilities
1. Able to manage & Lead and influence the sales team to greater high performance
2. Able to manage sales performance & target leading to closures and with service excellence at difficult touchpoint

(II.) Marketing Manager (Male/Female) Yangon

Requirements
1. Any Graduate / Degree in Business with specialization in Sales and Marketing
2. Age between 25-45 years old
3. At least 3-years experience. Including supervisory and preferably form retail Industry and experience in Agency management
4. Strong communication , interpersonal and presentation skills
5. Good skill of English speaking and Computer is required

Responsibilities
1. Able to Planning, organizing and execute retail marketing strategies through appropriate marketing channels
2. Ability to manage and review the Customer Relationship Management on various target groups with a focus on retail

(III).Parts Manager (Male/Female) Yangon

Requirements
1. ME /B.E /GTI / AGTI in Mechanical
2. Age between 30-45 years old
3. At least 5-years experience with 2-years in supervisory capacity
4. Strong knowledge of parts , logistics process and systems
5. Good skill of English speaking and Computer is required

Responsibilities
1. Ensure that the section achieve target objective by on-going examination of accounts, daily & weekly operation controls, system information, industry reports and public domain information and manufacturer's composite figure
2. Set and enforce standard procedures for ordering of parts, ensure that stocks order are in line with targets orders and original spare parts
3. Monitor and manage the store operations in stock receiving, dispensing and retrieving process for efficient turnover
4. Improve the team's competencies through training on product knowledge, information on new technologies and developments in the industry

(IV). Service Advisor (Male) Yangon

Requirements
1. M.E / B.E (Mechanical / Mechatronic)
2. Age between 23-35 years old
3. At least 6-years of relevant work experience in the automotive industry with 2-years in supervisory capacity

Responsibilities
1. Able to assist in high level trouble - shooting diagnosis and repair in accordance to factory -standard operating procedures
2. Ability to motivate and coach the technical team to achieve minimal re-works and shorter turnaround time for assigned vehicles
3. Able to manage tools inventory to ensure completeness and accessibility

(V). Service Technician (Male) Yangon

Requirements
1. B.E / GTI / AGTI in Mechanical
2. Age between 23-35 years old
3. At least 2-years of working experience in the related field is required, fresh graduates with eligible qualification are welcomed to apply
4. Basic Computer and English speaking

Responsibilities
1. Conduct servicing maintenance and minor / medium repair jobs on assigned vehicles within standard time set
2. Conduct regular housekeeping of work area for a safe and tidy working environment

Octagon International Services Co.,Ltd.
No. 42-47,Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar. Ph: 09-8609888 , 09-8622679
Please can apply the CV Form with three passport photo, the copy of NRC card and labor card, copy of education certificates, copy of quarter and police recommendation letter and family unit excel form to the above address not later than (23.8.2013)

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၁၆)ဘဏ်မြောက်

ရေဦးဘဏ်ခွဲ ကို

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ တွင်

၁၆.၈.၂၀၁၃ (သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ရေဦးဘဏ်ခွဲ

အမှတ်(၅/၈)၊ ဈေးသစ်တောင်ဘက်၊ ဗန္ဓုလလမ်း၊ အောင်ဆန်းရပ်
ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဖုန်း – (၀၇၅) ၄၀၇၀၈၊ ၄၀၇၂၀

ဖက်စ် – (၀၇၅) ၄၀၇၂၁၊ ၄၀၇၂၂

www.kbzbank.com

မြန်မာ့အလင်း

အားကစား

၁၆ - ၈ - ၂၀၁၃
သောကြာနေ့

ထွန်းရွှေဝါ
ရိုးရာ
ဆေးမျိုးကောင်းမှာ

အထူးအချက်မိ

မန်ယူရဲ့ ကြယ်ပွင့်သစ် ဖြစ်လာမယ့်ဂျာနူဇာ

မန်ယူးမိုယက်စ်နဲ့ ရာသီအစွင့်ပိုင်း

စာ-၂-၃

ပရီမီယာလိဂ် နယ်မြေသစ်တောက် ဆိုဒါနိုနဲ့ စပါးရုံကြား

စာ-၂

US OPEN

အောင်ပွဲခံဖို့ နာဒယ်က်အခွင့်အရေးသင့်မှီနေပြီလား

စာ-၄

ဟဲမီးဝိတ်ချန်ပီယံဟောင်းကို ပထမအချီ ၂ မိနစ်ကျင် အလဲထိုးခဲ့သူ

ဝီလော်ဒါ

စာ-၄

ဆေးဝါးလှူဒါန်းခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။

ထွန်းရွှေဝါဆေးမျိုးစုံဘူး

လှူဒါန်းမှုပြုသည့်အချိန်တိုင်း 'ထွန်းရွှေဝါဆေးမျိုးစုံဘူး' ကို လှူဒါန်းခြင်းဖြင့် မှန်မြတ်သောကုသိုလ်ထူးကို ရယူနိုင်ကြပါစေ။

မြန်မာ့အလင်း
အားကစားအထူးအချပ်ပို
၁၆-၈-၂၀၁၃ (သောကြာနေ့)

ရှေ့ဖုံးမှ

သူဟာ ဟောင်ကောင်မှာကစားခဲ့တဲ့ ဟောင်ကောင်ကလပ်ကစ်ချီကို ၂-၅နဲ့နိုင်ခဲ့တဲ့ ပွဲတုန်းကဆိုအသင်းအတွက်တစ်ဂိုးတောင်သွင်းယူပေးခဲ့ပါတယ်။ ဒါကြောင့်သူ့ကို အသင်းကိုရောက်ရှိအောင်ခေါ်ယူခဲ့တဲ့ မန်ယူမန်နေဂျာဟောင်း ဖာဂူဆန်ကိုယ်တိုင်ကလည်း“ ဂျာနူဇာဟာကစားပွဲတွေမှာဆိုရင် အသင်းကိုအကောင်းဆုံးထိန်းညှိပြီး လှပစွာကစားတတ်တဲ့ကစားသမားတစ်ဦးပါ။ ဒ့ါအပြင်သူ့ရဲ့ဘောလုံးကစားပုံတွေကိုကြည့်မယ်ဆိုရင် လှပသေသပ်ပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ ကစားတတ်တာကိုတွေ့ရမှာပါ” လို့လည်း ပြောဆိုခဲ့ပါတယ်။ မန်ယူမန်နေဂျာသစ် မိုယက်စ်အနေနဲ့လည်း အသင်းရဲ့ ကွင်းလယ်ပိုင်းနဲ့ပတ်သက်ပြီး ပေါလ်စခိုးလ်အနားယူခဲ့ပြီးနောက် အစားထိုးနိုင်ဖို့အတွက် အပြင်းအထန်ကြိုးစားနေခဲ့ပေမယ့် လက်ရှိချိန်အထိတော့ ခေါ်ယူနိုင်ခြင်းမရှိတာကြောင့် အသင်းမှာရှိတဲ့လူငယ်ကစားသမား ဂျာနူဇာကို ရာသီအကြို ပွဲစဉ်တွေမှာထည့်သွင်းအသုံးပြုကာ စောင့်ကြည့်လေ့လာနေခဲ့ပါတယ်။ ဂျာနူဇာဟာ မန်ယူအသင်းရဲ့ နောက်ဆုံးခြေစမ်းပွဲလို့ပြောလို့ရတဲ့ ဖာဒီနန်အတွက်ကစားခဲ့တဲ့ ဂုဏ်ပြုပွဲမှာ မန်ယူအသင်းအနေနဲ့ ဆီဗီလာအသင်းကို ၃-၁ဖြင့် ရှုံးနိမ့်ခဲ့ပေမယ့် မန်ယူအသင်းရဲ့ တစ်လုံးတည်းသော ချေပဂိုးရရှိနိုင်ဖို့အတွက် ဂျာနူဇာက တောင်ပံကစားသမား ဗလန်စီယာကို ကူညီပံ့ပိုးပေးနိုင်ရုံသာမက အသင်းမှာ ခြေစွမ်းပြကစားနိုင်တဲ့တာကြောင့် အဲဒီပွဲရဲ့အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ပါတယ်။ ဂျာနူဇာရဲ့ ရာသီအကြို ပွဲစဉ်တွေမှာကစားခဲ့တဲ့ ခြေစွမ်းတွေဟာ မိုယက်စ်အတွက်တော့ ကွင်းလယ်ပိုင်းနဲ့ ပတ်သက်ပြီး စိတ်သက်သာရာတစ်ခုအဖြစ်ရှိနေခဲ့ပါတယ်။ ဒါကြောင့်လည်း မိုယက်စ်က“ ဂျာနူဇာဟာ ကျွန်တော်တို့ အသင်းအတွက်တော့ အပေါင်းလက္ခဏာလို့ ပြောနိုင်ပါတယ်။ သူဟာလူငယ်ကစားသမားတစ်ဦးဖြစ်တဲ့အတွက် သူ့ရဲ့ကြိုးစားမှုကို ကျွန်တော်တို့က အသိအမှတ်ပြုပါတယ်။ သူဟာအသင်းမှာ ပိုကြိုးစားမယ်ဆိုရင် ပိုပြီးနေရာရလာမယ်ဆိုတာ သေချာ ပါတယ်”ဟု ပြောဆိုခဲ့သည်။

ဒ့ါအပြင်ဂျာနူဇာရဲ့ခြေစွမ်းတွေကို စီးရီးအေချန်ပီယံ ဂျူဗင်တပ်နဲ့ စပိန်လာလီဂါချန်ပီယံဘာစီလိုနာအသင်းတို့ကလည်းကောင်းကောင်းသတိထားမိပါတယ်။ ဒါကြောင့်လည်း ခေါ်ယူဖို့အထိ ကြိုးစားမှုတွေပြုလုပ်လာခဲ့ပါတယ်။ ဒါပေမယ့် မိုယက်စ်က ဂျာနူဇာဟာ အသင်းရဲ့ အနာဂတ်အတွက် အားထားရနိုင်တဲ့ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်ဆိုတာကို သတိထားမိတာကြောင့် အသင်းရဲ့ပွဲတွေမှာ စတင်သုံးစွဲကာ အသင်းမှာဆက်လက်ရှိနေဖို့ကို ထိန်းထားလိုက်ပါတယ်။ ဒ့ါကြောင့် မန်ယူအသင်းမန်နေဂျာသစ် မိုယက်စ်ယုံကြည်သလို ဂျာနူဇာဟာ အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ သာမကအသင်းရဲ့ တိုက်စစ်ပိုင်းကိုပါ အကောင်းဆုံးပံ့ပိုးပြီး ရာသီသစ်မှာ အသင်းကို ဆုဖလားတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်မလား ဆိုတာကိုတော့ မြက်ခင်းစိမ်းတွေပေါ်က ပွဲစဉ်တွေကိုပဲ ဆက်လက်စောင့်ကြည့်ရမှာပါ။

အောင်က

မန်ယူ၊ မိုယက်စ်နဲ့ ရာသီအဖွင့်ဖိအား

ပရီမီယာလိဂ်ရာသီသစ်က စပြီဆိုတော့ မိုယက်စ်ကို ငဲ့ကြည့်တဲ့ မျက်ဝန်းတွေက များများလာတယ်။ ပရီမီယာလိဂ်အဖွင့်မှာ မိုယက်စ်စတင်ရင်ဆိုင်ရမှာက ဆွမ်ဆီး။ ပြီးတော့ အဝေးကွင်း။ ဒီတော့ မေးစရာရှိလာတာက မိုယက်စ်အနေနဲ့ အသင်းသစ်မှာ ရာသီသစ်ကို အနိုင်ရလဒ်နဲ့စပြီး ဖွင့်နိုင် မဖွင့်နိုင်ဆိုတဲ့အချက်။ ဒါက မိုယက်စ်အတွက် အရေးကြီးသလို မန်ယူအတွက်လည်း အဓိကကျတဲ့မေးခွန်း။

ပြောရရင် မန်ယူဆိုတာက ဖာဂူဆန်လက်ထက်မှာ အများအားဖြင့် အဖွင့်လှပခဲ့တဲ့အသင်း။ ဖာဂူဆန်ရဲ့ လက်ထက်မှာ မန်ယူဟာ ပရီမီယာလိဂ်အဖွင့်ပွဲပေါင်း ၂၁ ပွဲကစားရတယ်။ ဒီ ၂၁ ပွဲမှာ လေးပွဲပဲရှုံးတယ်။ အထူးသဖြင့် မန်ယူဟာ ဖာဂူဆန်လက်ထက်မှာ ပရီမီယာလိဂ်အဖွင့်ပွဲ အနိုင်ရမှုရာခိုင်နှုန်းဟာ ၆၂ ရာခိုင်နှုန်းအထိရှိတယ်။ ဒီတော့ ဒီလို မန်ယူက မိုယက်စ်လက်ထက်ရောက်မှ ပထမဆုံးရာသီရဲ့ အဖွင့်ပွဲမှာ အရှုံးနဲ့ စတင်ရရင် ဘာတွေဖြစ်လာမလဲ။ တွေးကုန် ကြတယ်။ မေးကုန်ကြတယ်။

ပြောချင်တဲ့ အဓိပ္ပာယ်က မိုယက်စ်ဟာ နဂိုကတည်းကမှ ဖိအားတွေအောက်မှာ နေထိုင်ရသူ။ အပြောင်းအရွှေ့ဈေးကွက်မှာ ဖာဂူဆန်လို ထိထိမိမိဆောင်ရွက်ပြနိုင်ခြင်းမရှိသေးတဲ့ အခြေအနေ။ ပြီးတော့ ကွန်မြူနတီဒိုင်းကိုရယူနိုင်ခဲ့ပေမယ့် ကစားပုံက ကျေနပ်စရာမကောင်းတဲ့အချက်။ အောင်မြင်မှုတစ်စုံတစ်ရာရယူနိုင်ခဲ့ဖူးခြင်းမရှိတဲ့ မိုယက်စ်ရဲ့ သမိုင်းကြောင်း။ ဒါတွေအားလုံးက မန်ယူဟာ မိုယက်စ်လက်ထက်မှာ ဖာဂူဆန်လက်ထက်တုန်းကလို အောင်မြင်မှုတွေ ရပ့်ါမလားလို့ တွေးစရာဖြစ်နေတဲ့အချက်တွေဖြစ်သလို ဒီအချက်တွေအထဲမှာ မိုယက်စ်ရဲ့ ရာသီအဖွင့်စွမ်းဆောင်ရည်မှတ်တမ်းကလည်း တစ်ချက်ထပ်ပါတယ်။

အထူးသဖြင့် မိုယက်စ်ဟာ ၂၀၀၂-၀၃ ဘောလုံးရာသီကစလို့ မနှစ်က ဘောလုံးရာသီအထိ အဲဗာတန်ကို ၁၁ ရာသီကြာ ကိုင်တွယ်ခဲ့တယ်။ ဒီ ၁၁ ရာသီမှာ ပရီမီယာလိဂ်အဖွင့် ၁၁ ပွဲ ကစားခဲ့ရာမှာ မိုယက်စ်ရဲ့ အဲဗာတန်ဟာ ခြောက်ပွဲတိတိရှုံးတယ်။ ပြောရရင် မိုယက်စ်ရဲ့ ရာသီအဖွင့်ပွဲအနိုင်ရမှုရာခိုင်နှုန်းဟာ ၂၇ ဒသမ ၃ ရာခိုင်နှုန်းပဲရှိတယ်။ ဒီတော့ တကယ်လို့များ မိုယက်စ်ဟာ သူ့ရဲ့အစဉ်အလာအတိုင်း မန်ယူကို အဖွင့်ပွဲမှာ အနိုင်ရအောင်စွမ်းဆောင်မပေးနိုင်ရင် သူ့အပေါ်ထားတဲ့ သံသယတွေ ပိုပြီးခိုင်မာသွားမယ်။ သူ့အပေါ် ယုံကြည်မှုအားနည်းခြင်းက ပိုပြီးမြင့်မားသွားမယ်။ ဒါဆိုရင် မိုယက်စ်ဟာ မန်ယူမန်နေဂျာဘဝအစပိုင်းမှာတင် ဖိအားတွေအောက်ပိုရောက်ပြီး လုပ်ရကိုင်ရပိုခက်တော့မယ်။ ပြီးတော့ မန်ယူအနေနဲ့လည်း ယုံကြည်မှုပျောက်ဆုံးသွားနိုင်တော့ မကောင်းဘူး။ ဒီတော့ အဖွင့်ဆွမ်ဆီးနဲ့ပွဲက မိုယက်စ်ကိုရော မန်ယူကိုပါ မသိမသာနဲ့ စိန်ခေါ်သံပြင်းတဲ့ပွဲလို့ မြင်ကုန်ကြတယ်။

တကယ်တော့ ဆွမ်ဆီးဆိုတာက ဒီလိုအကြောင်းအချက်တွေမရှိဘူးဆိုရင်တောင် မန်ယူကို ကောင်းကောင်းခြိမ်းခြောက်နိုင်တဲ့အသင်း၊ သူတို့မှာ မီချူလိုတိုက်စစ်မှူးကောင်းရှိတယ်။ ဒီဂူမန်၊ ရုတဲလ်လက်တို့လို ကစားသမားကောင်းတွေရှိတယ်။ ပြီးတော့ ဒီနှစ်မှာ ကစားသမား ခုနစ်ဦးတိတိ ထပ်ဖြည့်ထားတယ်။ ဒီအထဲမှာ ဂျိုဆေးကာနက်စ်၊ ဂျော်ဒီအာမတ်၊ ပိုဇူလိုတို့လို စပိန်ကစားသမားကောင်းတွေပါသလို ရှယ်ဖေးလိုပရီမီယာလိဂ်အတွေ့အကြုံရှိတဲ့သူလည်းပါတယ်။ ပြောရရင် ဒီအသင်းဟာ ရာသီကြိုပွဲတွေမှာ ကစားတဲ့ပွဲတိုင်း နိုင်တယ်။ ဂိုးပေးရတဲ့ပွဲတစ်ပွဲတည်းရှိပြီး တစ်ပွဲပျမ်းမျှ ၂ ဒသမ ၈ ဂိုးအထိ သွင်းတယ်။ ပြီးတော့ ယူရိုပါလိဂ်ခြေစစ်ပွဲမှာ သူတို့ထက် ဥရောပအတွေ့အကြုံပိုကောင်းတဲ့ မယ်မိုကို လေးဂိုးပြတ်နဲ့နိုင်တယ်။ မီချူက တစ်ဂိုးသွင်းတယ်။ အသစ်ခေါ်ထားတဲ့ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဘိုနီက နှစ်ဂိုးနဲ့ ခံစစ်မှူးသစ်ဂျော်ဒီအာမတ်ကပါ တစ်ဂိုးသွင်းတယ်။ဒါဟာ လက်ရှိဆွမ်ဆီးရဲ့ တည်ငြိမ်မှုက မန်ယူထက် ပိုကောင်းတယ်ဆိုတဲ့သဘော။

အထူးသဖြင့် မနှစ်ကဆိုရင် မန်ယူဟာ ဆွမ်ဆီးကို ဆွမ်ဆီးကွင်းမှာ မနိုင်ဘူး။ မန်ယူမှ မဟုတ်ဘူး။ ချယ်ဆီး၊ လီဗာပူး၊ မန်စီးတီးတို့လည်းမနိုင်ဘူး။ ဒါဟာ ဆွမ်ဆီးရဲ့ အိမ်ကွင်းအား ဘယ်လောက်အထိကောင်းသလဲဆိုတာ မြင်သာတဲ့အချက်။ ကက်ပီတယ်ဝမ်းဖလားရခဲ့ရာမှာလည်း လီဗာပူး၊ ချယ်ဆီးတို့လို အသင်းမျိုးတွေကို ကျော်ဖြတ်ပြီးမှ ရယူခဲ့တဲ့အသင်း။ အဓိပ္ပာယ်က ဆွမ်ဆီးဟာ လျှော့တွက်လို့ လုံးဝမရတဲ့သဘော။ ပြီးတော့ ဆွမ်ဆီးမန်နေဂျာ မိုက်ကယ်လော့ဒရပ်ကလည်း ရာသီအဖွင့်ပွဲတွေမှာ ရလဒ်ကောင်းတတ်တဲ့သူ။ မိုက်ကယ်လော့ဒရပ်ဟာ သူ့ရဲ့သမိုင်းတစ်လျှောက် ဘရွှမ်ဘီး၊ ဂီတာဖေး၊ စပါးတပ်မော်စကို၊ မာယော့ကာ၊ ဆွမ်ဆီးတို့ကို ကိုင်တွယ်ခဲ့ရာမှာ ၁၁ နှစ်အတွင်း ရာသီအဖွင့်ပွဲတွေမှာ လေးပွဲသာရှုံးဖူးတယ်။ မနှစ်ကဆိုရင် ကျူပီအာကို ငါးဂိုးပြတ်နဲ့ အဝေးကွင်းမှာတောင် အနိုင်ယူပြခဲ့သူ။ ဒီလိုအသင်းကို မိုယက်စ်က ဖိအားတွေအောက်က ရင်ဆိုင်ရမှာဆိုတော့ ချန်ပီယံဖြစ်ပေမယ့် အောက်ကလှန် ကန်ရမယ့် သဘောတောင် ဖြစ်နေတယ်။

တကယ်တော့ မိုယက်စ်အတွက် စိုးရိမ်စရာကောင်းတာက ဒီတစ်ပွဲတည်းလည်း မဟုတ်ပြန်ဘူး။ ပြောရရင် မိုယက်စ်အတွက် ရာသီအဖွင့် ငါးပွဲလောက်က အားလုံးရဲ့ စောင့်ကြည့်မှုများအောက်မှာရှိတယ်။ ဘာကြောင့်လဲဆိုတော့ မိုယက်စ်ဟာ ဆွမ်ဆီးပြီးတာနဲ့ ချယ်ဆီးနဲ့ရင်ဆိုင်ရမယ်။ ချယ်ဆီးပြီးရင် လီဗာပူး၊ လီဗာပူးပြီးရင် ပဲလေ့စ်၊ ပဲလေ့စ်ပြီးရင် မန်စီးတီးဆိုတော့ ရာသီအဖွင့် ငါးပွဲမှာ လွယ်တဲ့ပွဲဆိုလို့ ပဲလေ့စ်တစ်ပွဲလောက်ပဲပါတယ်။ ဒီတော့ ရာသီအဖွင့် ကာလတစ်ခုလုံးဟာ မိုယက်စ်ကို အကောင်းဆုံး စိန်ခေါ်တဲ့ ကာလလို့ဆိုရင်လည်း မမှားဘူး။ ပြောချင်တဲ့သဘောက ဒီပွဲတွေမှာသာ မိုယက်စ် ရလဒ်ကောင်းအောင် မစွမ်းဆောင်နိုင်ရင် ရာသီအစမှာတင် အဓိကပြိုင်ဘက်တွေနဲ့ အမှတ်ကွာဟမှု ကြီးမားသွားမယ်။ ဒီလိုဆိုရင် သူ့အပေါ် သံသယတွေ ပိုကြီးမားသွားနိုင်သလို စိတ်ဓာတ်အရရော ယုံကြည်မှုပါ ပျောက်ပြီး ဖိအားအောက်က ရုန်းမထွက်နိုင်ဘဲ ဖြစ်ရလိမ့်မယ်။

အထူးသဖြင့် မိုယက်စ်ဟာ ရာသီအဖွင့်ကာလတွေမှာဆိုရင် အမှတ်ရယူနိုင်မှု သိပ်အားနည်းတယ်။ မိုယက်စ်အနေနဲ့ အဲဗာတန်ကို ကိုင်တွယ်တဲ့ ၁၁ ရာသီအတွင်း အဖွင့် ငါးပွဲမှာရတဲ့ အမှတ်တွေအနက် ၂၀၀၆-၀၇ ရာသီမှာ ရခဲ့တဲ့ ၁၁ မှတ်က အများဆုံးပဲ။ ၂၀၀၅-၀၆ တုန်းကဆိုရင် ရာသီအဖွင့် ငါးပွဲမှာ သုံးမှတ်သာရသလို ၂၀၁၀-၁၁ တုန်းကဆိုရင်လည်း နှစ်မှတ်သာရတယ်။ ခပ်ရှင်းရှင်းပြောရရင် ၁၁ရာသီအတွင်း အဖွင့်ငါးပွဲမှာ မိုယက်စ်ရတဲ့ ပျမ်းမျှအမှတ်ဟာ ၆ ဒသမ ၉ မှတ်ပဲရှိတယ်။ ဒါဟာ ပြိုင်ဘက်ကောင်းတွေနဲ့ ဆက်တိုက်ရင်ဆိုင်ရမယ့် လက်ရှိ မိုယက်စ်ရဲ့ အခက်အခဲကို ပိုပြီး ဝန်ပိစေတဲ့ သံသယကို ဖြစ်တည်စေတယ်။ ဖာဂူဆန်တုန်းကဆိုရင် မနှစ်က ရာသီအဖွင့် ငါးပွဲမှာ ၁၂ မှတ်ရတယ်။ တစ်နှစ်ကဆိုရင် ၁၅ မှတ်အထိရတယ်။ ပြောရရင် မန်ယူဟာ ဖာဂူဆန်လက်ထက်ရာသီအဖွင့် ငါးပွဲတိုင်းမှာရတဲ့ ပျမ်းမျှအမှတ်ဟာ ၁၀ ဒသမ ၄ မှတ်အထိရှိတယ်။ ဒီတော့ မိုယက်စ်ကို သံသယများမယ်ဆိုလည်း များလောက်တယ်လို့ မြင်စရာရှိသလို ဒါကို ဖြေရှင်းနိုင်ပါမှ မိုယက်စ်ရဲ့ ရှေ့ခရီးလှမယ်လို့လည်း မြင်ကြတယ်။

ခပ်ရှင်းရှင်းပြောရရင် မိုယက်စ် အဲဗာတန်ကို စတင်ကိုင်တွယ်တဲ့ ၂၀၀၂-၀၃ ဘောလုံးရာသီကနေ မနှစ်ကအထိ ၁၁ ရာသီအတွင်း ဖာဂူဆန်ရဲ့ မန်ယူဟာ ပရီမီယာလိဂ် ငါးပွဲအပြီး အဆင့် ငါးအောက်မှာ ရပ်တည်နိုင်တဲ့ နှစ်ဆိုလို့ ဘောလုံးရာသီ လေးခုသာရှိပြီး ကျန် ခုနစ်ရာသီမှာ အဆင့်သုံး အောက် လုံးဝမကျခဲ့ဘူး။ ဒီကာလအတွင်း မိုယက်စ်ရဲ့ အဲဗာတန်ကတော့ ငါးပွဲပြီးချိန်မှာ အဆင့်ငါးနဲ့အထက် ရပ်တည်နိုင်တဲ့ ရာသီဆိုလို့ လေးရာသီပဲရှိတယ်။ ဒါကို ကြည့်ရုံနဲ့တင် မိုယက်စ်နဲ့ ဖာဂူဆန်ကွာဟမှုက မြင်သာတယ်။ ဒီနေရာမှာ မန်ယူနဲ့ အဲဗာတန်စုဖွဲ့မှု ကွာတယ်လို့ ပြောစရာရှိပေမယ့် စုဖွဲ့မှုပိုကောင်းတဲ့ မန်ယူကိုရောက်လာချိန်မှာ စုဖွဲ့မှုနဲ့ လိုက်ဖက်တဲ့ ရလဒ်မျိုး ဖာဂူဆန်လို လုပ်ပြဖို့တော့ လိုတယ်။ ဒါကိုက မိုယက်စ်အတွက်ဖိအား။

တစ်ခုတော့ မိုယက်စ်အတွက်သာတာရှိတယ်။ မန်ယူအနေနဲ့ ဖာဂူဆန်လက်ထက်မှာ အဖွင့် ငါးပွဲအတွင်းရလဒ်တွေမကောင်းပေမယ့် ရာသီအဆုံးမှာ အောင်ပွဲရခဲ့တာတွေရှိတယ်။ ၁၉၉၈-၉၉ တုန်းက ရာသီအဖွင့်မှာ ငါးပွဲအတွင်း ရှစ်မှတ်သာရပေမယ့် ရာသီအဆုံးမှာ ဖလားသုံးလုံးရတယ်။ ၂၀၀၇-၀၈ ဘောလုံးရာသီမှာလည်း ရာသီအစ ငါးပွဲမှာ ရှစ်မှတ်ပဲရပေမယ့် ရာသီအဆုံးမှာ ဖလားနှစ်လုံးရတယ်။ ဒါပေမယ့် ဖာဂူဆန်နဲ့ မိုယက်စ်မတူဘူး။ ဖာဂူဆန်က ယုံကြည်မှုခံရတော့ ရာသီအဖွင့်အခြေအနေဆိုးရင်တောင် ပြုပြင်မှုကို ခပ်အေးအေးလုပ်နိုင်တယ်။ မိုယက်စ်ကျတော့ ယုံကြည်မှုကို တည်ဆောက်နေဆဲလူ။ ဒီလိုလူမျိုးအတွက် အမှားမခံဘူး။ ဒီတော့ မန်ယူရဲ့ ရာသီအဖွင့် ငါးပွဲကို ဆွမ်ဆီးနဲ့ အဖွင့်ပွဲကစလို့ စောင့်ကြည့်လေ့လာရင်း ၂၀၁၃-၁၄ ပရီမီယာလိဂ်ပွဲစဉ် (၁) ကိုပါ စောင့်ကြည့်ကြပါစို့။

ပေ မိုး ဆက်

ဖာဂူဆန်နှင့်မိုယက်စ်တို့၏ရာသီအဖွင့်စွမ်းဆောင်မှု

အမည်	ပွဲ	နိုင်	သရေ	ရှုံး	အနိုင်ရရာခိုင်နှုန်း
ဖာဂူဆန်	၂၁	၁၃	၄	၄	၆၂
မိုယက်စ်	၁၁	၃	၁	၇	၂၇.၃

ဖာဂူဆန်နှင့် မိုယက်စ်တို့၏ နောက်ဆုံး ၁၁ ရာသီအတွင်း ပထမဆုံး ငါးပွဲအမှတ်ရရှိမှု

ဘောလုံးရာသီ	ဖာဂူဆန်	မိုယက်စ်
၂၀၀၂-၀၃	၈ မှတ်	၅ မှတ်
၂၀၀၃-၀၄	၁၂ မှတ်	၅ မှတ်
၂၀၀၄-၀၅	၆ မှတ်	၁၀ မှတ်
၂၀၀၅-၀၆	၁၁ မှတ်	၃ မှတ်
၂၀၀၆-၀၇	၁၂ မှတ်	၁၁ မှတ်
၂၀၀၇-၀၈	၈ မှတ်	၁၀ မှတ်
၂၀၀၈-၀၉	၁၂ မှတ်	၇ မှတ်
၂၀၀၉-၁၀	၁၂ မှတ်	၆ မှတ်
၂၀၁၀-၁၁	၁၁ မှတ်	၂ မှတ်
၂၀၁၁-၁၂	၁၅ မှတ်	၇ မှတ်
၂၀၁၂-၁၃	၁၂ မှတ်	၁၀ မှတ်

ပရီမီယာလိဂ် နယ်မြေသစ်ရောက် ဆိုဒါဒိုနဲ့ စပါးရဲ့လားရာ

လင်းဆက်

ဗလန်စီယာက ဆိုဒါဒိုကို စပါးကခေါ်တယ်။ ပေးရတဲ့ငွေက ပေါင် ၂၆ သန်း။ ဒီနှုန်းက ကစားသမားတစ်ယောက်အတွက် စပါးအသုံးပြုခဲ့တဲ့ငွေအနက် အများဆုံး ပမာဏ။ ကလပ်ရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေး။ အရင်က ကစားသမားတစ်ယောက်ကို ပေါင်သန်း ၂၀ ပြည့်အောင်တောင် ပေးမခေါ်ခဲ့တဲ့ စပါး။ အခုဆိုဒါဒိုကျမှ စံချိန်တင်နှုန်းနဲ့ ခေါ်တယ်ဆိုတော့။ စပါးရဲ့ အာသီသက ထင်းခနဲပေါ်သွားတယ်။

ဘာကြောင့်လဲ။ ဘာအတွက်လဲ။ အမေးရှိလာရင်တော့ အဖြေရှိတော့မယ်။ ဒီအဖြေအတွက် ဆိုဒါဒိုကိုစကြည့်တော့ သူ့အသက်က ၂၈ နှစ်။ အသက်အပိုင်းအခြားအရ အကောင်းဆုံးအချိန်။ ကစားသမားတစ်ယောက်ရဲ့ ခြေစွမ်းခြေစ အမြင့်ဆုံးအဆင့်ရောက်အပိုင်းအခြား။ ခြေစွမ်းအရရော၊ ဗလန်စီယာအတွက် ၂၀၁၀-၁၁ မှာ ၂၅ ဂိုး၊ ၂၀၁၁-၁၂ မှာ ၂၇ ဂိုး၊ ၂၀၁၂-၁၃ မှာ ဂိုး ၃၀။ အာမခံချက်ရှိတဲ့ အခြေအနေရော၊ တိုးတက်မှုပါမြင်သာတဲ့စွမ်းဆောင်မှု။ ဒါက ဆိုဒါဒိုဘက်အခြမ်း။ ဗလန်စီယာက ပေါင် ၂၆ သန်းတောင်းမယ်ဆို တောင်းသင့်တဲ့သဘော။

စပါးဘက်အခြမ်းကို ငဲ့ကြည့်ရင်လည်း မခေါ်လို့ မဖြစ်တဲ့ အခြေအနေ။ ပေါင် ၂၆ သန်းဆိုတာကို တွက်နေလို့ မဖြစ်တဲ့အနေအထား။ ပြောရရင် စပါးအတွက် ဆိုဒါဒိုလို တိုက်စစ်မှူးက သိပ်လိုတယ်။ မနှစ်ကဘောလုံးရာသီမှာဆိုရင် စပါးမှာ တိုက်စစ်မှူး သုံးဦးရှိခဲ့တယ်။ ဒီအထဲမှာ အားကိုးလို့အရဆုံးက ဒီဖိုး။ ဂိုးသွင်းခြေအငြိမ်ဆုံးကလည်း ဒီဖိုး။ ဒါတောင် ဒီလို ဒီဖိုးက တစ်ရာသီလုံးမှ ၁၅ ဂိုးပဲ သွင်းနိုင်တယ်။ကျန်နှစ်ယောက်မှာ ဒမ်ဆေးက ၁၂ ဂိုး၊ အဒီဘာယောက ၈ ဂိုး။ လုံလောက်တဲ့တိုက်စစ်အစုအဖွဲ့မဟုတ်မှန်း မြင်ကိုမြင်သာတယ်။ ထင်ကိုထင်ရှားတယ်။ ပြီးတော့ ဒီဖိုးက အသက် ၃၀။ အဒီဘာယောက ၂၉ နှစ်။ ဒမ်ဆေးက အသက် ၃၀။ ဒီလိုတိုက်စစ်စုဖွဲ့မှုအားမျိုးနဲ့ အဆင့်မြင့်မြင့် ဘယ်လိုမှ မမှန်းနိုင်ဘူး။

မနှစ်ကဆိုရင် ပရီမီယာလိဂ်မှာ ဒမ်ဆေးဂိုးသွင်းနိုင်တဲ့ပွဲက ခုနစ်ပွဲပဲရှိတယ်။ ဒီဖိုးဂိုးသွင်းနိုင်တဲ့ပွဲက ရှစ်ပွဲ။ အဒီဘာယောဂိုးသွင်းတဲ့ပွဲက ငါးပွဲတည်းရယ်။ ထပ်ပြောရရင် ပရီမီယာလိဂ် ၃၈ ပွဲမှာ ဒီတိုက်စစ်မှူး သုံးဦးကြောင့် ဂိုးရတဲ့ပွဲမှာ ၁၇ ပွဲတည်းရှိတယ်။ ဒါဟာ မဖြစ်မနေ အပြောင်းအလဲပြုလုပ်ရတော့မယ်ဆိုတဲ့သဘော။

အထူးသဖြင့် မနှစ်ကဘောလုံးရာသီမှာ ဘေးလ်ခြေစွမ်းပြခဲ့လို့သာ စပါးဒီလိုအဆင့်မျိုးရခဲ့တယ်ဆိုရင် မမှားဘူး။ နော့ဝှစ်ချ်နဲ့ တစ်ဂိုးစီသရေကျတဲ့ပွဲ၊ ဝက်စ်ဘရွန်းကို တစ်ဂိုးတည်းနဲ့ ကပ်နိုင်တဲ့ပွဲ။ နယူးကာဆယ်ကို ၂-၁နဲ့ နိုင်တဲ့ပွဲ။ ဆောက်သမ်တန်ကို တစ်ဂိုးတည်းနဲ့နိုင်တဲ့ပွဲ။ ဆန်းဒါးလန်းကို တစ်ဂိုးတည်းနဲ့နိုင်တဲ့ပွဲတွေမှာ စပါးအတွက် ဂိုးအားလုံးကို ဘေးလ်တစ်ဦးတည်းက သွင်းပေးခဲ့တယ်။ ပြီးတော့ ဆွမ်ဆီးကို ၂-၁ နဲ့ နိုင်တဲ့ပွဲမှာလည်း ကိုယ်တိုင်တစ်ဂိုးသွင်းပြီး တစ်ဂိုးရအောင် ဖန်တီးတယ်။ ဝက်စ်ဟမ်းကို ၃-၂နဲ့ နိုင်တော့လည်း အဖွင့်ဂိုးသွင်းပေးသလို အဖိုးတန်အနိုင်ဂိုးကိုလည်း သွင်းပေးတယ်။ လီဗာပူးကို ၂-၁နဲ့ နိုင်ရာမှာလည်း ကိုယ်တိုင်တစ်ဂိုးသွင်းပြီး တစ်ဂိုးဖန်တီးပေးတယ်။ ပြောချင်တဲ့သဘောက ဘေးလ်ကယ်တင်ပေးခဲ့လို့ ပွဲအတော်များများမှာ စပါးအခြေလှခဲ့တဲ့သဘော။ တကယ်လို့ ဘေးလ်သာမရှိရင် ဒီလိုမျိုး စပါးနိုင်ပ့ါမလား။ ဒါကို ဖြေရှင်းဖို့က မဖြစ်မနေလိုတယ်။ ခပ်ပေ့ါပေ့ါပြဿနာမဟုတ်ဘူး။ အဓိက ကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ဆိုရင် ဘေးလ်ကိုချည်း အားကိုးလို့ မဖြစ်ဘူး။ တိုက်စစ်ကပါ ဂိုးရအောင် ယူနိုင်တဲ့သူ။ တစ်ရာသီကို အနိမ့်ဆုံးဂိုး ၂၀ လောက် သွင်းပေးနိုင်တဲ့ တိုက်စစ်မှူးမျိုးလိုကိုလိုတယ်။

ဒါမှ ပြိုင်ဘက်ခံစစ်ကို ပိုဖိအားပေးနိုင်မယ်။ ပြိုင်ဘက်က ဘေးလ်ကို ထိန်းရုံလောက်နဲ့လည်း ကိုယ့်အသင်းအခက်မတွေ့နိုင်ဘူး။ အထူးသဖြင့် ဘေးလ်က လက်ရှိအချိန်မှာ အသင်းမှာ ဆက်ရှိပ့ါမယ်ဆိုတာ ဘယ်လိုမှ ယတိပြတ်ပြောမရတဲ့ အခြေအနေ။ သူကိုယ်တိုင်ကိုက အသင်းကနေ ထွက်ခွာခွင့်တောင်းနေသူ။ ဒီတော့ ဘေးလ်လို အသင်းကို ဦးဆောင်နိုင်သူမျိုး ကြိုဖြည့်ထားဖို့ လိုကိုလိုတယ်။ ဒါမှ ဘေးလ်ထွက်သွားရင်လည်း အဆင်သင့်ဖြစ်မယ်။ ဘေးလ်ဆက်ရှိနေရင်လည်း အသင်းက ပိုပြီးတင်းပြည့်ကျပ်ပြည့်ဖြစ်မယ်။

ပြောရရင် ဆိုဒါဒိုက စပါးလိုအပ်တဲ့ အရည်အသွေးနဲ့ ကိုက်ညီတယ်။ တစ်ရာသီကို ဂိုး ၂၀ လောက် အာမခံနိုင်သလို အသင်းကို ကောင်းကောင်းအထောက်အပံ့ပြုနိုင်သူ။ ပြီးတော့ ပွဲအဖြေကို အဆုံးအဖြတ်ပေးနိုင်တဲ့သူ။ မနှစ်က လာလီဂါမှာ ဂရန်နာဒါနဲ့ တစ်ဂိုးစီသရေကျနေတုန်း အဖိုးတန်အနိုင်ဂိုးရအောင်ဖန်တီးပေးတယ်။ အက်စ်ပန်ညောနဲ့ တစ်ဂိုးစီသရေကျနေတုန်းမှာလည်း အနိုင်ဂိုးသွင်းပေးတယ်။ အက်စ်ပန်ညောနဲ့ အဝေးကွင်းမှာ ၃-၃ သရေကျတော့ ကိုယ်တိုင်တစ်ဂိုးသွင်းပြီး တစ်ဂိုးရအောင် ဖန်တီးပေးတယ်။ ဂရန်နာဒါကို အဝေးကွင်းမှာ ၁-၀ နိုင်တဲ့ပွဲ၊ ဆီဗီလာကို ၂-၀ နိုင်တဲ့ပွဲ၊ အိုဆာဆူနာကို ၁-၀ နဲ့ နိုင်တဲ့ပွဲတွေမှာလည်း ဂိုးအားလုံးကို ဆိုဒါဒိုက သွင်းပေးတယ်။ ပြောချင်တာက ဆိုဒါဒိုဟာ အသင်းတစ်သင်းကို အကောင်းဆုံးအထောက်အပံ့ပေးနိုင်တဲ့သဘော။ အသင်းကို အကောင်းဆုံး ဦးဆောင်နိုင်သူ။ ဒီတော့ ဆိုဒါဒိုကို ဘာကြောင့် စံချိန်တင်ကြေးနဲ့ ခေါ်သလဲ။ အဖြေက ရှင်းပြီ။

တစ်ခုတော့ရှိတယ်။ စပါးနဲ့ ဆိုဒါဒိုပေါင်းထုပ်မှုဟာ လိုအပ်ချက်နဲ့လည်း ကိုက်ညီတယ်။ လိုအပ်တဲ့အရည်အသွေးနဲ့လည်း ပြည့်စုံတယ်ဆိုတာမှန်တယ်။ ဒါပေမယ့် ပရီမီယာလိဂ်က ဆိုဒါဒိုအတွက် အစိမ်းသက်သက်။ နယ်မြေသစ်။ ဒေသသစ်။ ဝန်းကျင်သစ်။ လာလီဂါကစားဟန်နဲ့ ပရီမီယာလိဂ်ကစားဟန်ကလည်း ကွာတယ်။ ဆိုဒါဒိုဟာ လာလီဂါ တစ်ခုတည်းမှာသာကျင်လည်ခဲ့သူ။ ဒီတော့ ဆိုဒါဒို လျှင်လျှင်မြန်မြန်အထိုင်ကျပ့ါမလား။ စပါးရဲ့ အားဖြည့်မှု တင်းပြည့်ကျပ်ပြည့်ဖြစ်မဖြစ်၊ ဒါကိုတော့စောင့်ကြည့်ရမယ်။

ကျောဖုံးမှ

၂၀၁၃ ခုနှစ် Indian Wells တင်းနစ် ပြိုင်ပွဲမှာ ၂၀၁၂ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံအန်ဒီမာရေးက ကွာတားဖိုင်နယ်အဆင့်မှာ အာဂျင်တီးနားနိုင်ငံသား ပီထရိုကို အရေးနိမ့်ခဲ့တယ်။ ပီထရိုက ဆီမီးဖိုင်နယ်အဆင့်မှာ ဂျိုကိုဗစ်ကိုလည်း အနိုင်ယူနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာတော့ နာဒယ်လ်ကို ၆-၄၊ ၃-၆၊ ၄-၆ နဲ့ ရှုံးနိမ့်ခဲ့ရတယ်။ အခုနှစ် Rogers Cup တင်းနစ်ပြိုင်ပွဲမှာဆိုရင်လည်း နာဒယ်လ်က ၂၀၁၁ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲချန်ပီယံ ဂျိုကိုဗစ်ကို ဆီမီးဖိုင်နယ်အဆင့်မှာ အနိုင်ယူပြနိုင်ခဲ့တယ်။

ဒီတော့ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းမှာ US Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွေမှာ ချန်ပီယံဆုရယူနိုင်ခဲ့ကြတဲ့ တင်းနစ်ကစားသမားတွေဟာ ၂၀၁၃ ခုနှစ် အတွင်းမှာ နာဒယ်လ်ကို မြေမာကွင်းပွဲတွေမှာ သွယ်ဝိုက်ပြီးတော့ရော တိုက်ရိုက်အနေနဲ့ပါ အသာစီးမရခဲ့ဘူး။

ဒါကြောင့် အခုလ ၂၆ ရက်ကနေ စက်တင်ဘာလ ၉ ရက်အထိ မြေမာကွင်းမှာယှဉ်ပြိုင်ရမယ့် ၂၀၁၃ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲမှာ နာဒယ်လ်ကို တားဆီးဖို့ဆိုတာ ပြိုင်ဘက်ကစားသမားတွေအတွက် ကြီးမားတဲ့အခက်အခဲတစ်ခုဖြစ်လာနိုင်တယ်လို့ ကောက်ချက်ချရမှာဖြစ်တယ်။ နာဒယ်လ်ဟာ US Open တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံအဖြစ် ၂၀၁၀ ပြည့်နှစ် ပြိုင်ပွဲတုန်းကသာ အောင်ပွဲခံနိုင်ခဲ့တယ်။ ဒါကြောင့် အခုလို မြေမာကွင်း တင်းနစ်စွမ်းရည် မြင့်မားနေချိန်မှာ နာဒယ်အနေနဲ့ US Open တင်းနစ်ချန်ပီယံဆုကို ရယူဖို့ ပစ်မှတ်ထားနေမှာက အသေအချာပဲ ဖြစ်ပါတယ်။



လာမယ့် US Open တင်းနစ်ပြိုင်ပွဲမှာ နာဒယ်လ်ကို တားဆီးနိုင်မယ့် ပြိုင်ဘက်ရှိလာပ့ါမလား။ စိတ်ဝင်စားဖို့ကောင်းပါတယ်။

ပြီးခဲ့သည့် ဩဂုတ်လ ၉ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ အမေရိကန်ဟဲဗီးဝိတ် လက်ဝှေ့သမား ဒီယွန်တေဝီလ်ဒါနှင့် ဘီလာရုစ်နိုင်ငံသား WBO ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဆာဂျီလီယာ ခိုဗစ်ချ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲ၌ ဝီလ်ဒါသည် လီယာခိုဗစ်ချ်အား ပထမအချီ၌ပင် အလဲထိုးအနိုင်ယူနိုင်ခဲ့သည်။

ဟဲဗီးဝိတ်ချန်ပီယံဟောင်းကို ပထမအချီ ၂ မိနစ်တွင် အလဲထိုးခဲ့သူ ဝီလ်ဒါ

အသက် ၂၇ နှစ်အရွယ်ရှိ ဝီလ်ဒါသည် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်သူ လီယာခိုဗစ်ချ် (၃၇နှစ်)နှင့် ထိုးသတ်ရာတွင် ခက်ခဲစွာရင်ဆိုင်ရလိမ့်မည်ဟု အစောပိုင်းက ယူဆခံခဲ့ရသည်။

သို့သော်လည်း ဝီလ်ဒါသည် ပထမအချီ၏ ၂ မိနစ်မပြည့်မီတွင်ပင် ပြိုင်ဘက် လီယာခိုဗစ်ချ်အား သူ၏ ပြင်းထန်အားပါသည့် ညာလက်သီးချက် နှစ်ချက်ဖြင့် အလဲထိုးအနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဝီလ်ဒါ၏ လက်ဝှေ့သမားဘဝ မှတ်တမ်း

ပြီးခဲ့သည့် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းတွင် လက်ဝှေ့လောကသို့ စတင်ဝင်ရောက်လာခဲ့သူ ဝီလ်ဒါ သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် သူ၏ ပထမဆုံး ပရော်ဖက်ရှင်နယ်ပွဲအဖြစ် တစ်နိုင်ငံတည်းသား အီသန်ကောက်နှင့် ထိုးသတ်ခဲ့ရာတွင် ဒုတိယအချီ၌ပင် အလဲထိုးနိုင်ခဲ့သည်။ ဝီလ်ဒါသည် သူ၏ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား သက်တမ်းအတွင်း လီယာခိုဗစ်ချ်နှင့် ထိုးသတ်ခဲ့သည့် ပွဲအပါအဝင် စုစုပေါင်း ၂၉ ပွဲ ထိုးသတ်ခဲ့ပြီး အဆိုပါပွဲ အားလုံးတွင် အလဲထိုး အနိုင်ရရှိခဲ့သူ ဖြစ်သည်။

လီယာခိုဗစ်ချ်အား ပထမအချီ၌ပင် အလဲထိုးနိုင်ခဲ့ခြင်းသည် ဝီလ်ဒါ၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားတစ်ဦးအနေဖြင့် ပထမအချီအတွင်းမှာပင် အနိုင်ရရှိခဲ့သည့် ၁၇ ပွဲမြောက် ပွဲဖြစ်သည်။ ဝီလ်ဒါသည် အခြား အလဲထိုး အနိုင်ရခဲ့သည့်ပွဲများတွင်လည်း တတိယအချီထက် ပိုမိုယှဉ်ပြိုင်ခဲ့ရခြင်း မရှိခဲ့ပေ။

ဝီလ်ဒါသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ မကူးပြောင်းမီ အပျော်တမ်းလက်ဝှေ့သမားအဖြစ် ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ အမေရိကန်နိုင်ငံကို ကိုယ်စားပြုကာ ဟဲဗီးဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဝီလ်ဒါသည် ပေကျင်းအိုလံပစ် ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်၌ အီတလီနိုင်ငံသား ကလီမန်တီကို အရေးနိမ့်ကာ ကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

လီယာခိုဗစ်ချ်ကို အနိုင်ယူနိုင်ခဲ့ပြီးနောက် ဝီလ်ဒါက "ကျွန်တော်ထိုးသတ်ခဲ့တဲ့ လက်ဝှေ့ပွဲတိုင်းမှာ အလဲထိုး အနိုင်ယူနိုင်ခဲ့တာတွေကြောင့် ကျွန်တော့်ကို ပရိသတ်တွေ ပိုမိုအာရုံစိုက်မိလာကြတယ်လို့ ထင်ပါတယ်။ ဒီလိုအခြေအနေကိုလည်း ကျွန်တော် သဘောကျတယ်။ အခုဆိုရင် ပရိသတ်တွေက ကျွန်တော်ဟာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုတွေကို အမေရိကန်နိုင်ငံဆီ ပြန်လည်ယူဆောင်လာနိုင်မယ့်သူလို့ ထင်မြင်ယူဆနေကြပြီလို့ ထင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ကလည်း အဲဒီလို လက်ဝှေ့သမားမျိုး ဖြစ်ချင်ပါတယ်"ဟု ပြောသွားသည်။

၂၀၀၆ ခုနှစ် ဧပြီလအတွင်းတွင် WBO ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ရယူနိုင်ခဲ့သူ လီယာခိုဗစ်ချ်သည် သူ၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ သက်တမ်းအတွင်း စုစုပေါင်း ၃၁ ပွဲ ထိုးသတ်ခဲ့ရာတွင် ၂၅ ပွဲ အနိုင်ရခဲ့ပြီး ၁၆ ပွဲတွင် အလဲထိုးအနိုင်ရရှိခဲ့ခြင်းဖြစ်ကာ ၆ ပွဲ ရှုံးနိမ့်ခဲ့သည်။ လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသား ဝလာဒီမာကလစ်ရှ်ကိုက WBO၊ WBA နှင့် IBF ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံခါးပတ်များ ရရှိထားသည်။

ထက်အောင်

US OPEN အောင်ပွဲခံဖို့ နာဒယ်လ်အဆင်သင့်ရှိနေပြီလား

ကနေဒါနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၀၅ ခုနှစ် Rogers Cup တင်းနစ်ပြိုင်ပွဲမှာ အသက် ၁၉ နှစ်အရွယ် စပိန်တင်းနစ်သမားလေး ရာဖေးလ်နာဒယ်လ်ဟာနာမည်ကြီး အမေရိကန်တင်းနစ်သမား အင်ဒရီအက်ဂါစီကို ၆-၃၊ ၄-၆၊ ၆-၂ နဲ့ အနိုင်ရပြီး သူ့ရဲ့တင်းနစ်သမားဘဝ ပထမဆုံး မြေမာကွင်း ချန်ပီယံဖလားကို ရယူနိုင်ခဲ့တယ်။ နာဒယ်လ်ဟာ ၂၀၀၅ ခုနှစ် အတွင်းမှာပဲ ရွှံ့စေးကွင်းမှာ ယှဉ်ပြိုင်ရတဲ့ ဂရင်ဆလမ်ပြိုင်ပွဲ တစ်ခုဖြစ်တဲ့ French Open တင်းနစ် ပြိုင်ပွဲမှာလည်း သူ့ရဲ့ ပထမဆုံးဂရင်ဆလမ်တင်းနစ်ချန်ပီယံဆုကို ရယူနိုင်ခဲ့တယ်။

တင်းနစ်သမား နာဒယ်လ်ဟာ ရွှံ့စေးကွင်းမှာ ယှဉ်ပြိုင်ရတဲ့ French Open တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆု ၈ ကြိမ် ရယူနိုင်ခဲ့သူမို့ ရွှံ့စေးကွင်းဘုရင်လို့ တင်းနစ်လောကက သတ်မှတ်ထားတယ်။

ဒါပေမယ့် တင်းနစ်ကစားသမားဘဝ သက်တမ်းရင့်ကျက်လာတာနဲ့ အမျှ နာဒယ်လ်ရဲ့ တင်းနစ်စွမ်းရည်ဟာ သူအကျွမ်းကျင်ဆုံးဖြစ်တဲ့ ရွှံ့စေးကွင်းမှာသာမက မြေမာကွင်းမှာပါ တိုးတက် ကောင်းမွန်လာနေပြီဖြစ်တယ်ဆိုတာကို ၂၀၁၃ ခုနှစ်အတွင်းမှာ အကောင်းဆုံး သက်သေပြနိုင်ခဲ့တယ်။

အဲဒီ သက်သေပြမှုတွေအနက်က တစ်ခုအဖြစ် နာဒယ်လ်ဟာ ကနေဒါ နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၃ ခုနှစ် Rogers Cup တင်းနစ်ချန်ပီယံဆုကို သိမ်းပိုက်ပြခဲ့တယ်။ အခုနှစ် Rogers Cup တင်းနစ်ချန်ပီယံဆုဟာ နာဒယ်လ်အတွက် အဲဒီပြိုင်ပွဲမှာ သုံးကြိမ်မြောက်ရရှိခဲ့တဲ့ ချန်ပီယံဆုဖြစ်သလို ၂၀၁၃ ခုနှစ်အတွင်း ရယူနိုင်ခဲ့တဲ့ ရှစ်ခုမြောက် ချန်ပီယံဆုဖလားလည်းဖြစ်တယ်။ ဒါ့အပြင် သူ့ရဲ့ တင်းနစ် သက်တမ်းအတွင်း ရရှိခဲ့တဲ့ ၅၈ ခုမြောက် ချန်ပီယံဆုအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့တယ်။

မြေမာကွင်းများ၌ အောင်ပွဲခံ

နာဒယ်လ်ဟာ ၂၀၁၃ခုနှစ်အတွင်း သူပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ တင်းနစ်ပြိုင်ပွဲ တွေအနက်က မြေမာကွင်းမှာ ယှဉ်ပြိုင်ခဲ့ရတဲ့ Indian Wells တင်းနစ်ပြိုင်ပွဲ၊ Rogers Cup တင်းနစ်ပြိုင်ပွဲ နှစ်ခုစလုံးမှာ အောင်ပွဲခံနိုင်ခဲ့တာကလည်း သူ့အတွက် ဂုဏ်ယူစရာ အောင်မြင်မှုလို့ ဆိုရမယ်။ ဒါ့အပြင် နာဒယ်လ်က Indian Wells တင်းနစ်ပြိုင်ပွဲမှာ ရော်ဂျာဖက်ဒါရာနဲ့ ဂျူအန်မာတင်ဒဲလ်ပိုထရို၊ Rogers Cup တင်းနစ် ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့် ၁ တင်းနစ်သမား နိုဗက်ဂျိုကိုဗစ်နဲ့ Rogers Cup တင်းနစ်ပြိုင်ပွဲ အိမ်ရှင်နိုင်ငံသား မီလိုစ်ရာအိုနစ်တို့ကို အနိုင်ယူပြီး ချန်ပီယံဆုတွေ သိမ်းပိုက်နိုင်ခဲ့တာဆိုတော့ မြေမာကွင်းပြိုင်ပွဲတွေမှာလည်း အသက် ၂၇ နှစ်အရွယ် နာဒယ်လ် အောင်မြင်လာတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဆောင်နေတယ်လို့ပြောရမှာ ဖြစ်တယ်။

ထက်အောင်

စာမျက်နှာ ၃ သို့